ကြေးမုံ
The Mirror Daily
Established in 1957

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်၊ တနင်္ဂနွေနေ့။ Sunday 6 October 2019 ၉၇၉၄

**ကုသိုလ်ကောင်းမှုလျှင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှုန်းနှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒ ပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အင်းလေးဖောင်တော်ဦးဗုဒ္ဓရုပ်ပွားတော်မြတ် လေးဆူအား ဖူးမြော်ကြည်ညိုပြီး အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်

**နေပြည်တော် အောက်တိုဘာ ၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့၌ ကျင်းပသည့် အင်းလေးဖောင်တော်ဦးဗုဒ္ဓရုပ်ပွားတော်မြတ်လေးဆူ ဒေသစာရီကြွချီအပူဇော်ခံပွဲသို့ တက်ရောက်ဖူးမြော်ကြည်ညိုပြီး အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

**တက်ရောက်**

ဆုပေးပွဲအခမ်းအနားများသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ သူရဦးအောင်ကို၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ဒေါက်တာမြင့်ထွေး၊ ဦးစိုးဝင်း၊ ဦးအုန်းမောင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ ဦးလှမော်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ နံနက် ၈ နာရီတွင် ညောင်ရွှေမြို့ရှိ အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲ ဆုပေးမဏ္ဍပ်သို့ရောက်ရှိပြီး ဘုရားကြိုယဉ်ကျေးမှုလှေယာဉ်မှ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များ ညောင်ရွှေမြို့ အဋ္ဌဒိသာ ဓမ္မဝိဟာရ ဒေသစာရီကျောင်းတော်ကြီး၌ ယာယီသီတင်းသုံးစံမြန်းတော်မူလျက်ရှိသည့် အင်းလေးဖောင်တော်ဦး ဗုဒ္ဓရုပ်ပွားတော်မြတ်လေးဆူအား ဖူးမြော်ကြည်ညိုကြစဉ်။

ကြေးမုံသတင်းစာတွင် မြန်မာယူနီကုဒ်စံစနစ်ကို အောက်တိုဘာ ၁ ရက်မှ စတင်အသုံးပြု ထုတ်ဝေပါသည်။

စေတနာဆေး မေတ္တာဆေး သစ္စာဆေး - ဆေးစွမ်းထက်တာ ထွန်းရွှေဝါ . . .

ထွန်းရွှေဝါ ဒဏ်ကြေလိမ်းဆေးက ဆေးစွမ်းထက်ပါသည်။

ကြေးမုံ

## ပေါင်းကူးချိတ်ဆက်၍ အန္တရာယ်ကြံ့ကြံ့ခံ

ရာသီဥတုပြောင်းလဲခြင်း၊ ဆိုးရွားသည့် ရာသီဥတုဖြစ်စဉ်များနှင့် နောက်ဆက်တွဲဂယက်များသည် ပြည်သူများအတွက် အသစ်အသစ်ဖြစ်လာသည့် ဖြစ်ရိုးဖြစ်စဉ် ကြုံတွေ့နေရမှုများဖြစ်သည်။ ပြီးခဲ့သည့်မိုးရာသီကာလတွင် မိုးသည်းထန်ရေကြီးခြင်းနှင့် မိုးခေါင်ရေရှားခြင်းဖြစ်စဉ်နှစ်မျိုးကို နိုင်ငံအတွင်း ကြုံတွေ့ခံစားလာကြရသည်။ ယင်းဖြစ်စဉ်သည် အသစ် မဟုတ်သော ဖြစ်ရိုးဖြစ်စဉ်အဖြစ် နှစ်စဉ်ကြုံတွေ့လာဦးမည်ဖြစ်ရာ ယင်းကို ရင်ဆိုင်ကျော်လွှားနိုင်ရေး ပေါင်းကူးချိတ်ဆက် ဆောင်ရွက်ကြရမည် ဖြစ်သည်။

သဘာဝဘေးဒဏ်ခံစားရမှုသည် နိုင်ငံတစ်နိုင်ငံ၏ ပြဿနာမဟုတ်ဘဲ ကမ္ဘာ့နိုင်ငံအားလုံး ကြုံတွေ့နေရသောပြဿနာဖြစ်သည်။ အာဆီယံဒေသတွင် ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ သဘာဝဘေးအန္တရာယ်ပေါင်း ၁၄၀၀ ကျော် ကြုံတွေ့ခံစားခဲ့ရသည်။ ထိုကြုံတွေ့ရမှုများတွင် ရေကြီးခြင်း ၆၀ ရာခိုင်နှုန်းကျော်၊ လေပြင်းတိုက်ခြင်း ၁၈ ရာခိုင်နှုန်း၊ မုန်တိုင်းဒဏ် ၁၃ ရာခိုင်နှုန်းနှင့် မြေပြိုဘေး ၁၂ ရာခိုင်နှုန်းခန့်ရှိရာတွင် မြန်မာနိုင်ငံမှ မြေပြိုဘေးမှာ ဆိုးဆိုးရွားရွား ထိခိုက်ခံစားခဲ့ရသည်။

မကြာသေးမီကာလက မြန်မာနိုင်ငံအပါအဝင် လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ရေဘေး၊ မြေပြိုဘေး၊ လေဆင်နှာမောင်းဘေး၊ မြေငလျင်နှင့်ဆူနာမီ စသည့်သဘာဝဘေးများနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများဖြစ်ခဲ့ရာ အာဆီယံသည် သဘာဝဘေးအန္တရာယ် ဗဟိုချက်ကဲ့သို့ ဖြစ်လာသည်။ မြန်မာနိုင်ငံတွင်လည်း နှစ်စဉ်လိုလို ရေကြီးရေလျှံမှုနှင့်မြေပြိုမှုများ ကြုံတွေ့နေရသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို ကြိုတင်ခန့်မှန်းရန်မဖြစ်နိုင်သလို ရှောင်လွှဲ၍လည်းရနိုင်မည်မဟုတ်ချေ။ ထို့ကြောင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနှင့် ဘေးအန္တရာယ် ကြံ့ကြံ့ခံနိုင်ရေးလုပ်ငန်းစဉ်များကို မဆုတ်မနစ်သည့်ဇွဲလုံ့လဖြင့် ဝိုင်းဝန်းကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်ရာ လူသားအရင်းအမြစ်၊ နည်းပညာအထောက်အပံ့နှင့် ရန်ပုံငွေများ လိုအပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူဦးဆောင်သည့် အစိုးရအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများပါဝင်သော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းထားပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာကိစ္စများကို ဆိုင်ရာဆိုင်ရာတို့ ပေါင်းကူးချိတ်ဆက်လျက် စဉ်ဆက်မပြတ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိသည်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ စီမံခန့်ခွဲမှုရန်ပုံငွေတစ်ရပ်ကိုထူထောင်ထားရှိပြီး အဆိုပါရန်ပုံငွေသို့ နှစ်စဉ်နှစ်တိုင်း မြန်မာကျပ်ငွေ ၂၀ ဘီလီယံ ဖြည့်စွက်ပေးလျက်ရှိသည်။

သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို အာဆီယံနိုင်ငံများသာမက ကမ္ဘာ့နိုင်ငံများ ရင်ဆိုင်ကြုံတွေ့ခံစားလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ်ကြုံတွေ့နေရပြီး မထူးဆန်းသောကိစ္စများဟုဆိုနိုင်သော်လည်း သဘာဝဘေးကို ကြီးသည်ငယ်သည်ဟူ၍ ပေ့ါပေ့ါမတွေးဘဲ ရန်ပုံငွေထူထောင်၍ ကယ်ဆယ်ရေး၊ စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား စနစ်တကျ အကောင်အထည်ဖော်လျက်ရှိသည်။ ဘေးအန္တရာယ် ကြံ့ကြံ့ခံရေးကို အစဉ်မြော်တွေးလျက် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေကို ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ အရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ထိရောက်စွာအသုံးပြုလျက်ရှိသည်။

သို့ဖြစ်ရာ ယခင်ကြုံတွေ့ခဲ့ရသည့် သဘာဝဘေးအန္တရာယ် အဖြစ်အပျက်များမှ ရရှိလာသောအတွေ့အကြုံများကို သင်ခန်းစာများယူ၍ ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနှင့် အရေးပေါ်တုံ့ပြန်ရေးအတွက် အရေးပေါ်ရန်ပုံငွေ ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ဆောင်ရွက်နေသလို မဖြစ်ခင်ကြိုတင်စီမံဆောင်ရွက်နိုင်ရေးနှင့် ဖြစ်ပြီးပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ပေါင်းကူးချိတ်ဆက် တက်ညီလက်ညီဆောင်ရွက်ခြင်းဖြင့် သဘာဝဘေးအန္တရာယ်များကို ကြံ့ကြံ့ခံနိုင်မည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၅**

ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Mr. Moon Hee-sang ၏ ဖိတ်ကြားချက်အရ ကိုရီးယားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေး ခရီးသွားရောက်သည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ခေါင်းဆောင်သော မြန်မာလွှတ်တော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ည ၁၀ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် လွှတ်တော်ရုံး တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **သတင်းစဉ်**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် လွှတ်တော်ရုံး တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုကြစဉ်။



## Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ



### (၂) မိမိကိုယ်မိမိ ထိခိုက်စေမှုကို ရှောင်ပါ

ကျွန်ုပ်တို့ Facebook မှ မိမိကိုယ်ကို ထိခိုက်နာကျင်အောင် ပြုလုပ်ခြင်းနှင့် သက်ဆိုင်သော အကြောင်းအရာများကို သေသေချာချာကိုင်တွယ်ပါသည်။ မိမိကိုယ်ကို နာကျင်စေမှု၊ အစားအသောက်မမှန်သော ရောဂါ သို့မဟုတ် မူးယစ်ဆေးဝါး သုံးစွဲမှု စသည်တို့ကို အားပေးအားမြှောက်ပြုသော အကြောင်းအရာများ သို့မဟုတ် ကြော်ငြာများကို ဖယ်ရှားသွားမည်ဖြစ်ပါသည်။

### (၃) အနိုင်မကျင့်ရ၊ မနှောင့်ယှက်ရ

Facebook သည် အနိုင်ကျင့်ခြင်း သို့မဟုတ် အရှက်ခွဲခြင်းကို လုံးဝသည်းမခံပါ။ အသုံးပြုသူများအား အများနှင့်ဆိုင်သော အကြောင်းအရာ ကိစ္စရပ်များကို လွတ်လပ်စွာပြောဆိုခွင့်ပေးထားပါသည်။ သို့သော် ပုဂ္ဂိုလ်တစ်ဦးအပေါ်၌ နိုင်ထက်စီးနင်း နှောင့်ယှက်ခြင်းများအပေါ် တိုင်ကြားချက်များအား အရေးယူပါသည်။




ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်တွင် စတင်ထုတ်ဝေခဲ့သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များ အမျိုးသားတစ်ဦးချင်း အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ အပြိုင်အဆိုင်လှော်ခတ်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြစဉ်။

**✻ ရှေ့ဖုံးမှ**

လှေလှော်သံ ကဗျာများ တီးမှုတ်သီဆို၍ ဖောင်တော်ဦး မြတ်စွာဘုရားကို ပူဇော်ခြင်း၊ အင်းသူ အင်းသားတို့၏ ရိုးရာဆွမ်းပို့လှေ သရုပ်ဖော်လှော်ခတ်ပြသခြင်းနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကပဒေသာများဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် ဖောင်တော်ဆိုက် ပြာသာဒ်ဆောင်သို့ရောက်ရှိပြီး အင်းလေးရိုးရာ ခလှေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ ကရဝိက်ဖောင်တော်ဖြင့် ညောင်ရွှေမြို့ ယာယီစံကျောင်းသို့ ဒေသစာရီကြွချီအပူဇော်ခံတော်မူသည့် အင်းလေးဖောင်တော်ဦး ဗုဒ္ဓရုပ်ပွားတော်မြတ်လေးဆူအား ဖူးမြော်ကြည်ညိုကာ ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ ဆုပေးမဏ္ဍပ်သို့ ပြန်လည်ရောက်ရှိပြီး အင်းသားရိုးရာလှေလှော်ပြိုင်ပွဲများဖြစ်သည့် အမျိုးသမီး ၂၆ တက် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား တစ်ဦးချင်း အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲ၊ အမျိုးသား ၄၆ တက် အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲ၊ အမျိုးသားရာကျော် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲများတွင် သူနိုင်ကိုယ်နိုင် အပြိုင်အဆိုင် လှော်ခတ်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားရာကျော် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကေလာစိတ္တကျေးရွာအသင်းနှင့် ဒုတိယဆုရရှိသည့် မြောင်းဝကြီးကျေးရွာအသင်းတို့ကို ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

**ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အမျိုးသားရာကျော် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိကြသည့် မင်းချောင်းရှေ့ကျေးရွာအသင်းနှင့် ရွှေပြည်သာထက် အသင်းတို့ကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက အမျိုးသား ၄၆ တက် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကေလာနောက်တောင်ကျေးရွာအသင်းနှင့် ဒုတိယဆုရရှိသည့် အိုင်ထောင့်ကြီးကျေးရွာအသင်းတို့ကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က အမျိုးသား ၄၆ တက် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိကြသည့် စည်သာကျေးရွာအသင်းနှင့် ဝမ်းဘဲအင်းကျေးရွာအသင်းတို့ကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အမျိုးသမီး ၂၆ တက် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အိုင်ထောင့်ကြီးကျေးရွာအသင်းနှင့် ဒုတိယဆုရရှိသည့် မိုင်းသောက် (အင်း) ကျေးရွာအသင်းတို့ကို လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက တစ်ဦးချင်းလှေလှော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကိုနေဇာနှင့် ဒုတိယဆုရရှိသည့် ကိုမင်းဇော်ဦးတို့ကိုလည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက တစ်ဦးချင်း လှေလှော်ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိကြသည့် ကိုနီလင်းနှင့် ကိုချစ်တီးတို့ကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**ဆွမ်းပို့လှေဆု**

ထို့အတူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ယဉ်ကျေးမှုဆုနှင့် လှေယဉ်ဆုရရှိကြသူများကိုလည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်တို့က ဆွမ်းပို့လှေဆု ရရှိကြသူများကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ရှေးယခင်က အင်းသားရိုးရာလှေပြိုင်ပွဲကို လူပေါင်း ၄၆ ယောက်လှော်ခတ်ရသည့် လေးကျိပ်ခြောက်ပြိုင်လှေများနှင့်သာ ယှဉ်ပြိုင်ရကြောင်း၊ လူရာကျော်လှော်ခတ်သည့် လှေကြီးများကို ကရဝိက်ဖောင်တော် ဆွဲယူလှော်ခတ်သည့်နေရာတွင်သာ အသုံးပြုခဲ့ကြကြောင်း၊ နောက်ပိုင်းတွင် အင်းလေးကျေးရွာများ၌ လေးကျိပ်ခြောက် ပြိုင်လှေများ အစား ရာကျော်လှေများကိုသာ တည်ဆောက်လာသည့်အတွက် လေးကျိပ်ခြောက်လှေများ ရှားပါးလာပြီး ရာကျော်လှေများ များလာရာမှ လှေပြိုင်ပွဲများတွင် အမျိုးသား ရာကျော်လှေများကိုပါ ပြိုင်ပွဲတွင် ထည့်သွင်းကျင်းပလာခဲ့ကြောင်း။

**ပန်းစကို ရယူနိုင်မှ**

အမျိုးသားရာကျော်နှင့် လေးကျိပ်ခြောက် လှေပြိုင်ပွဲများ ကျင်းပလာသည်နှင့်အမျှ အမျိုးသမီးများ၊ ကျောင်းသားလူငယ်များပါ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသည့်အတွက် ၂၆ ဦးဆံ့သည့် နှစ်ကျိပ်ခြောက် အမျိုးသမီး လှေပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပလာခဲ့ကြောင်း၊ အင်းသားရိုးရာလှေပြိုင်ပွဲ၏ ထူးခြားမှုသည် ပန်းတိုင်ကို ဦးစွာဝင်လာသူကို အနိုင်ရသူဟု မသတ်မှတ်ဘဲ ပန်းဝင်လာသူသည် ပန်းတိုင်စင်တွင်တွေ့ရသည့် ပန်းစကို ရယူနိုင်မှသာလျှင် ပန်းရပြီး အနိုင်ရသည်ဟု သတ်မှတ်ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ ဒေသစာရီကြွချီအပူဇော်ခံတော်မူသည့် အင်းလေးဖောင်တော်ဦး ဗုဒ္ဓရုပ်ပွားတော်မြတ် လေးဆူ ယာယီသီတင်းသုံး စံမြန်းတော်မူမည့် ညောင်ရွှေမြို့ရှိ အဋ္ဌဒိသာ ဓမ္မဝိဟာရ ဒေသစာရီကျောင်းတော်ကြီးသို့ သွားရောက်ပြီး ယာယီသီတင်းသုံး စံမြန်းတော်မူလျက်ရှိသည့် အင်းလေးဖောင်တော်ဦး ဗုဒ္ဓရုပ်ပွားတော်မြတ် လေးဆူအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးနှင့် ဆွမ်း ဆက်ကပ်လှူဒါန်းပြီး ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် မြို့နယ်သံဃနာယကအဖွဲ့(ရွှေကျင်)ဥက္ကဋ္ဌ ကန်ကြီးပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဦးပညာဝံသ အမှူးပြုတော်မူသော ဆရာတော်များကို ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများအား ဆက်ကပ်လှူဒါန်း၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားရာကျော် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကေလာစိတ္တကျေးရွာအသင်းအား ဒိုင်းဆုနှင့် ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

**အပူဇော်ခံသွားမည်**

အင်းလေးဖောင်တော်ဦး ဗုဒ္ဓရုပ်ပွားတော်မြတ် လေးဆူသည် ယာယီသီတင်းသုံး စံမြန်းတော်မူမည့် ညောင်ရွှေမြို့ရှိ အဋ္ဌဒိသာ ဓမ္မဝိဟာရ ဒေသစာရီကျောင်းတော်ကြီး၌ အောက်တိုဘာ ၈ ရက်အထိ အပူဇော်ခံသွားမည်ဖြစ်သည်။

ရှမ်းပြည်နယ်၏ အထင်ကရ ပွဲတော်များအနက် တစ်ခုအပါအဝင်ဖြစ်သော ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦး ဗုဒ္ဓရုပ်ပွားတော်မြတ်များ ဒေသစာရီလှည့်လည်ကြွချီအပူဇော်ခံပွဲကို စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၁၈ ရက်အထိ ၁၈ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပြီး အင်းလေးဖောင်တော်ဦး ဗုဒ္ဓရုပ်ပွားတော်မြတ်များ ဒေသစာရီကြွချီအပူဇော်ခံပွဲတွင် မူလစံကျောင်းတော်မှ ကျေးပေါ်ခုံ၊ အင်းတိန်၊ ဟဲယာရွာမ၊ ငါးဖယ်ချောင်း၊ ကြေးစားကုန်း၊ ပွဲစားကုန်း၊ လင်းကင်း၊ ညောင်ရွှေမြို့၊ နန်းသဲ၊ မိုင်းသောက်၊ သလဲဦး၊ ကေလာ၊ ဇရပ်ကြီး၊ အလိုတော်ပေါက်၊ နန်းပန်၊ မကျည်းဆိပ်၊ ကျိုင်းခမ်း၊ မိုင်းပျိုး၊ နောင်တော၊ အင်းပေါ်ခုံ၊ ရေသာ အစရှိသည့် အင်းလေးဒေသ ၂၁ ဌာနသို့ ဒေသစာရီ ကြွချီအပူဇော်ခံသွားမည်ဖြစ်သည်။

အင်းလေးဖောင်တော်ဦး ဗုဒ္ဓရုပ်ပွားတော်မြတ်များ ဒေသစာရီကြွချီပူဇော်ပွဲသည် အင်းလေးဒေသ၏ အထိမ်းအမှတ် သင်္ကေတလက္ခဏာတစ်ရပ်ဖြစ်ပြီး အင်းလေးဒေသ၏ အထွတ်အမြတ်ပွဲတော်တစ်ခုလည်းဖြစ်ကာ ပွဲတော်ကျင်းပနေသည့် ကာလအတွင်း ညောင်ရွှေမြို့နှင့် အင်းလေးဒေသ တစ်ဝိုက်တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၊ နိုင်ငံခြားသားဧည့်သည်များဖြင့် အထူးစည်ကားလျက်ရှိသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ အထူးလေယာဉ်ဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ဟဲဟိုးမြို့မှ ပြန်လည်ထွက်ခွာရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။ **သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အင်းလေးဖောင်တော်ဦး ဖုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညိုမှုနှင့် အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲ မြင်ကွင်းများ

ဓာတ်ပုံ - သက်အောင်၊ သတင်းစဉ်



အင်းလေးဖောင်တော်ဦး ဖုဒ္ဓရုပ်ပွားတော်မြတ်များ ကရဝိက်ဖောင်တော်ဖြင့် ညောင်ရွှေမြို့ ယာယီစံကျောင်းသို့ ဒေသစာရီကြွချီ အပူဇော်ခံတော်မူစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အင်းလေးဖောင်တော်ဦး ဖုဒ္ဓရုပ်ပွားတော်မြတ်များအား ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားရာကျော် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် မြောင်းဝကြီးကျေးရွာအသင်းအား ဒိုင်းဆုနှင့် ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ ကျင်းပစဉ်။



အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ ကျင်းပစဉ်။



တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကပဒေသာများဖြင့် ကပြဖျော်ဖြေစဉ်။

# ၂၀၁၉ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၅**

၂၀၁၉ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၂၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို နေပြည်တော် အမှတ်(၂၂) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများက "ဆရာရဲ့ကရုဏာ"သီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဖွင့်အမှာစကားပြောကြားရာတွင် အောက်တိုဘာ (၅)ရက်နေ့သည် ကမ္ဘာတစ်ဝန်းလုံးရှိ ဆရာများကို ဂုဏ်ပြုသည့် ကမ္ဘာ့ဆရာများနေ့ဖြစ်ပါကြောင်း၊ ယခုနှစ်ဆောင်ပုဒ်သည် "လူငယ်ဆရာများခန့်ထားလို့ အနာဂတ်စွမ်းဆောင်ရည် မြှင့်တင်စို့"ဟူ၍ဖြစ်ပါကြောင်း၊ နောင်အနာဂတ်တွင် တာဝန်ယူ တာဝန်ခံ၍ ပူးပေါင်းဆောင်ရွက်တတ်ပြီး နိုင်ငံတကာနှင့်ယှဉ်ပြိုင်နိုင်စွမ်းရှိသော လူငယ်ဆရာ ဆရာမအင်အားစုများအဖြစ် ပြုစုပျိုးထောင်မွေးထုတ်ပေးရန် ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း။





ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ၂၀၁၉ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

### တာဝန်များပြားလာ

ပြောင်းလဲလာသော ခေတ်နှင့်အညီ စိန်ခေါ်မှုအမျိုးမျိုးဖြင့် ကြုံတွေ့နေရသော မျက်မှောက်ကာလတွင် ကျောင်းသားများ၏ဘဝကို ထိန်းကျောင်းပေးရသည့် ဆရာများသည် ပို၍တာဝန်များပြားလာပါကြောင်း၊ တန်ဖိုးရှိသော ဆရာများသည် ကျောင်းသားများ၏ အနာဂတ်စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရေးအတွက် သင်ကြားသင်ယူမှုလုပ်ငန်းများအား ခွဲခြားမှုမရှိဘဲ ဆောင်ရွက်ပေးနေကြသည်မှာ လွန်စွာဂုဏ်ယူဝမ်းမြောက်ရပါကြောင်း၊ ၂၀၁၉ ခုနှစ် ကမ္ဘာ့ဆရာများနေ့အား ကမ္ဘာတစ်ဝန်း ကျင်းပကြရာတွင် အထိမ်းအမှတ်ပွဲများသာမက ပညာရေးကဏ္ဍအားကိုးအားထားပြုရမည်ဖြစ်ပါကြောင်း၊ တိုးတက်ပြောင်းလဲလိုပြီး စိတ်အားထက်သန်သည့် လူငယ်လူရွယ်များ၏ အင်အားစုကို ဆရာ ဆရာမများအဖြစ် ပြောင်းလဲနိုင်မည်ဆိုပါက ပညာရေးကဏ္ဍအတွက် ခွန်အားများ တိုးပွားလာမည်ဖြစ်ပါကြောင်း။

ကမ္ဘာ့ဆရာများနေ့၏ ရည်ရွယ်ချက်အတိုင်း နေရာဒေသအသီးသီးတွင် ပညာရေးတိုးတက်မြင့်မားရေးဆောင်ရွက်နေသည့် ဆရာများ၏ စွမ်းဆောင်ရည်အား နိုင်ငံတော်က အသိအမှတ်ပြု၍ ယခုလို အခမ်းအနားများဖြင့် ဂုဏ်ပြုကျင်းပခြင်းဖြစ်ပါကြောင်း၊ ယနေ့ချိန်ခါတွင် နိုင်ငံတော်၏ အရည်အသွေးရှိသော ပညာရေးအတွက် နှစ်ပေါင်းများစွာ အခက်အခဲများ၊ လိုအပ်ချက်များရှိနေပါကြောင်း၊ ယင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် လူငယ်လူရွယ် ဆရာများအား ခန့်ထားတာဝန်ပေးအပ်ပြီး ၎င်းတို့၏ ခွန်အားစွမ်းဆောင်ရည်များဖြင့် နိုင်ငံတော်၏ ပညာရေးကို မြှင့်တင်ပေးရမည့်အချိန်လည်းဖြစ်ပါကြောင်း၊ "လူငယ်ဆရာများ ခန့်ထားလို့ အနာဂတ်စွမ်းဆောင်ရည်မြှင့်တင်စို့" ဆောင်ပုဒ်နှင့်အညီ လူငယ်ဆရာများနှင့် ပညာရေးအား မြှင့်တင်ပေးကြပါစို့ဟု တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

### သဝဏ်လွှာဖတ်ကြား

ဆက်လက်၍ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ (၅)ဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို မြန်မာနိုင်ငံ ယူနက်စကိုအမျိုးသားကော်မရှင်အတွင်းရေးမှူးချုပ် ဒေါက်တာကြည်ရွှင်က ဖတ်ကြားသည်။

ယင်းနောက် ၂၀၁၉ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ဗီဒီယိုဖိုင်ကို ပြသပြီး ဆရာများအဖွဲ့ချုပ်အသီးသီး၏ ကိုယ်စားလှယ်များက သဝဏ်လွှာများကို ဖတ်ကြားသည်။

ထို့နောက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပျဉ်းမနားမှ ကျောင်းသား ကျောင်းသူလေးများက အသီးတရာ အညွှာတစ်ခု သီချင်းဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်သည်။

ထို့နောက် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများ၏ ဆောင်ရွက်မှုမှတ်တမ်းအကျဉ်းချုပ်ကို ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းက တင်ပြသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်တို့က ၂၀၁၉ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများ၊ နိုင်ငံတကာပြိုင်ပွဲများတွင် ဆုရရှိသော ဆရာများနှင့် အခြေခံပညာကျောင်းများတွင် ၂၀၁၉ ခုနှစ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမြှင့်တင်မှုမှတ်တမ်းဆုရ ဆရာများအား ဂုဏ်ပြုဆုချီးမြှင့်ကြသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များက ကျောင်းတက်ရက်မပျက်သော ဆရာများနှင့် ၂၀၁၉ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာ၊ ပိုစတာဆုရ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ယင်းနောက် နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ပန်းပျိုးလက်"သီချင်းဖြင့် ဂုဏ်ပြုတင်ဆက်ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ၂၀၁၉ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသော ပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ကျင်းပသည့် ၂၀၁၉ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားတွင် ဂုဏ်ထူးဆောင်ဆရာကြီး ဆရာမကြီး (၁၂)ဦး၊ နိုင်ငံတကာပြိုင်ပွဲများတွင် ဆုရရှိသော ဆရာ (၃) ဦး၊ အခြေခံပညာကျောင်းများတွင် ၂၀၁၉ ခုနှစ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမြှင့်တင်မှုမှတ်တမ်းဆုရ ဆရာ(၁)ဦး၊ ကျောင်းတက်ရက်မပျက်ဆုရ ဆရာမ(၅)ဦး၊ ၂၀၁၉ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာ၊ ပိုစတာပြိုင်ပွဲများတွင် ဆုရဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ (၃၂)ဦးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီးအဆင့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ပဲခူး အောက်တိုဘာ ၅**

ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမတွင် ယနေ့ နံနက် ၈ နာရီခွဲက ပဲခူးတိုင်းဒေသကြီးအဆင့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ပဲခူးမြို့ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများက ဆရာသီချင်းဖြင့် ဂုဏ်ပြုသီဆိုပြီး လူမှုရေးဝန်ကြီး ဒေါ်ညွှန့်ညွှန့်ဌေးက အမှာစကားပြောကြားကာ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ (၅)ဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သည့် သဝဏ်လွှာကို ပဲခူးတိုင်းဒေသကြီး ပညာရေးမှူး ညွှန်ကြားရေးမှူး ဦးစန်းအောင်က ဖတ်ကြားသည်။

ထို့နောက် ပဲခူးမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဆရာများသို့"သီချင်းဖြင့် တေးသရုပ်ဖော်တင်ဆက်ဖျော်ဖြေကြပြီး ၂၀၁၉ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် အလှူရှင်များအား ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခြင်း၊ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများက "အနန္တကျေးဇူးရှင်" သီချင်းဖြင့် ဂုဏ်ပြုသီဆိုကြသည်။

ယင်းနောက် တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူသွားကြသည့် တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ် ပညာရေးမှူး၊ ဆရာကြီး ဆရာမကြီးများအား ကန်တော့ချီးဖြင့် ရှိခိုးကန်တော့ကာ ကန်တော့ခံပစ္စည်းများ ပေးအပ်ကြကြောင်း သိရသည်။



**တင်စိုး(ပဲခူး)**

# စီးပွားရေးဝန်းကျင်ကောင်း ဖန်တီးပေးနိုင်သောညွှန်းကိန်းများ

**မောင်သစ္စာ (ရန်ကင်း)**

၂၀၁၉ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့မှာထွက်ရှိမယ့် Doing Business 2020 နဲ့စပ်လျဉ်းပြီး တိုးတက်မှုအရှိဆုံးနိုင်ငံ ၂၀ စာရင်းကို World Bank Group က ၂၀၁၉ခုနှစ် စက်တင်ဘာလ စတုတ္ထပတ်တွင် အကြိုသုံးသပ်ချက် အနေနဲ့ သတင်းထုတ်ပြန်ခဲ့ပါတယ်။ အဲဒီစီးပွားရေးလုပ်ရ လွယ်ကူမှုအပေါ်တိုင်းတာတဲ့ အမှတ်ပေးမှုတွေအရ တိုးတက်မှုအရှိဆုံးနိုင်ငံ ၂၀ စာရင်းမှာ မြန်မာနိုင်ငံလည်း ပါဝင်တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်အဖွဲ့က အမှတ်ပေးတိုင်းတာမှုတွေမှာ မြန်မာနိုင်ငံဟာ ၂၀၁၃ခုနှစ် စစ်တမ်းက စတင်ပါဝင်လာခဲ့ပြီး ယခုလိုတိုးတက်မှုအရှိဆုံး စာရင်းမှာ ပါဝင်လာခဲ့တာဟာ ပထမဆုံးအကြိမ်လည်း ဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်က အဆိုပါစစ်တမ်းကို ၂၀၁၈ ခုနှစ် မေလကနေ၂၀၁၉ ခုနှစ် ဧပြီလကုန်အထိ ကာလ အတွင်း နိုင်ငံများ၏ဥပဒေမူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှု အခြေအနေတွေအပေါ် မူတည်ကောက်ယူခဲ့ကာ နှစ်စဉ် အောက်တိုဘာလမှာ ထုတ်ပြန်တာဖြစ်ပါတယ်။

ကမ္ဘာ့ဘဏ်က နှစ်စဉ်စီးပွားရေးလုပ်ကိုင်ရ လွယ်ကူမှုစစ်တမ်းကောက်ယူရာမှာ အောက်ပါညွှန်းကိန်း ၁၀ ခု အပေါ်မှာ လွယ်ကူမှုရှိ၊ မရှိ ကောက်ယူတာဖြစ်ပါတယ် –

(၁) စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်း၊
(၂) ဆောက်လုပ်ခွင့်ပြုမိန့်လျှောက်ထားခြင်း၊
(၃) လျှပ်စစ်မီးရရှိခြင်း၊
(၄) ပိုင်ဆိုင်မှုပစ္စည်းမှတ်ပုံတင်ခြင်း၊
(၅) ချေးငွေရရှိနိုင်ခြင်း၊
(၆) လူနည်းစုရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးခြင်း၊
(၇) အခွန်ပေးဆောင်ခြင်း၊
(၈) နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု၊
(၉) ပဋိညာဉ်များအတည်ပြုဆောင်ရွက်ခြင်း၊
(၁၀) လူမွဲခံယူခြင်းကိုဖြေရှင်းခြင်း။

ယခုကမ္ဘာ့ဘဏ်ရဲ့ကနဦးသတင်းထုတ်ပြန်ချက်မှာ မြန်မာနိုင်ငံကညွှန်းကိန်း(၅)ခုနဲ့ပတ်သက်ပြီး တိုးတက်မှုအကောင်းဆုံးစာရင်းထဲမှာ ပါလာတာဖြစ်ကြောင်း ပါရှိပါတယ်။ အဲဒီညွှန်းကိန်း (၅)ခုကတော့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ယူဆောင်ရွက်တဲ့ ဆောက်လုပ်ခွင့်ပြုမိန့်လျှောက်ထားခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရတဲ့ ညွှန်းကိန်းနှစ်ခုဖြစ်တဲ့ စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်းနှင့် လူနည်းစုရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးခြင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရတဲ့ ပိုင်ဆိုင်မှုပစ္စည်းမှတ်ပုံတင်ခြင်းနဲ့ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တာဝန်ယူဆောင်ရွက်ရတဲ့ ပဋိညာဉ်များအတည်ပြုဆောင်ရွက်ခြင်းတို့ပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့တင်းကျပ်တဲ့ဆောက်လုပ်ရေးဆိုင်ရာအင်ဂျင်နီယာများနဲ့ ဗိသုကာပညာရှင်များရဲ့အရည်အသွေးပိုင်းဆိုင်ရာလိုအပ်ချက်များကို ချမှတ်ခဲ့ခြင်းဖြင့် ဆောက်လုပ်ရေးအရည်အသွေး တိုးတက်အောင် ဆောင်ရွက်ခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းတစ်ခု စတင်ထူထောင်မှုလွယ်ကူစေရန်အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနကနေ MyCo လို့ခေါ်တဲ့ Online Company Registry Platform ကိုထူထောင်နိုင်မှုကြောင့် လုပ်ငန်းအဆင့်များစွာ လျှော့ချနိုင်ခဲ့ပြီး လူကိုယ်တိုင်ရုံးသို့ လာရောက်ဆောင်ရွက်ရန် လိုအပ်မှုကိုလည်း လျှော့ချနိုင်ခဲ့ကြောင်းကို အဆိုပါကနဦးထုတ်ပြန်ချက်မှာ မှတ်ချက်ပြုဖော်ပြထားတာဖြစ်ပါတယ်။

ထို့အတူ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းနဲ့ တန်ဖိုးစိစစ်သတ်မှတ်ခြင်းလုပ်ငန်းစဉ်ကို လွယ်ကူစေခြင်းဖြင့် ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်း မြန်ဆန်မှုရှိအောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တရားရုံးများရဲ့ဆောင်ရွက်မှုဆိုင်ရာအချက်အလက်များကိုလည်း ထုတ်ဝေခဲ့ကြောင်း၊ ကုမ္ပဏီဥပဒေသစ်သည် Minority Investor Protections ကို ပိုမိုခိုင်မာစေခဲ့ကြောင်း စသည်ဖြင့်ဖော်ပြထားပါတယ်။

မြန်မာနိုင်ငံအနေဖြင့် World Bank Group ၏ Doing Business Report နှင့်စပ်လျဉ်း၍ လက်ရှိအဆင့် ၁၇၁မှ နောင်လာမည့် သုံးနှစ်အတွင်း အဆင့် ၁၀၀ အတွင်းရောက်ရှိရန် မျှော်မှန်းချက်ဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဦးမြင့်ဆွေ ဦးဆောင်ကာ Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့နှင့် ညွှန်းကိန်းများအလိုက် အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်း၍ တာဝန်ယူဆောင်ရွက်လျက်ရှိရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနအနေနဲ့ စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်းနှင့် အနည်းစုရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးခြင်းဆိုင်ရာညွှန်းကိန်းများ တိုးတက်ရေးကို တာဝန်ယူဆောင်ရွက်ရတာဖြစ်ပါတယ်။

**စီးပွားရေးလုပ်ငန်းတစ်ခုစတင်မှု**
**လွယ်ကူမြန်ဆန်စေရေးအတွက် ဆောင်ရွက်ချက်များ**

စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်းကို အကဲဖြတ်ရာတွင် အောက်ပါအချက်လေးချက်ကိုအခြေခံအကဲဖြတ်ပါတယ် –

(က) ကုမ္ပဏီတစ်ခုအား ဥပဒေနှင့်အညီ လုပ်ငန်းစတင် လည်ပတ်ဆောင်ရွက်နိုင်ရန် လုပ်ထုံးလုပ်နည်းများ။
( ခ ) လုပ်ထုံးလုပ်နည်းတစ်ခုစီအတွက် ကြာမြင့်သည့်အချိန်။
( ဂ ) လုပ်ထုံးလုပ်နည်းတစ်ခုစီအတွက် ကုန်ကျငွေ (တစ်ဦးချင်းပျမ်းမျှဝင်ငွေ၏ %)
(ဃ) အနည်းဆုံး မတည်ငွေရင်းပမာဏ လိုအပ်ချက်။

ယခင်နှစ်များက Starting a Business ညွှန်းကိန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံအပေါ် အကဲဖြတ်မှုအခြေအနေများကို အောက်ပါအတိုင်းတွေ့ရမှာ ဖြစ်ပါတယ် –

| Starting a Business Indicator | Myanmar DB2017 | Myanmar DB2018 | Myanmar DB2019 |
|---|---|---|---|
| Criteria | 146thRank | 155th Rank | 152th Rank |
| Procedure to legally start and operate a company (number) | 11 Procedures | 12 Procedures | 12 Procedures |
| Time required to complete each procedure (days) | 13 days | 14 days | 14 days |
| Cost required to set up company (% of income per capita) (% of income per capita) | 40.4% | 40.1% | 24.8% |
| Paid–in min. capital (% of income per capita) | 0% | 0% | 0% |

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါဥပဒေသည် မြန်မာနိုင်ငံအတွင်း ကုမ္ပဏီများထူထောင်လုပ်ကိုင်မှုနှင့်ပတ်သက်၍ လွယ်ကူရှင်းလင်းစေမှု၊ ပြောင်းလွယ်ပြင်လွယ်ရှိမှု၊ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်စေမှု၊ စည်းမျဉ်းစည်းကမ်းဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများလျှော့ချမှု စသည်တို့ကို ထည့်သွင်းရေးဆွဲထားသည့်ဥပဒေတစ်ရပ်ဖြစ်ပါတယ်။

ထို့အပြင်၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစ၍ ဥပဒေအကောင်အထည်ဖော်ကျင့်သုံးမှုနှင့်အတူ ကုမ္ပဏီမှတ်ပုံတင်ခြင်းလုပ်ငန်းများအား အီလက်ထရွန်နစ်စနစ်ဖြင့် Online မှတစ်ဆင့် လွယ်ကူစွာဆောင်ရွက်နိုင်သောကြောင့် အဆင့်များစွာ လျှော့ချနိုင်သည့်အပြင် အချိန်အားဖြင့်လည်း နာရီပိုင်းခန့်သာ ကြာမြင့်ပါတယ်။

ကုမ္ပဏီမှတ်ပုံတင်ခြင်းလုပ်ငန်းများကို နိုင်ငံသားလုပ်ငန်းရှင်များ ပိုမိုသက်သာစွာဆောင်ရွက်နိုင်စေရေး၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် မှတ်ပုံတင်ခြင်းမပြုသေးဘဲ ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းများ ကုမ္ပဏီအဖြစ်ပြောင်းလဲထူထောင်၍ လုပ်ငန်းများချဲ့ထွင်နိုင်စေရေးကိုဦးတည်၍ အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီများအတွက် မှတ်ပုံတင်ကြေးအား ကျပ် ၅၀၀၀၀၀ မှ ကျပ် ၂၅၀၀၀၀ သို့ ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစတင်ကာ လျှော့ချပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ် ပါတယ်။ သို့ဖြစ်၍ စီးပွားရေးလုပ်ငန်းတစ်ခုစတင်ရန် ကုန်ကျစရိတ် (တစ်ဦးကျဝင်ငွေ၏ %) ကို ၄၀ ဒသမ ၁ ရာခိုင်နှုန်းမှ ၂၄ ဒသမ ၈ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ခဲ့ပါတယ်။ ယခုအခါ မြန်မာနိုင်ငံ၏တစ်ဦးကျ ဝင်ငွေသည်လည်း တိုးတက်လာခြင်းကြောင့် စီးပွားရေးလုပ်ငန်းတစ်ခုစတင်ရန် ကုန်ကျစရိတ်မှာလည်း လျော့နည်းလာမှာ ဖြစ်ပါတယ်။ ဒါ့အပြင်၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ရက်နေ့မှစတင်၍ လုပ်ငန်းအဆင့်များကို ၁၀ ဆင့်မှ လေးဆင့်သို့ လည်းကောင်း၊ ကြာမြင့်ချိန်ကို ၁၀ ရက်မှ လေးရက်သို့ လည်းကောင်း လျှော့ချနိုင်ခဲ့ပါတယ်။

**အနည်းစုရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်း**

အနည်းစုရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်းကို အကဲဖြတ်ရာတွင် အောက်ပါအချက် သုံးချက်ကို အခြေခံအကဲဖြတ်ပါတယ် –

(၁) အကျိုးစီးပွားဝိရောဓိဖြစ်မှု စည်းမျဉ်းစည်းကမ်းဆိုင်ရာ အညွှန်းကိန်း။
( ၂ ) ရှယ်ယာဝင်များမှ စီမံအုပ်ချုပ်နိုင်မှုဆိုင်ရာ အညွှန်းကိန်း။
( ၃ ) အနည်းစုရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးနိုင်စွမ်းဆိုင်ရာ အညွှန်းကိန်း။

အဆိုပါအကဲဖြတ် အမှတ်ပေးမှုများဆောင်ရွက်ရာတွင် အဓိကအားဖြင့် စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီများကို အခြေခံ၍ အကဲဖြတ်လေ့ရှိပါတယ်။ ဒီခေါင်းစဉ်အောက်မှာ အဓိကထားအမှတ်ပေးတဲ့အချက်ကတော့ အနည်းစုရင်းနှီးမြှုပ်နှံသူတွေကို ဥပဒေအရ အကာအကွယ်ပေးထားမှုအခြေအနေကောင်းမွန်မှုပဲ ဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့စစ်တမ်းမှာ ကုမ္ပဏီတစ်ခုမှာ တာဝန်ယူဆောင်ရွက်ကြမည့် ဒါရိုက်တာတွေရဲ့ လုပ်ငန်းတာဝန်တွေကို ရှင်းရှင်းလင်းလင်းဖော်ပြထားမှုနှင့် ယုံကြည်စိတ်ချရမှုရှိခြင်း၊ အစုရှယ်ယာရှင်တစ်ဦးအနေနဲ့ လိုအပ်ပါက ၎င်းကုမ္ပဏီ၏ အထွေထွေအစည်းအဝေးခေါ်ယူနိုင်သည့်အခွင့်အရေးရှိခြင်း၊ ကုမ္ပဏီကိုမည်သူကပိုင်ဆိုင်သည်၊ မည်သူကထိန်းချုပ်နေသည်ကို ရှင်းရှင်းလင်းလင်း သိနိုင်ခြင်းနှင့် ကုမ္ပဏီတစ်ခုရဲ့ပွင့်လင်းမြင်သာမှုရှိခြင်း စသည့်အချက်များအပေါ် အသေးစိတ်အမှတ်ပေးတိုင်းတာပါတယ်။

မြန်မာနိုင်ငံနှင့်ပတ်သက်၍အကဲဖြတ်ရာတွင် ယခင်ကကျင့်သုံးခဲ့သည့် ၁၉၁၄ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေတွင် အနည်းစုရင်းနှီးမြှုပ်နှံသူများအား ထိရောက်စွာ အကာအကွယ်ပေးနိုင်မည့် ပြဋ္ဌာန်းချက်များပါဝင်ခဲ့ခြင်း မရှိမှုကြောင့် အဆင့်နိမ့်ခဲ့ရပါတယ်။

၂၀၁၇ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့က အသစ်ပြဋ္ဌာန်းခဲ့တဲ့ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေတွင် အနည်းစုရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးရေးနှင့်ပတ်သက်သည့် ပြဋ္ဌာန်းချက်များအား ခေတ်နှင့်အညီ ပြည့်စုံစွာထည့်သွင်းပြဋ္ဌာန်းထားရှိပြီးဖြစ်တဲ့အတွက် အတိုးတက်ဆုံးညွှန်းကိန်းအဖြစ် ကမ္ဘာ့ဘဏ်ရဲ့ကနဦးထုတ်ပြန်ချက်မှာ ပါဝင်လာတာဖြစ်ပါတယ်။ ဥပမာအားဖြင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၏ အခန်း (၁၉) ကုမ္ပဏီတွင် ပါဝင်သူများ၏အခွင့်အရေးနှင့် ကုစားခွင့်များတွင် အနည်းစုရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးနိုင်သည့် တရားမျှတမှုမရှိသောကိစ္စရပ်များ၌ ကုမ္ပဏီတွင်ပါဝင်သူများနှင့် အခြားသူများ၏ တရားစွဲဆိုဆောင်ရွက်မှုများဆိုင်ရာ ပြဋ္ဌာန်းချက်များအထိ ပါဝင်တဲ့အတွက်ကြောင့် ယခုလိုရမှတ်တိုးတက်လာတာပဲ ဖြစ်ပါတယ်။

**ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

မြန်မာနိုင်ငံနည်းတူ အခြားနိုင်ငံတွေကလည်း သူ့ထက်ငါစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မှု လွယ်ကူချောမွေ့ရေး ဆောင်ရွက်နေတာဖြစ်လို့ မိမိတို့ဌာနအနေနဲ့ လက်ရှိအနေအထားနဲ့အားရကျေနပ်ကာ ရပ်နေ လို့မဖြစ်ပါဘူး။ ဒါကြောင့် နှစ်စဉ်ယှဉ်ပြိုင်နေရမယ့် သဘောဖြစ်တာကြောင့် လာမယ့်နှစ်တွေမှာ အဆင့်ဆက်လက်တိုးတက်လာစေဖို့ ဆောင်ရွက်သွားရန်လည်း ရှိပါတယ်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ စတင်ဆောင်ရွက်မှု လွယ်ကူချောမွေ့စေရန်နှင့် အနည်းစုရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးရန် ရည်ရွယ်လျက် ဥပဒေမူဘောင်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို စီမံချက်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

စီးပွားရေးလုပ်ငန်းတစ်ခု စတင်ခြင်းနှင့်ပတ်သက်သည့် စီးပွားရေးလုပ်ငန်းများစတင်ခြင်းကုန်ကျစရိတ်သည့် ကုမ္ပဏီတစ်ခု၏ မှတ်ပုံတင်ကြေးကို မူလကျပ်၂၅၀၀၀၀မှ ကျပ် ၁၅၀၀၀၀သို့ လျှော့ချသတ်မှတ်ပြီးဖြစ်ပါတယ်။

ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကတော့ –

– Integrated Business Registry ဖြစ်လာစေရန် Task Force ဖွဲ့စည်းဆောင်ရွက်ခြင်း။
– ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် လူမှုဖူလုံရေးအဖွဲ့တို့၏ လိုအပ်သောအချက်အလက်များ အားလုံးနှင့်အကျုံးဝင်သည့် Single Submission Form ဖြစ်ပေါ်လာစေရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း။
– စီးပွားရေးလုပ်ငန်းများနှင့် ဆက်စပ်နေသည့် အစိုးရဌာနများအားလုံး အသုံးပြုနိုင်သည့် Single Company Identification သို့မဟုတ် Unique Business Identifier (UBI) ဖြစ်ပေါ်လာစေရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း။
– စီးပွားရေးနှင့်ဆက်စပ်သည့် မှတ်ပုံတင်မှုအားလုံးဆောင်ရွက်နိုင်သည့် United Online Platform သို့မဟုတ် Integrated Business Registry ပေါ်ပေါက်လာရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း။
– ၎င်းအပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော Resolving Insolvency အညွှန်းကိန်းနှင့်စပ်လျဉ်း၍လည်း မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေစတင်ကျင့်သုံးသည့်အချိန်မှစတင်၍ လူမွဲခံယူခြင်းဆိုင်ရာ မှတ်ပုံတင်လုပ်ငန်းများအား ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ အီလက်ထရွန်နစ်ကုမ္ပဏီ မှတ်ပုံတင်စနစ် (MyCO) ဖြင့် ဆောင်ရွက်ပေးခြင်း။

စီးပွားရေးလုပ်ငန်းတစ်ခုစတင်ရာတွင် လိုအပ်သည့် အခြားသောလုပ်ငန်းဆိုင်ရာ မှတ်ပုံတင်မှုများကိုလည်း အဆင်ပြေစေရန် Single Electronic Registry (Integrated Electronic Registry) ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ မဝေးတော့သောအနာဂတ်တွင် မြန်မာနိုင်ငံသည် စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်းနှင့်ပတ်သက်ပြီး ပိုမိုကောင်းမွန်တဲ့ အဆင့်ရလဒ်ရရှိလာမှာဖြစ်ပါတယ်။

ကမ္ဘာ့ဘဏ်ကဲ့သို့သော အဖွဲ့အစည်းက ယခုကဲ့သို့ နှစ်စဉ်ကောက်ယူတဲ့စစ်တမ်းတွေအရ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံ့ပုံရိပ်၊ အစိုးရ၏ကောင်းမွန်သောလုပ်ဆောင်ချက်ပုံရိပ်များကို ထင်ဟပ်စေမှာလည်း မလွဲကေန်ပဲဖြစ်ပါတယ်။ တစ်ဆက်တည်းဆိုသလို ပြုပြင်ပြောင်းလဲဆောင်ရွက်ချက်များကြောင့် မြန်မာ့စီးပွားရေးဝန်းကျင် ပိုမိုကောင်းမွန်လာပြီး ရင်းနှီးမြှုပ်နှံမှုအမျိုးမျိုးကိုလည်း ပိုမိုဆွဲဆောင်နိုင်ကာ နိုင်ငံတော်၏ခနအင်အားသည်လည်း ပိုမိုခိုင်မာတောင့်တင်းလာမှာဖြစ်ပါတယ်။ ။

# ရန်ကုန် – မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ကြည့်ရှုစစ်ဆေး

**နေပြည်တော်  အောက်တိုဘာ ၅**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ယမန်နေ့ နံနက်ပိုင်းတွင် RBE ရထားဖြင့် ရန်ကုန် – မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း အဆင့်(၁)၏ ရန်ကုန်–တောင်ငူ ရထားလမ်းပိုင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ အုတ်တွင်းဘူတာရှိ CP 103 လုပ်ငန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများက လမ်းပိုင်းပြုပြင်ခြင်းလုပ်ငန်းအား အပိုင်းလိုက်ခွဲ၍ ဆောင်ရွက်နေမှု၊ ကွန်ကရစ်လောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ သံလမ်းများရောက်ရှိမှု၊ သံလမ်းဆက်များ၊ အချက်ပြစနစ်များနှင့် တံတားပြုပြင်တည်ဆောက်သွားမည့်အခြေအနေ၊ တစ်လမ်းမောင်းစနစ်အသုံးပြုပြီး ရထားမောင်းနှင်မှုတွင် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်အောင် ဆောင်ရွက်သွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ မြန်ဆန်စွာပြီးစီးရေး ကြိုးစားဆောင်ရွက်သွားကြရန်၊ ရထားလမ်းကူးများနှင့် တံတားများတွင် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်အောင် ဂရုပြုဆောင်ရွက်သွားကြရန်၊ တံတားများတည်ဆောက်ရာတွင် ရေလမ်းကြောင်းပျက်စီးမှုမရှိအောင် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဖြူးဘူတာ အဆင့်မြှင့်တင်တည်ဆောက်မည့်ပုံစံနှင့် Shopping Centre ပုံစံ၊ ညောင်လေးပင်ဘူတာ အဆင့်မြှင့်တင်တည်ဆောက်မည့်ပုံစံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျိုက္ကသာဘူတာနှင့် မုပ္ပလင်ဘူတာ အကြားရှိ ခလွန်တံတား ရေတိုက်စားမှုကို ပြုပြင်တည်ဆောက်နေမှု၊ နှင်းပုလဲဘူတာနှင့် ဒုံဝန်းဘူတာအကြားရှိ တံတားအမှတ် (၇၂)A ကို အသစ်တည်ဆောက်ပြီးစီးမှု၊ တံတားအမှတ်(၇၄) ရေလယ်တိုင် အမှတ်(၄) ပြုပြင်တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **သတင်းစဉ်**





## မြန်မာ – တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော်  အောက်တိုဘာ ၅**
မြန်မာ – တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် (BSEZ) တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာ – တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က နှစ်နိုင်ငံ နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်ရာတွင် နှစ်နိုင်ငံအကြား နယ်နိမိတ်သတ်မှတ်ချက် တိုင်းတာသတ်မှတ်နိုင်ရေး၊ မြန်မာ – တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်၊ မူဝါဒ၊ လမ်းညွှန်ချက်များ၊ မူဘောင်သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ရေးနှင့် Joint Working Group ဖွဲ့စည်းနိုင်ရေးတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

**သတင်းစဉ်**

## ချင်းဘာသာဖြင့် စာဖတ်ဝိုင်းပြုလုပ်

**ဂန့်ဂေါ  အောက်တိုဘာ ၅**
ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် အောက်တိုဘာ ၄ ရက် မွန်းလွဲ ၂ နာရီက တိုင်းရင်းသားစာပေ(ချင်းစာပေ– ဟားခါး )ဖြင့် စာဖတ်ဝိုင်းပြုလုပ်ရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

စာဖတ်ဝိုင်းသို့ မြို့ပေါ်စာသင်ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၄ ဦးတို့ တက်ရောက်ကြပြီး ဆရာမ ဒေါ်ချိုချိုရီက ဦးဆောင်ကာ အဘိုးအိုနှင့် ဥယျာဉ်လေးပုံပြင်ပါ အကြောင်းအရာများကို ချင်းဘာသာ (ဟားခါး) ဖြင့်လည်းကောင်း၊ မြန်မာဘာသာဖြင့်လည်းကောင်း ဖတ်ကြားကြသည်။ ထို့နောက် အစုအဖွဲ့လိုက် ဆွေးနွေးကြရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ BOOK CLUB ဥက္ကဋ္ဌ ဦးအောင်စိုးမင်းက ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

၄၆၅





ပန်းရောင်နှင်းဆီရင်သားကင်ဆာ လူနာစောင့်ရှောက်သူများအဖွဲ့ ခရီးစတင်ခြင်းအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း အမှာစကားပြောကြားစဉ်။

## ပန်းရောင်နှင်းဆီရင်သားကင်ဆာ လူနာစောင့်ရှောက်သူများအဖွဲ့၏ နည်းပြသင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော်  အောက်တိုဘာ ၅**
ပန်းရောင်နှင်းဆီရင်သားကင်ဆာ လူနာစောင့်ရှောက်သူများအဖွဲ့၏ နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် လမ်းမတော်မြို့နယ်ရှိရန်ကုန်သူနာပြုတက္ကသိုလ်၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ပန်းရောင်နှင်းဆီရင်သားကင်ဆာ လူနာစောင့်ရှောက်သူများအဖွဲ့နာယက ပါမောက္ခ ဒေါက်တာမာလာသန်းနှင့် အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာခင်သီရိတို့က အမှာစကား ပြောကြားကြသည်။

ပန်းရောင်နှင်းဆီရင်သားကင်ဆာ လူနာစောင့်ရှောက်သူများအဖွဲ့သည် ရင်သားကင်ဆာခံစားနေရသော ဝေဒနာရှင်များအား တတ်အားသရွေ့ ကူညီပံ့ပိုးပေးရန်ရည်ရွယ်၍ တည်ထောင်ခဲ့ခြင်းဖြစ်ပြီး အသက် ၂၀ ပြည့် အမျိုးသမီးတိုင်း ရင်သားကင်ဆာနှင့်ပတ်သက်သော အသိပညာဗဟုသုတ ရရှိရန်နှင့် မိမိကိုယ်တိုင် စမ်းသပ်စစ်ဆေးနိုင်ရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်သည်။

**ဒုတိယအဖြစ်အများဆုံး**

ရင်သားကင်ဆာသည် ကမ္ဘာပေါ်တွင် အဖြစ်အများဆုံးရောဂါဖြစ်ပြီး အချိန်မီထိရောက်မှန်ကန်သည့် ကုသမှုခံယူမှသာ ကုသပျောက်ကင်းနိုင်ခြေများသည့် ရောဂါဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံတွင် အမျိုးသမီးများ ဒုတိယအဖြစ်အများဆုံး ကင်ဆာရောဂါဖြစ်ကြောင်း ယနေ့အခမ်းအနားမှ သိရသည်။

နည်းပြသင်တန်းသို့ မိတ်ဖက်အဖွဲ့အစည်း ၃၆ ဖွဲ့မှ သင်တန်းသူ ၃၅၄ ဦး တက်ရောက်ခဲ့ကြသည်။

**သတင်း – မွန်းဦးနဒီ၊ ဓာတ်ပုံ – ရဲထွန်း**

# ရန်ကုန်တက္ကသိုလ် ရာပြည့်ပွဲသဘင်ကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပသွားမည်

**မြန်မာနိုင်ငံ၏အထင်ကရတက္ကသိုလ်ကြီးဖြစ်ပြီး ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် စတင်တည်ထောင်ခဲ့သည့် ရန်ကုန်တက္ကသိုလ်သည် မကြာမီ ရာပြည့်အထိမ်းအမှတ်သို့ ရောက်ရှိတော့မည်ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်ရာပြည့်အခမ်းအနားကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ရန်ကုန်တက္ကသိုလ် ရာပြည့်ပွဲတော်ကျင်းပရန် စီစဉ်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းနှင့် မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်-**

တွေ့ဆုံမေးမြန်း-ဥမ္မာသန့်၊ မြတ်စန္ဒီ
ဓာတ်ပုံ-ဇော်မင်းလတ်



ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်း

**မေး။ ။ရန်ကုန်တက္ကသိုလ်နဲ့ပတ်သက်ပြီး တွေ့ကြုံခဲ့ရတဲ့အမှတ်တရများရှိရင်လည်း ပြောပြပေးစေလိုပါတယ်။**

**ဖြေ။** ။ရန်ကုန်တက္ကသိုလ် သက်တမ်းတစ်လျှောက် မီခဲ့တာကတော့ ရွှေရတု နှစ် ၅၀ ပါ။ အဲဒီတုန်းက လေး၊ ငါး၊ ခြောက်တန်းပဲရှိပါသေးတယ်။ ဒါပေမယ့် အစ်ကို အစ်မတွေ ရန်ကုန်တက္ကသိုလ်တက်တော့ သူတို့တွေနဲ့ ရန်ကုန်တက္ကသိုလ်ရွှေရတုလာကြည့်ခဲ့ပါတယ်။ နောက် စိန်ရတု (၇၅)နှစ်မြောက်မှာတော့ ကျွန်တော် သရုပ်ပြဆရာ ဘဝရောက်နေပါပြီ။ ၁၉၉၅ ခုနှစ်ဝန်းကျင်ကပါ။ စိန်ရတု ခန်းမကြီးကို တည်ဆောက်ခဲ့ပြီး စိန်ရတုခန်းမနဲ့ ရန်ကုန်တက္ကသိုလ်အတွင်းမှာ ပြပွဲ၊ ပြိုင်ပွဲတွေလုပ်တာ အပါအဝင် အခမ်းအနားတွေ များစွာကျင်းပတာကို သိမီခဲ့ပါတယ်။

**မေး။ ။အခုလာမယ့် ရာပြည့်အခမ်းအနားမှာ စီစဉ်ထားရှိမှုများကို သိပါရစေ။**

**ဖြေ။** ။ ရာပြည့်ပွဲကြီးကို ကြီးကျယ်ခန်းနားစွာ ကျင်းပနိုင်ဖို့ ရန်ကုန်တက္ကသိုလ် ရာပြည့်ကျင်းပရေး ဦးစီးကော်မတီကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က တွဲဖက်အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပါတယ်။ လုပ်ငန်းကော်မတီ ၁၇ ခု ရှိပါတယ်။ လုပ်ငန်းကော်မတီ ၁၇ ခုမှာ အိမ်ရှင်ဖြစ်တဲ့ ကျွန်တော်တို့ကိုယ်တိုင် ဦးစီးဆောင်ရွက်ပါတယ်။ ကျန်တဲ့ဆရာကြီး ဆရာမကြီးတွေက လုပ်ငန်းကော်မတီအသီးသီးတွေမှာ ပါဝင်ကြပါတယ်။

ပါမောက္ခဌာနမှူးတွေရော၊ ဒုတိယပါမောက္ခချုပ်တွေရော လုပ်ငန်းကော်မတီတွေမှာ ပါဝင်ကြပါတယ်။ အဓိကပါဝင်တဲ့ လုပ်ငန်းကော်မတီသုံးခု ရှိပါတယ်။ တစ်ခုက ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း ဦးစီးတဲ့ ရာပြည့်သဘင်ကျင်းပရေးလုပ်ငန်းကော်မတီပါ။ အဲဒီမှာ ကျွန်တော်က အတွင်းရေးမှူးအဖြစ် ပါပါတယ်။ ကျန်တဲ့စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ပါဝင်ပါတယ်။

နောက်တစ်ခါ ဘာသာရပ် ဖွံ့ဖြိုးတိုးတက်ရေးစာတမ်းတွေပေါ့။ ရန်ကုန်တက္ကသိုလ် ဘယ်လိုဖွံ့ဖြိုးတိုးတက်သလဲ စာစောင်စာတမ်းတွေပြုစုရေး လုပ်ငန်းကော်မတီမှာလည်း ဥက္ကဋ္ဌအဖြစ် ပါဝင်ပါတယ်။

လုပ်ငန်းကော်မတီတွေမှာ ရန်ကုန်တက္ကသိုလ် ရွှေရတု၊ စိန်ရတုတို့ ကျင်းပတုန်းကပါဝင်ခဲ့တဲ့ ပညာရှင်တွေကိုလည်း ထည့်သွင်းထားပါတယ်။ ရွှေရတုတုန်းကဆို တက္ကသိုလ်အသီးသီးက ပညာရှင်တွေ ပါဝင်ကြပါတယ်။ စိန်ရတုမှာလည်း ရန်ကုန်တက္ကသိုလ်တစ်ခုတည်း မဟုတ်ဘူး။ တက္ကသိုလ်အသီးသီး အကုန်ပါဝင်ကြပါတယ်။ ဆိုလိုတာက ဆေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (အရင်က ရန်ကုန်စက်မှုတက္ကသိုလ်) အကုန်လုံးပါဝင်ကြပါတယ်။ စိုက်ပျိုးရေး၊ သစ်တောတို့ကလည်း ရန်ကုန်တက္ကသိုလ်ကနေ အခြေပြုသွားတာဖြစ်ပါတယ်။ အဲဒီအချိန်က ရန်ကုန်တက္ကသိုလ်အောက်မှာပဲရှိကြတာပါ။ နောက်ပိုင်း ၁၉၇၀ ပြည့်နှစ်ပတ်ဝန်းကျင်လောက်မှာ တက္ကသိုလ်အသီးသီး သီးသန့်တက္ကသိုလ်တွေဖြစ်သွားတယ်။ အဲဒါတွေနဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ကျွန်တော်တို့ပြုစုရမှာဖြစ်ပါတယ်။ အကုန်လုံးပါဝင်ဖို့ အရေးကြီးပါတယ်။ အခုလည်း လုပ်ငန်းကော်မတီမှာရော၊ ဦးစီးကော်မတီမှာရော သက်ဆိုင်ရာ ရန်ကုန်တက္ကသိုလ်နဲ့ ဆက်စပ်နေတဲ့ဝန်ကြီးဌာနတွေ၊ ဝန်ကြီးတွေ၊ နောက် လုပ်ငန်းကော်မတီအသီးသီးမှာလည်း ရန်ကုန်မြို့ပေါ်မှာရှိတဲ့ ပါမောက္ခချုပ်တွေ၊ ပညာရှင်တွေ အကုန်လုံးဝိုင်းဝန်းပူးပေါင်းပြီး ဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။

**မေး။ ။ရန်ကုန်တက္ကသိုလ်ကြီးက နိုင်ငံတကာမှာ အဆင့်မီတဲ့တက္ကသိုလ်တစ်ခုအဖြစ် ရပ်တည်နိုင်ဖို့ ကြိုးစားဆောင်ရွက်နေတာနဲ့ပတ်သက်ပြီးလည်း သိချင်ပါတယ်။**

**ဖြေ။** ။ရန်ကုန်တက္ကသိုလ်ဆရာ ဆရာမတွေ ဝိုင်းဝန်းကြိုးပမ်းမှု၊ နိုင်ငံတော်ရဲ့ပံ့ပိုးမှု၊ ကျောင်းသားဟောင်းတွေ၊ ပြည်သူတွေအဆက်ဆက်၊ မျိုးဆက်သစ်ကျောင်းသားတွေ သူတို့ကြိုးပမ်းမှုကြောင့် ရန်ကုန်တက္ကသိုလ်က ၂၀၁၆ ခုနှစ် Webbometrics လို့ခေါ်တဲ့ အဖွဲ့အစည်းရဲ့ဆန်းစစ်ချက်အရ ကမ္ဘာ့အဆင့် တစ်သောင်းကျော်ရှိတာကနေ အခု ၂၀၁၉ ခုနှစ်မှာ အဆင့် ခုနစ်ထောင်ကျော်ဖြစ်လာတယ်။

ဖြစ်လာတဲ့အတွက် နိုင်ငံတကာက အသိအမှတ်ပြုလာတယ်။ ဘာပြောပြော ဒီအတွင်းမှာ တိုးတက်လာတာပါ။ ရန်ကုန်တက္ကသိုလ်စတည်ထောင်ပြီး ၁၉၂၀ ပြည့်နှစ်ကတည်းက အရှေ့တောင်အာရှမှာရော၊ နိုင်ငံတကာကရော အသိအမှတ်ပြုတယ်၊ နိုင်ငံ့ဂုဏ်ဆောင်ဖြစ်ခဲ့ပါတယ်၊ ပါမောက္ခချုပ် ဒေါက်တာထင်အောင်ဟာ နိုင်ငံတကာအသိအမှတ်ပြုရတဲ့ ထိပ်သီးပညာရှင်ဖြစ်ပါတယ်။

နောက်တစ်ခါ တက္ကသိုလ်က နိုင်ငံရေးခေါင်းဆောင်တွေ မွေးထုတ်ပေးပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးနု၊ ဦးသန့် စသည်ဖြင့် နိုင်ငံရေးခေါင်းဆောင်ထင်ရှားတဲ့ ပညာရှင်တွေလည်း မွေးထုတ်ပေးခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်ကစပြီး ရန်ကုန်တက္ကသိုလ်က ဘွဲ့ကြိုသင်တန်းတွေဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဘွဲ့ကြိုသင်တန်းတွေဖွင့်တဲ့အခါ ထူးချွန်တဲ့ မျိုးဆက်သစ်ကျောင်းသားတွေဖြစ်လာတဲ့အတွက် နိုင်ငံတကာမှာလည်း ပြိုင်ပွဲတွေလုပ်တယ်။ ဆုတံဆိပ်တွေရတာလည်းရှိတယ်။ အဲဒီလိုဖြစ်လာတဲ့အတွက် တက္ကသိုလ်ရဲ့အဆင့်က ပြန်တက်လာပါတယ်။

**မေး။ ။တက္ကသိုလ်ရာပြည့်အခမ်းအနားကို ဘယ်အချိန်မှာ ဘယ်အစီအစဉ်တွေနဲ့ကျင်းပသွားမှာပါလဲ။**

**ဖြေ။** ။ ရာပြည့်ဖြစ်တဲ့အတွက် ထူးခြားမှာပါ။ ပိုကြီးကျယ်မှာပါ။ အရင် စိန်ရတု၊ ရွှေရတုတုန်းက ရက်ပိုင်းလောက်ပဲ ကျင်းပခဲ့တယ်။ တစ်ပတ်တန်သည်၊ နှစ်ပတ်တန်သည်ပဲ ကျင်းပတာပါ။ အခုကတော့ ရန်ကုန်တက္ကသိုလ်က ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလမှာ စတည်ထောင်ခဲ့တာမို့ Grand Ceremony ကိုတော့ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ၊ ဒီဇင်ဘာလ နှစ်လ ကျင်းပမှာဖြစ်ပါတယ်။

၂၀၁၉ ခုနှစ်ဒီဇင်ဘာလမှာ ရာပြည့်အခမ်းအနားကြီး ဖွင့်မယ်။ ၂၀၁၉ ခုနှစ်နဲ့ ၂၀၂၀ ပြည့်နှစ်အတွင်းမှာတော့ တက္ကသိုလ်မှာ ဘာတွေလုပ်မလဲဆိုရင် နှစ်ပိုင်းခွဲလုပ်မယ်။ အခမ်းအနားတွေ၊ ပျော်ပွဲရွှင်ပွဲ၊ အားကစားပွဲတွေသာမက ရန်ကုန်တက္ကသိုလ်ပညာရေးအဆင့်အတန်းရော၊ ရုပ်ပိုင်းဆိုင်ရာကိုရော အဆင့်မြှင့်ဖို့ တစ်ပြိုင်တည်းလုပ်နေပါတယ်။ ထူးခြားမှုတွေပေါ့။ ရုပ်ပိုင်းဆိုင်ရာ တိုးတက်အောင်လုပ်တယ်ဆိုတာ တက္ကသိုလ်မှာ ဓာတ်ခွဲခန်းတွေ၊ စာသင်ခန်းတွေ၊ ကျောင်းသားတွေကို အထောက်အကူပြုတဲ့၊ ခေတ်မီတဲ့၊ သင်ထောက်ကူပစ္စည်းတွေနဲ့ ပြည့်စုံတဲ့ဖန်တီးမှုတွေလည်း လုပ်နေပါတယ်။ စပြီးအကောင်အထည်ဖော်နေပါတယ်။

နောက်တစ်ခုက အဆောက်အဦတွေကိုလည်း ရှိရင်းစွဲအမွေအနှစ်တွေ လိုက်လျောညီထွေဖြစ်တဲ့ အဆောက်အဦအသစ်တွေလည်း ဆောက်မှာပါ။ ဘာတွေလဲဆိုတော့ ကျောင်းသားတွေအသုံးပြုဖို့ Students Centre တစ်ခု၊ တက္ကသိုလ်က ဆရာ ဆရာမဝန်ထမ်းတွေအသုံးပြုဖို့ University Centre တစ်ခု၊ နဂိုရှိတဲ့စာကြည့်တိုက်ကိုလည်း ခေတ်မီတဲ့စာကြည့်တိုက်တစ်ခုအဖြစ် လုပ်ဖို့ရှိပါတယ်။ နိုင်ငံတကာအဆင့်မီ ကင်တင်းတစ်ခုဆောက်ဖို့ အစီအစဉ်ရှိပါတယ်။ ဒါကတော့ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုလုပ်တာပါ။

ပြန်ပြောရင် သင်ထောက်ကူပစ္စည်းတွေ ပြည့်စုံအောင်၊ ဓာတ်ခွဲခန်းသုံးပစ္စည်းတွေ ပြည့်စုံအောင်၊ ခေတ်မီလက်တွေ့ခန်းသုံးပစ္စည်းများ ပြည့်စုံအောင် ဖန်တီးမယ်။ သုတေသနသုံးပစ္စည်းတွေ ခေတ်မီအောင် ဆောင်ရွက်မယ်။ အဆောက်အဦနဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေ မပျက်စေအောင် အဆောက်အဦအသစ်တွေ ခေတ်မီရမယ်။ နဂိုရှိတဲ့ ယဉ်ကျေးမှုအဆောက်အဦအဟောင်းတွေ သဟဇာတဖြစ်ရမယ်။ အဆောက်အဦအသစ်တွေကိုလည်း တည်ဆောက်မှာဖြစ်တယ်။

ဆရာတွေ၊ ကျောင်းသားတွေ ပညာရပ်ရပ်ပတ်ဝန်းကျင်ကောင်းဖြစ်အောင် လုပ်ပါမယ်။ ရုပ်ပတ်ဝန်းကျင်ကောင်းဆိုတာ ရန်ကုန်တက္ကသိုလ်ကျောင်းသားတွေ ပညာရှာမှီးချင်အောင်၊ ပျော်မွေ့အောင်လုပ်မယ်။ အားကစားပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာဖြစ်တဲ့ ရန်ကုန်တက္ကသိုလ်ကိုလည်း ပန်းဥယျာဉ်အဖြစ် သန့်ရှင်းပြီး လုံခြုံမှုရှိတဲ့ စိမ်းလန်းစိုပြည်မှုရှိသော ပတ်ဝန်းကျင်ဥယျာဉ်တစ်ခုဖြစ်အောင် လုပ်နေပါတယ်။



ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကို တွေ့ရစဉ်။

**ရန်ကုန်တက္ကသိုလ်စတည်ထောင်ပြီး ၁၉၂၀ ပြည့်နှစ်ကတည်းက အရှေ့တောင်အာရှမှာရော၊ နိုင်ငံတကာကရော အသိအမှတ်ပြုတယ်၊ နိုင်ငံ့ဂုဏ်ဆောင် ဖြစ်ခဲ့ပါတယ်၊ ပါမောက္ခချုပ် ဒေါက်တာထင်အောင်ဟာ နိုင်ငံတကာအသိအမှတ်ပြုရတဲ့ ထိပ်သီးပညာရှင်ဖြစ်ပါတယ်။**

**နောက်တစ်ခါ တက္ကသိုလ်က နိုင်ငံရေးခေါင်းဆောင်တွေ မွေးထုတ်ပေးပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးနု၊ ဦးသန့် စသည်ဖြင့် နိုင်ငံရေးခေါင်းဆောင်ထင်ရှားတဲ့ ပညာရှင်တွေလည်း မွေးထုတ်ပေးခဲ့ပါတယ်။**

စာမျက်နှာ ၉ သို့ ❖

# စန္ဒရားလှထွဋ်နှင့် မောင်မိုးသူ

မောင်မိုးသူ

စန္ဒရားလှထွဋ်ဟာ မောင်မိုးသူဒါရိုက်တာအဖြစ် ပထမဦးဆုံးရိုက်ကူးဖြစ်တဲ့ ဇာတ်ကားနှစ်ကားဖြစ်တဲ့ (၁)မှုန်နံ့သာခြယ်ကာသပါလို့(၂) ကျနေဉ့်နာမည် ကျော်ကျော် ဇာတ်ကားများကို ဂီတမှူးအဖြစ် ဆောင်ရွက်ရပါတယ်။

မှုန်နံ့သာကတော့ ကိုလှထွဋ် ဂီတမှူးအဖြစ် လုံး၀ တာဝန်ယူရတဲ့ကားဖြစ်လေတော့ ပြဿနာမရှိပါဘူး။ ကျနေဉ့်နာမည် ကျော်ကျော်ကတော့ မောင်မိုးသူက လျှာရှည်ပါတယ်။ လျှာရှည်ရတဲ့အကြောင်းကတော့ ဆရာကိုလှထွဋ်ရဲ့ ဂီတာသမားသုံးဦးကို သိပ်အားမရပါ။ အဲဒီအချိန်က ကိုလှထွဋ်ဝိုင်းမှာ ဖိုးဇော်(ဇော်မျိုးထွဋ်) မတီးသေးပါ။ နောင်တစ်ချိန်မှာ ဂီတမှူးဇော်မျိုးထွဋ်ရယ်လို့ ထွန်းတောက်လာမယ့်ဖိုးဇော်ဟာ အဲဒီအချိန်က ကလေးအရွယ်သာ ရှိပါသေးတယ်။

မောင်မိုးသူကြိုက်တဲ့ ဂီတဝိုင်းကတော့ တရုတ်တန်းက ကိုသန်းရွှေအုပ်ချုပ်ဦးဆောင်တဲ့ The Aces ဂီတဝိုင်းဖြစ်ပါတယ်။ The Aces ဂီတဝိုင်းမှာ အဲဒီအချိန်က အော်စတင်က လိဒ်ဂီတာတီးပါတယ်။ ဘေ့စ်ကို စိန်စိန်က တီးပါတယ်။ ဒရမ်ကို ပင်းကောင်က တီးပါတယ်။ စိုးအောင်က ထရမ်းပက် မှုတ်ပါတယ်။

The Aces တီးဝိုင်းက အဲဒီအချိန်မှာ တယောဦးဒီဘိုး ဂီတမှူးလုပ်နေတဲ့ ရုပ်ရှင်နောက်ခံတေးဂီတဝိုင်းမှာ တီးခတ်ပေးကြပါတယ်။ မောင်မိုးသူနဲ့ The Aces နဲ့ ပတ်သက်လာပုံက ဒီလိုပါ။

မောင်မိုးသူက အဆိုတော် တက္ကသိုလ်ထွန်းနောင်နဲ့ အလွန်ရင်းနှီးပါတယ်။ တက္ကသိုလ် ထွန်းနောင်ကို နာမည်ကြီးစေတဲ့ သီချင်းကတော့ မာမီရယ်ရှာပေးကွယ် ရည်းစားလိုချင်တယ်ဆိုတဲ့ သီချင်းပါပဲ။ အဲဒီသီချင်းကိုThe Aces က တီးခတ်ပေးခဲ့တာပါ။

မောင်မိုးသူက ဦးလှထွဋ်ရဲ့ ဂီတာသမားများကို သိပ်သဘောမကျလေတော့ The Aces နဲ့ စန္ဒရားလှထွဋ်ကို တွဲတီးစေချင်တယ်။ The Aces ကလည်း ဦးဒီဘိုးဝိုင်းမှာ တီးခတ်ကြသူတွေဖြစ်လေတော့ ကိုလှထွဋ်ရဲ့ဝိုင်းမှာတီးခတ်ဖို့ တွန့်ဆုတ်ပါတယ်။ ကိုလှထွဋ်ကလည်း The Aces နဲ့ တွဲပြီး တီးခတ်ဖို့ ဝန်လေးတာပါပဲ။ ဒါပေမယ့်လည်း အားလုံးက မောင်မိုးသူကိုချစ်ခင်ကြတဲ့အတွက် ကျနေဉ့်နာမည်ကျော်ကျော်ဇာတ်ကားမှာ ဂီတမှူးကိုလှထွဋ်နဲ့အတူ The Aces က တီးခတ်ပေးခဲ့ကြပါတယ်။

> **ဆရာကိုလှထွဋ် ဦးစီးပြီး မောင်မိုးသူ လျှာရှည်သမျှ ဖြစ်မြောက်အောင် ဖန်တီး တီးခတ်ပေးရှာပါတယ်။ ဂီတနဲ့ ပတ်သက်ပြီး မောင်မိုးသူက ဘာမှသိကျွမ်းနားလည်သူ မဟုတ်ပါ။ သို့သော် ဖြစ်ချင်တာတွေ အကုန်လုံးကိုတော့ ပြောပြပြီး ကိုလှထွဋ်ကို စီစဉ်တီးခတ်သီဖွဲ့စေပါတယ်**

မှုန်နံ့သာကကျတော့ ရှင်းတယ်လေ။ ဆရာကိုလှထွဋ် ဦးစီးပြီး မောင်မိုးသူ လျှာရှည်သမျှ ဖြစ်မြောက်အောင် ဖန်တီးတီးခတ်ပေးရှာပါတယ်။ ဂီတနဲ့ပတ်သက်ပြီး မောင်မိုးသူက ဘာမှသိကျွမ်းနားလည်သူ မဟုတ်ပါ။ သို့သော် ဖြစ်ချင်တာတွေအကုန်လုံးကိုတော့ ပြောပြပြီး ကိုလှထွဋ်ကို စီစဉ်တီးခတ်သီဖွဲ့စေပါတယ်။

မှုန်နံ့သာရဲ့ မူရင်းသီချင်းဟာ ရေးမင်းသမီးကြီးမထွေးလေးတို့ခေတ်က ကြားဖူးနားဝရှိဖူးတဲ့ အမျှော်ဆိုက်သီချင်းတစ်ပုဒ်ဖြစ်ပါတယ်။ အမျိုးသမီးက ဆိုရတာပါ။ ဇာတ်ကားထဲမှာတော့ မင်းသမီးတင်တင်ညိုအတွက် တင်တင်လှက အမျှော်ဆိုက် သီဆိုပေးခဲ့ပါတယ်။ အဲဒီအမျှော်ဆိုက်သီချင်းကို ဇာတ်ရုပ်မင်းသားဖြစ်တဲ့ တွံတေးသိန်းတန်က နားထောင်ပြီးတဲ့နောက် သူ့ဘက်ကနေသီဆိုဖို့ တန်ပြန်သီချင်းတစ်ပုဒ်လိုအပ်ပါတယ်။ အဲဒီသီချင်းကို ကိုလှထွဋ်ကရေးဖွဲ့ပြီး တွံတေးသိန်းတန်က သီဆိုပါတယ်။

ဇာတ်ကားထဲမှာကျတော့ စန္ဒရားခုံမှာ တွံတေးသိန်းတန်က တီးခတ်သီဆိုသရုပ်ဆောင်ပြီး မင်းသမီးတင်တင်ညိုကနံဘေးမှာနားထောင်ရတဲ့ သဘောဖြစ်ပါတယ်။

အဲဒီအခန်းရိုက်ကူးတဲ့အချိန်က မောင်မိုးသူစိတ်ကူးလိုက်ပုံက ဆင်ဖိုနီဂီတတီးဝိုင်းကြီးနဲ့ တွံတေးသိန်းတန်က စန္ဒရားတီး၊ သီဆို၊ တယောအလက်ပေါင်းများစွာပါဝင်စေချင်တာ။ အဲဒီလိုမောင်မိုးသူကပြောတော့ ကိုလှထွဋ်က ရယ်မောပြီး "ဟေ့လူ ကျုပ်ဝိုင်းမှာတော့ မောင်တင်ရီနဲ့ မောင်တင်ငွေ တယောနှစ်လက်ပဲရှိတယ်။ တခြားတယောဆရာတွေလည်း ရှာဖို့မဖြစ်နိုင်ဘူး။ အဲဒီနှစ်ယောက်နဲ့ပဲ ဖြစ်အောင်ရိုက်ပေတော့"လို့ ဆိုပါတယ်။ ဒီလိုနဲ့ မောင်မိုးသူ အဲဒီနှစ်ယောက်နဲ့ပဲ ရိုက်ကူးခဲ့ရပါတယ်။

ကိုလှထွဋ်နဲ့ ငြင်းရင်းခုံရင်းအမှတ်တရအဖြစ် ကျန်ရှိနေခဲ့ရတာကတော့ မှုန်နံ့သာဇာတ်ကားရဲ့ ခေါင်းစီးသီချင်းဖြစ်ပါတယ်။ အဲဒီသီချင်းကို မောင်မိုးသူက အမေရိကန်နယ်လှည့်ဆပ်ကပ်သမားတွေ တီးခတ်လေ့ရှိတဲ့ ဘင်ခရာတီးဝိုင်းကြီးများလို တီးခတ်ချင်တာ။ ရွေးချယ်ထားတဲ့ စကားလုံးတွေကလည်း ဒီလိုလေ။ "မှုန်နံ့သာအကုန်ပါ .. ကားကြီးမဟာ.. လာပါပြီတဲ့ဗျာ...ဂျန်းဂျန်းဂျန်း" အဲဒီမှာ ကိုလှထွဋ်က ကြောင်တယ်ဆိုပြီး ရယ်ပါလေရော။ မောင်မိုးသူကတော့ "ဒီဇာတ်က အကြောင်ဇာတ်ဗျ။ ကျွန်တော်လုပ်ချင်တာ လုပ်ခွင့်ရှိပါတယ်"လို့ပြောပြီး အဲဒီအတိုင်း သူ့ကို သီဖွဲ့စေပါတယ်။

ပိုဆိုးတာကတော့ အဲဒီခေါင်းစီးသီချင်းထဲမှာ မောင်မိုးသူပါချင်တဲ့ စာသားက "အပ်ဆိုတာ ချွန်ချွန်လေးက အဖျားလို့ခေါ်တာ။ ဒီမှန်သောသစ္စာစကားကြောင့် ငါ့ကားပိုက်ဆံရစေသား" ဆိုတော့ ကိုလှထွဋ်က တင်းပြီလေ။ "ဒါတော့ ကိုရင့်ဟာ အတော့်ကိုလွန်နေပြီ"လို့ ဆိုပါတယ်။ ဒါပေမယ့်လည်း မောင်မိုးသူက ဖြစ်အောင်ရေးပေးဖို့ အတင်းပူဆာတော့ ကိုလှထွဋ်လည်း ရေးပေးရှာပါတယ်။

မှုန်နံ့သာဇာတ်ကားမှာ နန်းတော်ရှေ့ဆရာတင်ရဲ့ အောင်ပင်လယ်သီချင်းကို တွံတေးသိန်းတန် ဆိုပါတယ်။ အဲဒီသီချင်းမှာက အရေးအကြီးဆုံးအပိုဒ်ကတော့ "ပဒုမ္မာကြာရယ် ကျုပ်ရည်းစားနဲ့ ညားအောင်စောင့်ဦးကွယ်" ပဲ ဖြစ်ပါတယ်။

နောက်ထပ် တွံတေးသိန်းတန်သီဆိုရတဲ့ သီချင်းကတော့ ဇာတ်ကားထဲမှာက မင်းသားတွံတေးသိန်းတန်ရူးသွားပြီးတဲ့နောက် ဇာတ်မင်းသားအဝတ်အစားနဲ့ ဆရာစိန်ဗေဒါရေးတဲ့ ပြောည္လွန့်သီချင်းနဲ့ သီဆိုကပြရတဲ့ အခန်းအတွက် ဖြစ်ပါတယ်။ အဲဒီသီချင်းကတော့ "မြို့လယ်ကမဏ္ဍပ်၊ အရပ်မှာတဲ့ ကုသိုလ်၊ ကျောင်းကြီးရယ် အို" ဆိုတဲ့ နာမည်ကျော် သီချင်းပါပဲ။

မှုန်နံ့သာဇာတ်လမ်းကတော့ အရူးကြောက်တတ်တဲ့ ကောင်မလေးတစ်ယောက်ဟာ ရွှေတိဂုံဘုရားပေါ်က အဆင်း သွေးဆေးကန်ဘက်မှာ အရူးတစ်ယောက်နဲ့ ပက်ပင်းတွေ့ပါတယ်။ (အဲဒီအရူးရဲ့ဇာတ်ရုပ်ကို မောင်မိုးသူ ဂန္ထဝင်အရူးဇာတ်ရုပ် သရုပ်ဆောင် ဖာတစ်လုံးခေါင်းကြား ဦးခင်မောင်ကို အကူအညီတောင်းပြီး ရိုက်ကူးပါတယ်။) အဲဒါကြောင့် အရူးနဲ့ဝေးရာကိုထွက်ပြေးရာမှာ ရပ်ထားတဲ့ကားကို ဝင်တိုက်ပြီး မိန်းကလေးခေါင်းကွဲသွားပါတယ်။ ကားပိုင်ရှင်ကတော့ တွံတေးသိန်းတန်ဖြစ်ပါတယ်။ တွံတေးသိန်းတန်က "ကျုပ်ကားကခင်ဗျား ကို တိုက်တိုက်၊ ခင်ဗျားက ကျုပ်ကားကိုဝင်တိုက်တိုက် ကျုပ်မှာတာဝန်ရှိတယ်"ဆိုပြီး မိန်းကလေးကို ဆေးခန်းလိုက်ပို့ပါတယ်။

ဆေးခန်းပို့ပြီးတဲ့နောက် မိန်းကလေးနေတဲ့ ဆင်းရဲသားရပ်ကွက်ထဲကို သူ့ကားကြီးနဲ့ အိမ်တိုင်ရာရောက်လိုက်ပို့ပါတယ်။ နောက်တစ်နေ့မှာတော့ မောင်သိန်းတန်က ပန်းတွေအများကြီးသယ်သွားပြီး မိန်းကလေးအိမ်ကိုလာပါတယ်။ မိန်းကလေးကတော့ သူ့အတွက် ယူလာတယ်ဆိုပြီး ဝမ်းသာတာပေါ့။ တကယ်တော့ မောင်သိန်းတန်က အဲဒီအိမ်မှာရှိတဲ့ ဘုရားစင်က အလွန်သပ္ပာယ်တယ်ဆိုပြီး ဘုရားတင်ဖို့ပန်းတွေဝယ်လာတာလို့ ဆိုပါတယ်။ အဲဒီလိုအဲဒီလိုနဲ့ မောင်သိန်းတန်ဟာ မိန်းကလေးရဲ့အိမ်ကို အဝင်၊ အထွက်များလာပါတယ်။

နောက်ဆုံး သူတို့နှစ်ယောက် ချစ်သူဖြစ်ဖို့ ရည်းစားစကားပြောတဲ့အချိန်ရောက်မှ မောင်သိန်းတန်ရဲ့ မိခင်နဲ့ ဆရာဝန်လိုက်လာတော့ မောင်သိန်းတန်က "ကျွန်တော် အရူးမဟုတ်ဘူး" ဆိုပြီး ပြေးသွားပါတော့တယ်။

အဲဒီတော့မှ အရူးကြောက်တဲ့ မိန်းကလေးဟာ အရူးနဲ့ကြုံဆုံရတဲ့ဇာတ်ကို ဖွဲ့စည်းထားတာဖြစ်ပါတယ်။

မှုန်နံ့သာရဲ့ အမှတ်တရကလည်း အများကြီးပါပဲ။ ကိုလှထွဋ်နဲ့ အမှတ်တရတွေကလည်း အများကြီးပါပဲ။ ။

❖ စာမျက်နှာ ၈ မှ

နောက်တစ်ခါ ရန်ကုန်တက္ကသိုလ်ပတ်လမ်း။ အဓိပတိလမ်းမကြီးက ဝင်လာရင် အပန်းဖြေရိပ်သာကို ဗဟိုထားပြီးတော့ အဓိပတိလမ်းတစ်လျှောက် ရုပ်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်အောင် ရှုခင်းတွေ ရအောင် လုပ်မယ်။ အဓိပတိလမ်း လူသွားလမ်း၊ စက်ဘီး၊ ကျောင်းသားတွေသွားတဲ့လမ်း၊ ပြင်ပလှုပ်ရှားမှုတွေလုပ်နိုင်အောင် အပန်းဖြေနိုင်အောင်လုပ်မှာဖြစ်ပါတယ်။ ကားတွေအတွက် ရန်ကုန်တက္ကသိုလ်ပတ်လမ်းကို တည်ဆောက်နေပါတယ်။ တက္ကသိုလ်များ ဓမ္မာရုံကိုလည်း ပြင်ဆင်ပြီး ဆောင်ရွက်နေပါတယ်။

ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်ဖို့လည်း နိုင်ငံတကာတက္ကသိုလ်တွေနဲ့ချိတ်ဆက်ပြီး သင်ရိုးညွှန်းတမ်းတွေ နိုင်ငံတကာအဆင့်မီအောင် ပညာရှင်တွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။

သုတေသနစာတမ်း ဖတ်ဖို့လည်း အားပေးတယ်။ သုတေသနစာတမ်းဖတ်ဖို့ နိုင်ငံတကာတက္ကသိုလ်တွေနဲ့ပေါင်းပြီး သုတေသနစာတမ်းဖတ်ပွဲတွေလုပ်မှာပါ။ ရန်ကုန်တက္ကသိုလ်မှာရှိတဲ့ ဘာသာရပ်တွေက ကိုယ့်ဒေသအကျိုး၊ ကိုယ့်လူမှုအဖွဲ့အစည်းအကျိုး၊ နိုင်ငံအကျိုးလုပ်ဖို့ ဘာသာရပ်အသစ်တွေ ဖွင့်လှစ်ပြီး၊ ဖွင့်လှစ်ဆဲဖြစ်ပါတယ်။ ဥပမာ ရာပြည့်အကြိုကာလကတည်းက ငါးလုပ်ငန်းပညာအတွက်လည်း ဘာသာရပ်အသစ်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

ရေပညာဘာသာရပ်အတွက်လည်း ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ရေကလည်း ပတ်ဝန်းကျင်ထိန်းသိမ်းမှုအတွက် အလွန်အရေးကြီးပါတယ်။ မြန်မာနိုင်ငံအနေနဲ့ရော ကမ္ဘာမှာ ရေအကြောင်းကို အထူးလေ့လာရမယ့် ဘာသာရပ်ဖြစ်ပါတယ်။ ဘာသာရပ်အသစ်တွေဖွင့်ပါတယ်။ နောက်ပြီး နိုင်ငံဆက်ဆံရေးဘာသာရပ်တွေ ပူးတွဲဆက်လက်ဖွင့်လှစ်မှာဖြစ်ပါတယ်။

နောက်တစ်ခါ မြန်မာလူမျိုးတွေသာမက တိုင်းရင်းသားတွေပါ လေ့လာလို့ရတဲ့ ဘာသာရပ်တွေကို Myanmar National Study အဖြစ် တိုးချဲ့ပြီး ဖွင့်လှစ်ထားပါတယ်။ အဓိကဆိုလိုချင်တာက တက္ကသိုလ်ရာပြည့်ကို ပိုပြီးဝိုင်းဝန်းကူညီစေချင်တယ်။ ကျောင်းသားဟောင်းတွေ၊ မျိုးဆက်သစ်ကျောင်းသားတွေ၊ ပညာရှင်တွေ အားလုံးကူညီပံ့ပိုးပေးစေချင်ပါတယ်။ ပြည်သူတွေ၊ ကျောင်းသားမိဘတွေအားလုံး ပါဝင်ကူညီစေချင်ပါတယ်။

ရန်ကုန်တက္ကသိုလ် ဆရာ၊ ဆရာမ၊ ကျောင်းသားတွေရဲ့စွမ်းရည် အဆင့်မြှင့်ဖို့ လိုပါတယ်။ ရန်ကုန်တက္ကသိုလ်နဲ့ဆက်စပ်နေတဲ့ သူတွေရော၊ ကျောင်းသားဟောင်းတွေရော၊ မျိုးဆက်သစ်ကျောင်းသားအားလုံး ကြိုးပမ်းမယ်၊ မျိုးဆက်သစ်ပညာရှင်ဆရာ ဆရာမတွေကလည်း ကြိုးစားမယ်ဆိုရင် ရန်ကုန်တက္ကသိုလ်ကြီးက တဖြည်းဖြည်းတိုးတက်လာပြီး ၂၀၃၀ လောက်ကျရင် အရှေ့တောင်အာရှမှာ နိုင်ငံတကာအသိအမှတ်ပြုတဲ့ နိုင်ငံ့ဂုဏ်ဆောင် တက္ကသိုလ်ဖြစ်လာပါလိမ့်မယ်လို့ ယုံကြည်မိပါတယ်။

ရန်ကုန်တက္ကသိုလ်နဲ့ MoU ထိုးထားတဲ့ နိုင်ငံတကာတက္ကသိုလ်တွေလည်း ဖိတ်ကြားမှာပါ။ ကျွန်တော်တို့တက္ကသိုလ်တွေသာမက မိတ်ဖက်အဖွဲ့အစည်းတွေ၊ သုတေသနစာတမ်းဖတ်ပွဲတွေ လုပ်ပါမယ်။ ရာပြည့်အတွက်လည်း နိုင်ငံတကာပညာရှင်တွေကို ဖိတ်ကြားပြီး စာတမ်းဖတ်ပွဲ ဆက်တိုက်လုပ်နေပါတယ်။ Grand Ceremony တွေမှာလည်း စာတမ်းဖတ်ပွဲလုပ်သွားမှာပါ။ တစ်နှစ်အတွင်း မိတ်ဖက်တက္ကသိုလ်အဖွဲ့အစည်းတွေနဲ့လည်း သက်ဆိုင်ရာဘာသာရပ်အလိုက် စာတမ်းဖတ်ပွဲတွေ တစ်နှစ်ပတ်လုံး လုပ်သွားပါမယ်။

ရာပြည့်အထိမ်းအမှတ်ပြတိုက်လည်း ဖွင့်လှစ်သွားဖို့ရှိပါတယ်။ ပြတိုက်က အဓိပတိလမ်း အိမ်နံပါတ် ၃၃ မှာဖြစ်ပြီး ခေတ်လေးခေတ် ပါဝင်ပြသမယ်။ ဒါတွေက ၁၉၂၀ ကနေ ၂၀၂၀ အထိ ပြခန်းတွေ ခွဲပြီးပြသသွားမယ်။ အိမ်အမှတ် ၃၄ မှာ ရန်ကုန်တက္ကသိုလ်သမဂ္ဂရုံးရှိတယ်။ မျက်နှာချင်းဆိုင်အိမ်အမှတ် ၃၅ မှာ ရာပြည့်အထောက်အကူပြု ကျောင်းသားဟောင်းများကော်မတီရုံးခန်းရှိတယ်။

အခုလာမယ့် ၂၀၂၀ ရန်ကုန်တက္ကသိုလ်ရာပြည့်မှာ ပါမောက္ခချုပ်တစ်ယောက်အနေနဲ့ ရာပြည့်ပွဲကြီးကို တကယ်လက်တွေ့ပါဝင်လုပ်ဆောင်ရတဲ့အတွက် အထူးဂုဏ်ယူမိပါတယ်။ အဲဒီအတွက်လည်း ကြိုးပမ်းပြီး ဆောင်ရွက်နေပါတယ်။



# ငါးသိုင်းချောင်းမြို့တွင် လူထုအခြေပြုဗဟိုဌာန ဖွင့်ပွဲကျင်းပ


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ငါးသိုင်းချောင်းမြို့ လူထုအခြေပြုဗဟိုဌာန ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။

**ငါးသိုင်းချောင်း အောက်တိုဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ လူထုအခြေပြုဗဟိုဌာန (Community Centre) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ငါးသိုင်းချောင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကျင်းပသည်။

**တက်ရောက်**

လူထုအခြေပြုဗဟိုဌာန ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးသန်းထွန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် ဒေသခံပြည်သူများ၊ ကရင်ရိုးရာယဉ်ကျေးမှုအဖွဲ့နှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် စာကြည့်တိုက်ရှေ့မျက်နှာစာတွင် ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်၊ ရေကြည်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် အဆောက်အဦအလှူရှင် NANO TO GIGA STEEL Co.,Ltd. မှ ဒေါ်ခင်ဝင်းတို့က အဆောက်အဦသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့်အဖွဲ့သည် လူထုအခြေပြုဗဟိုဌာနရှိ ပြတိုက်ငယ်၊ ကွန်ပျူတာသင်တန်းခန်းမနှင့် စာကြည့်တိုက်များကို လှည့်လည်ကြည့်ရှုကြပြီး စာကြည့်တိုက်သို့ လာရောက်ကြသည့် လူငယ်များအား စာအုပ်/ စာစောင်များကို လည်းကောင်း၊ ကလေးစာဖတ်ခန်းသို့ လာရောက်ကြသည့် ကလေးငယ်များအား ကလေးကစားစရာ အရုပ်များကို လည်းကောင်း ပေးအပ်ကြသည်။

ဆက်လက်၍ လူထုအခြေပြုဗဟိုဌာန ဖွင့်ပွဲအခမ်းအနား (ဒုတိယပိုင်း) အစီအစဉ်ကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းစာများ ထုတ်ဝေခြင်း၊ ရေဒီယိုနှင့်ရုပ်မြင်သံကြား ထုတ်လွှင့်ခြင်းတို့ဖြင့် အစိုးရအဖွဲ့၏လုပ်ဆောင်နေသည့် လုပ်ငန်းများကို အများပြည်သူသိရှိနိုင်ရန် ဆောင်ရွက်နေပါကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် စာကြည့်တိုက်များကို မြို့နယ်အသီးသီးတွင် ဖွင့်လှစ်ဆောင်ရွက်နေခြင်းသည် အများပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနိုင်ရန်အတွက် ဖြစ်ပါကြောင်း၊ ယခုအခါ အများပြည်သူနှင့် အပြန်အလှန်ဆက်ဆံသည့် အနေအထားမျိုးဖြစ်အောင် လူထုအခြေပြုဗဟိုဌာနများအဖြစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်နေပါကြောင်း။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

**ဆွေးနွေးတိုင်ပင်နိုင်ရန် ရည်ရွယ်**

Community Centre များတွင် တစ်ဦးချင်း သာရေး၊ နာရေးအထိ ဆက်သွယ်ပြောဆိုဆောင်ရွက်နိုင်ရန်၊ ရပ်ရွာကိစ္စများ၊ စိတ်ဝင်စားဖွယ်အကြောင်းအရာအမျိုးမျိုးတို့ကို ဆွေးနွေးတိုင်ပင်နိုင်ရန် ရည်ရွယ်ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတကာတွင်လည်း Community Centre များ ဆောင်ရွက်နေသကဲ့သို့ မိမိတို့မြို့တိုင်း၊ ရွာတိုင်းတွင်လည်း Community Centre များရှိသင့်သည်ဟု ယုံကြည်ချက်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်တွင် တိုင်းပြည်၏အရေးကိစ္စများ၌ ပြည်သူများ ပါဝင်ဆွေးနွေးနိုင်ရန် လိုအပ်ရာ ပြည်သူများပါဝင်ဆွေးနွေးတိုင်ပင်သည့် နေရာများဖြစ်လာစေရန်နှင့် ဆွေးနွေးပြောဆိုသည့် အလေ့အထထွန်းကားလာစေရန်ရည်ရွယ်ပြီး ဆောင်ရွက်နေခြင်းလည်း ဖြစ်ပါကြောင်း၊ ထို့ပြင် အနယ်နယ်အရပ်ရပ်တွင် ပြည်သူ့စကားဝိုင်း (Public Talk)များ စီစဉ်ကျင်းပလျက်ရှိရာ ယခုအခါ အရေအတွက်အားဖြင့် နှစ်ထောင်ကျော်ပြီဖြစ်ပါကြောင်း။

အများပြည်သူပါဝင်ပြီး ပီပြင်သည့်စကားဝိုင်းများဖြစ်လာအောင် ဝိုင်းဝန်းဆောင်ရွက်ကြရမှာဖြစ်ပါကြောင်း၊ Community Centre များတွင် ကလေးစာဖတ်ခန်းများ ထည့်သွင်းထားပြီး ကလေးငယ်များ စာဖတ်ဝါသနာပါအောင် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံသားများစာဖတ်သည့် အလေ့အထထွန်းကားစေရန်၊ အသိပညာပြည့်ဝစေရန်နှင့် ပြန့်ပွားစေရန် ရည်ရွယ်ဆောင်ရွက်နေခြင်းလည်း ဖြစ်ပါကြောင်း၊ ထို့ပြင် ပြတိုက်ငယ်များလည်း ထည့်သွင်းဆောင်ရွက်ထားရှိရာ တန်ဖိုးထားအပ်သည့်အရာများကို စုဆောင်းထိန်းသိမ်းပြီး ခင်းကျင်းပြသသည့် အလေ့အထရရှိနိုင်ရန် စီစဉ်ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ ငါးသိုင်းချောင်းမြို့ Community Centre ဖြစ်မြောက်ရေးအတွက် အဆောက်အဦနှင့် ဆက်စပ်ပစ္စည်းများ ဝိုင်းဝန်းလှူဒါန်းပေးကြသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ရေရှည်တည်တံ့နိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ငါးသိုင်းချောင်းမြို့တွင် Community Centre ဖွင့်လှစ်နိုင်ခြင်းသည် သုတဘဏ်တိုက်တစ်ခု (သို့မဟုတ်) လှပသည့် ပန်းဥယျာဉ်တစ်ခု ပေါ်ထွန်းလာခြင်းဖြစ်သည်ဟု ပြောလိုပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် "ပြည်သူနှင့်အတူ" ဆောင်ပုဒ်နှင့်အညီ ပြည်သူ့အကျိုးကို အစဉ်ရှေးရှုဆောင်ရွက်လျက်ရှိသကဲ့သို့ မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့်လည်း ယခုကဲ့သို့ လူထုအခြေပြုဗဟိုဌာနပေါ်ထွန်းလာစေရန်အတွက် တတ်အားသရွေ့ထည့်ဝင်လှူဒါန်းမှုအပြင် ဒေသခံကုမ္ပဏီနှစ်ခုကိုလည်း ပါဝင်လှူဒါန်းနိုင်ရန် ဆက်သွယ်ဆောင်ရွက်ပေးခဲ့ပါကြောင်း။

**သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ပေါ်လာ**

ထို့ကြောင့် အစိုးရနှင့်ပြည်သူ ဟန်ချက်ညီညီဖြင့် ပြည်သူအကျိုးလက်တွဲဆောင်ရွက်နိုင်သည့် သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ပေါ်လာခြင်းဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ဖြစ်ထွန်းလာစေရန်အတွက် အကောင်အထည်ဖော် စီစဉ်ဆောင်ရွက်ခြင်းလည်း ဖြစ်ပါကြောင်း၊ ယမန်နှစ်က ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကလေးစာပေပွဲတော်ကို စည်ကားသိုက်မြိုက်စွာဖြင့် စီစဉ်ကျင်းပနိုင်ခဲ့ပြီး ယခုနှစ်တွင်လည်း နိုဝင်ဘာလမှစ၍ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ၂၆ မြို့နယ်လုံးတွင် ကလေးစာပေပွဲတော်များကို စည်စည်ကားကားဖြစ်အောင် စီစဉ်ကျင်းပသွားမှာဖြစ်ပါကြောင်း၊ ကလေးများ စာပေကိုတစ်သက်တာစိတ်ပါဝင်စားစွာဖြင့် ဖတ်ရှုလာစေရန်၊ ပြည်သူများ စာပေဖတ်ရှုမှု ပိုမိုအားကောင်းလာပြီး အသိဉာဏ်ပညာများ ပိုမိုတိုးပွားလာကာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ငါးသိုင်းချောင်းမြို့တွင် ထူးထူးခြားခြားဖြစ်ပေါ်လာသည့် Community Centre ကို အကျိုးရှိရှိ အသုံးပြုခြင်းဖြင့် မိမိအကျိုး၊ ရပ်ရွာဒေသအကျိုး၊ တိုင်းဒေသကြီးအကျိုးနှင့် နိုင်ငံအကျိုးကို ဖော်ဆောင်နိုင်သည့် သားကောင်းသမီးရတနာများ ပေါ်ထွန်းလာနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် အလှူရှင်များကိုယ်စား NANO TO GIGA STEEL Co.,Ltd. မှ ဒါရိုက်တာ ဦးအောင်ဇော်ဦးက ငါးသိုင်းချောင်းမြို့ လူထုအခြေပြုဗဟိုဌာနအတွက် နှစ်ထပ်အဆောက်အဦတစ်လုံး လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဆောက်အဦအလှူရှင်နှင့် ကလေးစာဖတ်ခန်းအတွက် အလှူရှင်တို့အား လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က အဲကွန်း၊ ကွန်ပျူတာနှင့် ပရိဘောဂအလှူရှင်များအား လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ထို့နောက် ငါးသိုင်းချောင်းမြို့မှ မြို့မိ မြို့ဖ ဦးအောင်စိုးမြင့်က လူထုအခြေပြုဗဟိုဌာနအဖြစ် အဆင့်မြှင့်တင် ဖွင့်လှစ်နိုင်ခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ အလှူရှင်များနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် အလှူရှင်များ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဒေသခံတိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့တို့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်ရှိ ငါးသိုင်းချောင်းမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❖**

# ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဘက်စုံ၊ ကဏ္ဍစုံမှ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယင်းဆောင်ရွက်ချက်များအနက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အကျဉ်းချုပ်၍ ပြည်သူများသို့ အစီရင်ခံတင်ပြအပ်ပါသည်။

## ရခိုင်ပြည်နယ်၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှု

(ယမန်နေ့မှ အဆက်)

### လူထုဗဟိုပြုစီမံကိန်း

ကမ္ဘာ့ဘဏ်၏ အကူအညီအထောက်အပံ့ဖြင့် လူထုဗဟိုပြုစီမံကိန်းကို ဆောင်ရွက်လျက်ရှိရာ ဂွမြို့နယ်နှင့် ပုဏ္ဏားကျွန်းမြို့နယ်တို့တွင် ကျေးရွာ(၃၄၉)ရွာအနက်မှ-

ဂွမြို့နယ်ရှိ ကျေးရွာအုပ်စု (၃၃)အုပ်စုမှ ကျေးရွာ(၁၅၆)ရွာအတွက် စီမံကိန်းလုပ်ငန်းခွဲပေါင်း (၁၀၄)ခု လျာထားရာ လမ်းတံတား(၅၆)ခု၊ စာသင်ကျောင်း (၁)ကျောင်း၊ ကျေးရွာခန်းမ(၂)ခု၊ ရေပေးရေး (၉)ခု၊ မီးလင်းရေး(၁)ခုနှင့် အခြား(၁)ခု စုစုပေါင်း (၇၀)ခု ဆောင်ရွက်ပြီး ဖြစ်ပါသည်။

ပုဏ္ဏားကျွန်းမြို့နယ်ရှိ ကျေးရွာအုပ်စု (၉၂)အုပ်စုမှ ကျေးရွာ (၁၉၃)ရွာအတွက် လျာထားသည့် စီမံကိန်းလုပ်ငန်းခွဲပေါင်း (၆၀)အနက် ကျေးရွာအုပ်စု (၃၈) အုပ်စုမှ ကျေးရွာ (၅၇)ရွာတွင် လမ်းတံတား(၃၀)ခု၊ အခြားလုပ်ငန်း (၁)ခု စုစုပေါင်း(၃၁)ခု ဆောင်ရွက်ပြီး ဖြစ်ပါသည်။



ဂွမြို့နယ်၊ တောင်ပေါက်ကျေးရွာအုပ်စု၊ ဆင်ကူးကျေးရွာ ရေကန်ပြုပြင်ခြင်းနှင့် ရေစက်ရုံတည်ဆောက်ခြင်း



ပုဏ္ဏားကျွန်းမြို့နယ်၊ သရက်ချုံကျေးရွာ မြေသားရေကန် တာပေါင်မြှင့်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်း

### စက်ပစ္စည်းများ အစားထိုးသုံးစွဲခြင်း



ကျောက်တော်မြို့နယ်၊ ဒေါင်းတောင်ယိုးကျေးရွာတွင် မိုးစပါးရိတ်သိမ်း ခြွေလှေ့ခြင်း



တောင်ကုတ်မြို့နယ်၊ ဆားပြင်ကျေးရွာတွင် တောင်သူများသို့ လက်တွန်းထွန်စက်များ ရောင်းချပေးခြင်း

အစီရင်ခံသည့်ကာလအတွင်း ဌာနပိုင်စက်ယန္တရားများဖြင့် မိုးစပါး(၂၁၈၈၇)ကေလွှာ ထွန်ယက်စိုက်ပျိုးနိုင်ခဲ့ပြီး၊ ၎င်းတို့အနက် ဌာနပိုင်ရိတ်သိမ်းခြွေလှေ့စက်များဖြင့် (၂၂၇၂)ဧက ရိတ်သိမ်းနိုင်ရေး ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါသည်-

| စဉ် | ကာလ | စိုက်ပျိုးမှု(ဧကလွှာ) (မိုးစပါး) | ရိတ်သိမ်းခြွေလှေ့ခြင်း (ဧက) |
|---|---|---|---|
| ၁ | (၁-၅-၂၀၁၈) ရက်နေ့မှ(၃၁-၈-၂၀၁၈) ရက်နေ့အထိ | ၁၃၅၃၂ | - |
| ၂ | (၁-၉-၂၀၁၈) ရက်နေ့မှ(၃၁-၁၂-၂၀၁၈) ရက်နေ့အထိ | ၆၀၉၅ | ၄၇၉၀ |
| ၃ | (၁-၁-၂၀၁၉) ရက်နေ့မှ(၃၀-၄-၂၀၁၉) ရက်နေ့အထိ | ၆၇၉၀ | ၂၂၇၂ |
| ၄ | (၁-၅-၂၀၁၉) ရက်နေ့မှ(၃၁-၈-၂၀၁၉) ရက်နေ့အထိ | ၁၅၀၉၇ | - |

အစီရင်ခံသည့်ကာလအတွင်း တောင်သူများသို့ အရစ်ကျငွေချေစနစ်ဖြင့် ထွန်စက်ကြီး (၆)စီး၊ လက်တွန်းထွန်စက် (၃၈၃)စီး၊ ခြွေလှေ့စက် (၃)စီး ရောင်းချနိုင်ခဲ့ပြီး ယခင်ကာလများရောင်းချခဲ့မှုကို အောက်ပါအတိုင်းတင်ပြအပ်ပါသည်-

| စဉ် | ကာလ | ထွန်စက်ကြီး | လက်တွန်း ထွန်စက် | ခြွေလှေ့စက် |
|---|---|---|---|---|
| ၁ | (၁-၅-၂၀၁၈) ရက်နေ့မှ(၃၁-၈-၂၀၁၈) ရက်နေ့အထိ | - | ၃၉၂ | - |
| ၂ | (၁-၉-၂၀၁၈) ရက်နေ့မှ(၃၁-၁၂-၂၀၁၈) ရက်နေ့အထိ | - | ၁၈ | ၂ |
| ၃ | (၁-၁-၂၀၁၉) ရက်နေ့မှ(၃၀-၄-၂၀၁၉) ရက်နေ့အထိ | ၅ | ၁၅၁ | - |
| ၄ | (၁-၅-၂၀၁၉) ရက်နေ့မှ(၃၁-၈-၂၀၁၉) ရက်နေ့အထိ | ၁ | ၂၃၂ | ၃ |

စပါးများကို အခြောက်ခံ တာရှည်သိုလှောင်ထိန်းသိမ်းထားနိုင်ရန်အတွက် တန်(၃၅၀)ဆံ့ Silo တည်ဆောက်ခြင်း လုပ်ငန်းသည် (၁၆-၂-၂၀၁၉) ရက်နေ့တွင် ၁၀၀ % ပြီးစီးပြီဖြစ်ပါသည်။





အရည်အသွေးပြည့်မီသည့် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များ ဖြန့်ဝေပေးခြင်းနှင့် ခေတ်မီစိုက်ပျိုးနည်းစနစ်များအသုံးပြု၍ စိုက်ပျိုးခြင်း



သံတွဲမြို့နယ်တွင် မိုးစပါးမျိုးစေ့ထောက်ပံ့ပေးအပ်ခြင်း



ကျောက်တော်မြို့နယ်တွင် မြေပဲမျိုးစေ့ထုတ်စိုက်ခင်း ဆောင်ရွက်ထားရှိမှု

(ဆက်လက်ဖော်ပြပါမည်)

❖ စာမျက်နှာ ၁၀ မှ

ရုံး/စာကြည့်တိုက်ကို လူထုအခြေပြုဗဟိုဌာနအဖြစ်အဆင့်မြှင့်တင်ရာတွင် မူလအဆောက်အဦကို နိုင်ငံတော်ဘဏ္ဍာငွေမှ ငွေကျပ် ၅၃၉၅၃၀၀ ဖြင့် ပြင်ဆင်ခဲ့ပြီးနောက် ရုံးဝင်းအတွင်းရှိ မြေလွတ်နေရာတွင် NANO TO GIGA STEEL Co., Ltd. မှ ငွေကျပ် ၃၆၁၁၈၀၀၀ တန်ဖိုးရှိ နှစ်ထပ်အဆောက်အဦတစ်လုံးကို လည်းကောင်း၊ ကလေးစာဖတ်ခန်းအတွက် စာအုပ်/စာစောင်များ၊ အသုံးအဆောင်ပစ္စည်းများနှင့် အဲကွန်းနှစ်လုံး စုစုပေါင်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀ ကို ရန်ကုန်မြို့ရှိ မြန်မာ့ကြယ်စင်လင်းပုံနှိပ်လုပ်ငန်းမှ ဦးစိုးညဏ်လင်းနှင့် ဒေါ်စမ်းစမ်းအေး မိသားစုမှ လည်းကောင်း၊ ကွန်ပျူတာ ငါးစုံ၊ ပရိဘောဂနှင့် အဲကွန်း နှစ်လုံး စုစုပေါင်းတန်ဖိုးငွေကျပ် ၇၉၄၈၀၀၀ ကို ရွှေမြန်မာ အထွေထွေအာမခံ ကုမ္ပဏီ လီမိတက်(AMI)မှ လည်းကောင်း၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း သုံးစုံ တန်ဖိုးငွေကျပ် ၂၉၅၃၅၀၀ ကို MAX Energy Co., Ltd. မှ လည်းကောင်း ဝိုင်းဝန်းလှူဒါန်းမှုတို့ဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတစ်ဝန်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်နှင့် မြို့နယ်ရုံးစာကြည့်တိုက်များကို လူထုအခြေပြုဗဟိုဌာနများအဖြစ် ပြောင်းလဲဆောင်ရွက်ရန် အဆင့်မြှင့်တင်လျက်ရှိရာတွင် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် လည်းကောင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်မှု(BOT) စနစ်ဖြင့် လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေမှ လည်းကောင်း၊ လွှတ်တော်ရန်ပုံငွေမှ လည်းကောင်း၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း အပါအဝင် စေတနာရှင်အလှူရှင်များ၏ လှူဒါန်းမှုများဖြင့် လည်းကောင်း ပူးပေါင်းပါဝင်မှုများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# ဘဝအားမာန် လောကဓံကြား ဦးတည်သွား

■ ကိုရင်ဩ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်မှုနှစ်(၇၀)ပြည့် အထိမ်းအမှတ် အခမ်းအနားများကို အောက်တိုဘာ ၁ ရက်က ပွဲကြီးသဘင်ဝှဲချီးဆင်ယင်သည်ဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရသောအခါ ၂၁ ရာစုခေတ်တွင် အားကောင်းမောင်းသန် နိုင်ငံတစ်နိုင်ငံအဖြစ်ရပ်တည်နိုင်ရန် ကြိုးပမ်းအားထုတ်နေသော ယင်းနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို စေ့ငုလေ့လာမိလေ၏။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံအဖြစ်ထူထောင်သည့် အထိမ်းအမှတ်အခမ်းအနားများကို ယခုနှစ်တွင် ထူးထူးခြားခြား သိုက်သိုက်မြိုက်မြိုက်ကျင်းပခဲ့၏။ စစ်ရေးပြပွဲကြီး အပါအဝင် အထိမ်းအမှတ်အခမ်းအနားအများအပြားကိုအစီအစဉ်တကျတခမ်းတနားကျင်းပခဲ့၏။

**ပါဝင်အင်အားပြ**

စစ်အင်အားကြီးမားပုံကို ထင်ဟပ်ပြသသည့် စစ်ရေးပြပွဲကြီးကို မြို့တော်ပေကျင်းရှိ တိန်အန်မင် ရင်ပြင်တွင် အင်တိုက်အားတိုက်ကျင်းပခဲ့သည်။ ခေတ်မီလက်နက်များကို အများပြည်သူလူထုအား ပထမဆုံးအကြိမ်ခင်းကျင်းပြသခဲ့ရာတွင် ပင်လယ်ရေနက်ပိုင်း၌ စူးစမ်းလေ့လာမှုပြုလုပ်နိုင်သော ဒရုန်းယာဉ်များမှသည် တိုက်ချင်းပစ်ပဲ့ထိန်းဒုံးအထိ ပါဝင်လေသည်။ စစ်သည် ၁၅၀၀၀ ခန့်အထိ၊ စစ်သုံး လက်နက်ကိရိယာအမျိုးပေါင်း ၅၈၀ နှင့် စစ်လေယာဉ် ၁၆၀ တို့ ပါဝင်အားပြခဲ့ကြကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

တရုတ်နိုင်ငံ၏ နည်းပညာတိုးတက်အောင်မြင်မှုမှာ မကြုံစဖူး ထူးထူးကဲကဲရှိလှပြီး တရုတ်နိုင်ငံလုပ် ခေတ်မီစစ်လက်နက်ပစ္စည်းများကိုပင် ယခုနှစ်တွင် ထုတ်ဖော်ပြသခဲ့သည်။ လွန်ခဲ့သည့် နှစ် ၂၀ ခန့်က အလားတူစစ်ရေးပြပွဲများတွင် ရုရှားနှင့် ယူကရိန်းနိုင်ငံလုပ် စစ်လက်နက်ပစ္စည်းများကိုသာ ခင်းကျင်းပြသခဲ့ရာမှ ယခုအခါ ကိုယ်တိုင်ကိုယ်ကျ ထုတ်လုပ်ထားသော နည်းပညာသုံး စစ်လက်နက်ပစ္စည်းများကို ထုတ်ဖော်ပြသနိုင်လေသည်။

တရုတ်နိုင်ငံ၏ ခေတ်မီနည်းပညာသုံး စစ်လက်နက်ပစ္စည်းသစ်များကို ကမ္ဘာက တွေ့မြင်ခွင့်ရကြသည်။ ယခုနှစ်တွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ကြည်းတပ် ဒုံးတပ်ဖွဲ့က ခင်းကျင်းပြသသော DF-26 ပဲ့ထိန်းဒုံးမှာ တာလတ်ပစ် အမျိုးအစားဖြစ်ပြီး တရုတ်လေကြောင်းအာကာသသိပ္ပံနှင့် နည်းပညာကော်ပိုရေးရှင်းက ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်ဆို၏။

အဆိုပါကော်ပိုရေးရှင်းသည် နိုင်ငံပိုင်ကုမ္ပဏီကြီးတစ်ခုဖြစ်ပြီး နည်းပညာဆိုင်ရာတီထွင်ဆန်းသစ်မှုအမျိုးမျိုးဖြင့် ထုတ်လုပ်မှုများပြုလုပ်လျက်ရှိသည်။ တရုတ်နိုင်ငံ၏ အာကာသစက်မှုလုပ်ငန်းတွင် ဦးဆောင်အဖွဲ့အစည်းကြီးအဖြစ် ရပ်တည်နေကာ သုတေသနနှင့်ဖွံ့ဖြိုးရေးဌာန ရှစ်ခု၊ လုပ်ငန်းအထူးပြုကုမ္ပဏီ ၁၁ ခုနှင့် အခြားသော ဆက်စပ်ကုမ္ပဏီ ၁၃ ခုတို့ ပါဝင်သည်။

စစ်ရေးပြအခမ်းအနားတွင် DF-41 ရွှေ့ပြောင်းနိုင်သော တိုက်ချင်းပစ်ပဲ့ထိန်းဒုံးအမျိုးအစားသစ်ကိုလည်း ထုတ်ဖော်ပြသခဲ့သည်။ စစ်ရေးဆန်းစစ်သူများ၏ အဆိုအရ ယင်းဒုံးလက်နက်သည် ကမ္ဘာ့မည်သည့်နေရာသို့မဆို ပစ်ခတ်နိုင်စွမ်းရှိသည်ဟု သိရသည်။

HSU 001 အမျိုးအစား ပင်လယ်ရေအောက်မောင်းနှင်နိုင်သော ဒရုန်းယာဉ်ကို တရုတ်ရေတပ်မတော်က ခင်းကျင်းပြသခဲ့သည်။ ယင်းမှာ ပင်လယ်ရေအောက် ငုပ်လျှိုးနိုင်သော စက်ရုပ်ရေငုပ်သင်္ဘောဖြစ်ပြီး



PHOTO: nationalinterest.org

HSU 001 အမျိုးအစား ပင်လယ်ရေအောက်မောင်းနှင်နိုင်သော ဒရုန်းယာဉ်ကို တရုတ်ရေတပ်မတော်က ခင်းကျင်းပြသခဲ့သည်။ ယင်းမှာ ပင်လယ်ရေအောက် ငုပ်လျှိုးနိုင်သော စက်ရုပ်ရေငုပ်သင်္ဘောဖြစ်ပြီး ပင်လယ်ရေအောက် ထောက်လှမ်းရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်သည်ဟု နိုင်ငံတကာစစ်ရေးကျွမ်းကျင်သူများက ဆိုကြသည်။

ပင်လယ်ရေအောက် ထောက်လှမ်းရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်သည်ဟု နိုင်ငံတကာ စစ်ရေးကျွမ်းကျင်သူများက ဆိုကြသည်။

အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့က အလားတူ စက်ရုပ်ရေငုပ်သင်္ဘောထုတ်လုပ်နိုင်ရန် ကြိုးပမ်းနေကြဆဲဖြစ်သည်။ HSU 001 ယာဉ်နှင့်အတူ တော်ပီဒို(သို့မဟုတ်) မိုင်းဗုံးများကိုမူ သယ်ဆောင်သွားနိုင်စွမ်း မရှိကြောင်း အမေရိကန်အခြေစိုက် မဟာဗျူဟာနှင့် ကာကွယ်ရေးအသုံးစရိတ်လေ့လာရေးဌာနမှ သုတေသီဘရိုင်ယန်ကလပ်က ပြောကြားသည်။ တရုတ်နိုင်ငံသည် အဆိုပါမောင်းသူမဲ့ ရေငုပ်ရေယာဉ်ကို အရှေ့တရုတ်ပင်လယ်တွင် ဖြန့်ကြက်ကာ ဒေသဆိုင်ရာစစ်ရေးလှုပ်ရှားမှုများကို လေ့လာစောင့်ကြည့်ခွင့်ရှိသည်ဆို၏။

**တက်ရောက်ကြည့်ရှု**

စစ်ရေးပြပွဲအခမ်းအနားသို့ သမ္မတရှီကျင့်ဖျင်နှင့်တကွ ခေါင်းဆောင်ကြီးများ တက်ရောက်ကြည့်ရှုခဲ့ကြသည်။ တရုတ်ကွန်မြူနစ်ပါတီ၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ ရှီသည် ဗဟိုစစ်ရေးကော်မရှင်၏ ဥက္ကဋ္ဌတာဝန်ကိုလည်း ရယူထားသူဖြစ်သည်။ အဆိုပါကော်မရှင်သည် အမျိုးသားပြည်သူ့ကွန်ဂရက်အောက်ရှိ နိုင်ငံတော်အဆင့် ဗဟိုအဖွဲ့အစည်းကြီးတစ်ရပ်ဖြစ်သည်။

ဟန်တရုတ်လူမျိုးတစ်ဦးဖြစ်သူ ရှီသည် ၁၉၇၄ ခုနှစ်တွင် ကွန်မြူနစ်ပါတီသို့ ဝင်ရောက်ခဲ့ရာ ထိပ်တန်းရာထူးနေရာများတွင် စိုးပိုင်သူအဖြစ် ရပ်တည်လာနိုင်ပြီဖြစ်သည်။

ရှီကျင့်ဖျင်သည် ၁၉၅၃ ခုနှစ် ဆန်ရှီးပြည်နယ် ဖူဖျင်မြို့၌ မွေးဖွားခဲ့ပြီး ဟန်တရုတ်လူမျိုး ဖြစ်သည်။ ၁၉၇၄ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီသို့ ဝင်ရောက်သည်။ မာက်စ်သီအိုရီနှင့် အတွေးအခေါ်အယူဝါဒဆိုင်ရာ ပညာရပ်အထူးပြုဘာသာဖြင့် ချင်းဟွာတက္ကသိုလ် လူ့အဖွဲ့အစည်းနှင့် လူမှုသိပ္ပံကျောင်းမှ ဥပဒေဒေါက်တာဘွဲ့ ရရှိခဲ့ကာ ၁၉၆၉ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ ဆန်ရှီးပြည်နယ် ရန်ချွမ်းဒေသရှိ ဝမ်အမ်းရိစုပေါင်းလယ်ယာ၊ လျန့်ကျားဟဲအဖွဲ့၌ ပါတီခွဲအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၈၂ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ကွန်မြူနစ်ပါတီ ဟယ်ပေပြည်နယ် ကျန့်တိန့်မြို့နယ်ကော်မတီဒုတိယအတွင်းရေးမှူးနှင့် အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။

၁၉၈၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဖူကျန့်ပြည်နယ်ရှမန်မြို့ (အမွိုင်မြို့) ပါတီ ကော်မတီအမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် ဒုတိယမြို့တော်ဝန်အဖြစ် ထမ်းဆောင်ခဲ့သည်။

၁၉၈၈ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ ကွန်မြူနစ်ပါတီ ဖူကျန့်ပြည်နယ် နင်းသယ်ခရိုင်ကော်မတီအတွင်းရေးမှူးအဖြစ် ထမ်းဆောင်ခဲ့သည်ဟု ကျွန်ုပ်လေ့လာတွေ့ရှိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်မှုနှစ်ပတ်လည်နေ့သည် သမ္မတရှီအနေဖြင့် တရုတ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးရာထူးကို ၂၀၁၂ ခုနှစ်တွင် စတင်တာဝန်ထမ်းရွက်ခဲ့ချိန် နောက်ပိုင်း ပဉ္စမမြောက်စစ်ရေးပြပွဲကြီးဖြစ်သည်။ တရုတ်နိုင်ငံတွင် ကျင်းပဖူးသမျှ စစ်ရေးပြပွဲများအနက် အကြီးအကျယ် အခမ်းနားဆုံးဖြစ်ပြီး နိုင်ငံထူထောင်ရေးတွင် ပြဿနာမျိုးစုံတွေ့ကြုံခဲ့ရသော တရုတ်နိုင်ငံအနေဖြင့် ယနေ့ကာလတွင် တိုင်းပြည်ထူထူထောင်ထောင်ဖြစ်လာပုံကို ထင်ဟပ်ပြသနေကြောင်း ကယ်လီဖိုးနီးယားတက္ကသိုလ်မှ ပါမောက္ခဆူဆန်ရှစ်က ပြောကြားသည်။

တရုတ်ပြည်သူ ပြည်သားများ တိုးတက်ဖွံ့ဖြိုးလာမှုကို မည်သည့်အင်အားစုကမျှ ပိတ်ဆို့ဟန့်တားနိုင်မည် မဟုတ်ကြောင်း သမ္မတရှီက နိုင်ငံတော်ထူထောင်မှု အထိမ်းအမှတ်နှစ်ပတ်လည်နေ့ မိန့်ခွန်းတွင် မြွက်ကြားခဲ့သည်။

တရုတ်ကွန်မြူနစ်ပါတီ၏ နှစ်ပေါင်း ၇၀ ကြာမျှ အုပ်စိုးမှုကာလအတွင်း ခေတ်မီတိုးတက်သောနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ပုံကို ယင်းနိုင်ငံက ဝင့်ဝင့်ကြွားကြွား ထုတ်ဖော်ပြသလိုက်၏။ ကမ္ဘာပေါ်တွင် အားကောင်းမောင်းသန်နိုင်ငံ တစ်နိုင်ငံအဖြစ် ရပ်တည်လာနိုင်ပြီဆိုသောအချက်ကို သမ္မတရှီကသိကြားစေ သက်သေညွှန်းလိုက်ခြင်း ဖြစ်ကြောင်း ပါမောက္ခဆူဆန်ရှစ်က ဆိုသည်။

တရုတ်နိုင်ငံသည် အမေရိကန်နှင့် ကုန်သွယ်ရေးအရ စစ်ခင်းနေရချိန်၊ ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးကျဆင်းထားချိန်၊ ပြင်ပမှ စီးပွားရေးဖိအားများ သက်ရောက်လာချိန်တွင် နိုင်ငံထူထောင်မှု နှစ်(၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနားများကို တခမ်းတနားကျင်းပခြင်းဖြစ်သည်။

တရုတ်နိုင်ငံ၌ ကွန်မြူနစ်ပါတီခေါင်းဆောင်ကြီးများနှင့်အတူ ပြည်သူလူထုတစ်ရပ်လုံး အောင်ပွဲခံနေချိန်အတွင်း တရုတ်နိုင်ငံ၏ အထူးအုပ်ချုပ်ခွင့်ရဒေသ ဟောင်ကောင်၌ လူမှုရေးမငြိမ်သက်မှုများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။

တရုတ်နိုင်ငံသည် အားသစ် မာန်သစ်နှင့်အတူ တစ်ကျော့ပြန် ရှင်သန်နိုးထလာမှုကို တရုတ်ပြည်သူတို့ အိပ်မက်ပမာ တွေ့မြင်ခွင့်ရကြသည်ဟုဆိုနိုင်ကြောင်း တိန်အန်မင်ရင်ပြင်၌ မိန့်ခွန်းပြောကြားသူ သမ္မတရှီက ဖော်ညွှန်းခဲ့သည်။ တိန်အန်မင်ရင်ပြင်မှာ ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်က ဥက္ကဋ္ဌကြီး မော်စီတုန်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည့်နေရာဖြစ်သည်။

**သမိုင်းမော်ကွန်းဝင်**

တောင်သူလယ်သမား မျိုးရိုးဇာတိမှ ဆင်းသက်ပေါက်ဖွားခဲ့သူ မော်စီတုန်းသည် တရုတ်နိုင်ငံ၏ တော်လှန်ရေးခေါင်းဆောင်ကြီး၊ နိုင်ငံရေးနှင့် ကွန်မြူနစ်ခေါင်းဆောင်ကြီးအဖြစ် သမိုင်းမော်ကွန်းဝင်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအား ၁၉၄၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ချိန်မှစ၍ ၁၉၇၆ ခုနှစ် ကွယ်လွန်ချိန်အထိ သူ၏ နိုင်ငံတော်ကို အုပ်စိုးခဲ့သည်။ မာခ်ဝါဒ-လီနင်ဝါဒနှင့် စပ်လျဉ်း၍ သူရေးသားခဲ့သော သီအိုရီများ၊ စစ်ရေးဗျူဟာများနှင့် မူဝါဒများကို ယနေ့တွင် မော်ဝါဒဟု လူသိများသည်။

ဥက္ကဋ္ဌကြီး မော်စီတုန်းသည် ၁၈၉၃ ခုနှစ်တွင် တရုတ်နိုင်ငံ ဟူနန်နယ် ဆီယန်တန်ရွာကလေး၌ ဖွားမြင်လေသည်။ အသက် ၁၈ နှစ်အရွယ်တွင် ဒေါက်တာဆွန်ယက်ဆင်၏ တော်လှန်ရေးတပ်ဖွဲ့ထဲသို့ ဝင်ရောက်အမှုထမ်းခဲ့သည်။ ထို့နောက် တပ်ဖွဲ့မှထွက်ပြီးလျှင် ဟူနန်နယ် ဆရာဖြစ်သင်ကျောင်းနှင့် ပီကင်းအမျိုးသားတက္ကသိုလ်တို့တွင် အထက်တန်းပညာများကို ဆည်းပူးခဲ့လေသည်။

၁၉၂၁ ခုနှစ်တွင် တရုတ်ကွန်မြူနစ်ပါတီ တည်ထောင်ရေးတွင် ပါဝင်ကူညီခဲ့သည်။ ၁၉၂၂ ခုနှစ်တွင် ဟူနန်နယ် ပါတီဌာနခွဲ၏ အတွင်းရေးမှူးဖြစ်လာသည်။ ၁၉၂၄ ခုနှစ်တွင် မော်စီတုန်းသည် အခြားကွန်မြူနစ်ခေါင်းဆောင်များနှင့်အတူ ချန်ကေရှိတ်၏ ကူမင်တန်အဖွဲ့တွင် ပါဝင်ခဲ့သည်။

၁၉၂၇ ခုနှစ်တွင် နေရှင်နယ်လစ်တို့က ကူမင်တန်ပါတီမှ ကွန်မြူနစ်တို့ကို ပယ်ထုတ်လိုက်သောကြောင့် မော်စီတုန်းသည် အသတ်ခံရမည့်ဘေးမှ တရုတ်နိုင်ငံတောင်ပိုင်းသို့ ရှောင်တိမ်းနေခဲ့ရ၏။ ထိုသို့တိမ်းရှောင်နေရခိုက်တွင် နောင်အခါ တရုတ်ကွန်မြူနစ်တပ်များ၏ သေနာပတိဖြစ်လာမည့် ချူတေးနှင့်အတူ ၁၉၂၈ ခုနှစ်တွင် တရုတ်တပ်နီတော် အမှတ်(၄)ကို တည်ထောင်ခဲ့၍ မော်စီတုန်းသည် ထိုတပ်နီတော်၏ နိုင်ငံရေးအကြံပေးအရာရှိ ဖြစ်လာခဲ့လေသည်။ ၁၉၃၁ ခုနှစ် ဒီဇင်ဘာလတွင် ကျန်ဆီနယ် တရုတ်ဗဟိုဆိုဗီယက်အစိုးရအဖွဲ့၏ ဥက္ကဋ္ဌအဖြစ်

> တရုတ်နိုင်ငံတွင် ကျင်းပဖူးသမျှစစ်ရေးပြပွဲများအနက် အကြီးအကျယ်အခမ်းနားဆုံးဖြစ်ပြီး နိုင်ငံထူထောင်ရေးတွင် ပြဿနာမျိုးစုံတွေ့ကြုံခဲ့ရသော တရုတ်နိုင်ငံအနေဖြင့် ယနေ့ကာလတွင် တိုင်းပြည်ထူထူထောင်ထောင် ဖြစ်လာပုံကို ထင်ဟပ်ပြသနေ

တင်မြှောက်ခြင်း ခံရလေသည်။

၁၉၃၄ ခုနှစ်တွင် တရုတ်ပြည် တောင်ပိုင်းမှသည် နေရှင်နယ်လစ်တပ်များကို ထိုးဖောက်လျက်မြောက်ပိုင်းသို့ ခရီးရှည်ချီတက်ရာ၌ ဦးစီးခေါင်းဆောင်ခဲ့လေသည်။ ထို့နောက် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ရှန်စီနယ် ယီနန်မြို့တွင် ကွန်မြူနစ် ဌာနချုပ်ကိုဖွင့်လှစ်ကာ တရုတ်ကွန်မြူနစ်နိုင်ငံ၏ အခြေခံအုတ်မြစ်များအတွက် ပြင်ဆင်မှုများကို ပြုလုပ်ခဲ့သည်။ တရုတ်ကွန်မြူနစ်တို့သည် ထိုနေရာကို ခြေကုပ်စခန်းပြုကာ ချန်ကေရှိတ်၏တပ်များကို တိုက်ခိုက်ခဲ့ကြရာ တရုတ်နိုင်ငံမြောက်ပိုင်းရှိ နယ်အချို့ကို သိမ်းပိုက်မိခဲ့ကြလေသည်။

**နိုင်ငံတော်ကိုတည်ထောင်**

၁၉၃၆ ခုနှစ်တွင် မော်စီတုန်းသည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းခံရလေသည်။ ယင်းနောက်တွင် ဂျပန်က တရုတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်မှုရှိလာပြီး ပြန်လည်တွန်းလှန် တိုက်ခိုက်ရာတွင် ဦးဆောင်ပါဝင်ခဲ့သည်။ ၁၉၄၈ ခုနှစ် ကုန်ခါနီးတွင် ကွန်မြူနစ်တို့က တရုတ်နိုင်ငံ၏နယ်မြေသုံးပုံတစ်ပုံအထိ သိမ်းပိုက်နိုင်ခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် တရုတ်နိုင်ငံ တစ်နိုင်ငံလုံး ကွန်မြူနစ်အောက်သို့ကျရောက်သွားပြီး ချန်ကေရှိတ် အစိုးရအဖွဲ့မှ ဖော်မိုဆာကျွန်းသို့ ထွက်ပြေးခဲ့ရသည်။ ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်ကို တည်ထောင်နိုင်ခဲ့၏။

တရုတ်နိုင်ငံသည် ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်၏လက်ထက်မှ အစပြု၍ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် တံခါးဖွင့်မူဝါဒတို့ကို ချမှတ်ကျင့်သုံးကြသည်။ တရုတ်ဆိုရှယ်လစ်ဝါဒနှင့် ခေတ်သစ်တည်ဆောက်ရေးအစီအစဉ်ကို သူကဦးဆောင် ရေးဆွဲခဲ့သည်။ တရုတ်နိုင်ငံအား ဈေးကွက်စီးပွားရေးစနစ်ဆီသို့ ဦးဆောင်ခဲ့သူ တိန့်ရှောင်ဖိန် သည် ၂၀ ရာစုခေတ်နှောင်းပိုင်းမှစ၍ တရုတ်နိုင်ငံတော်အား ကမ္ဘာ့စီးပွားရေးနှင့် နိုင်ငံရေး မျက်နှာစာတို့တွင် အခိုင်အမာရပ်တည်လာနိုင်သည့် နိုင်ငံအဖြစ်သို့ ထူထောင်နိုင်သူအဖြစ် သမိုင်းမော်ကွန်းရေးထိုးနိုင်ပေသည်။

“ကြောင်ဖြူသည် မည်းသည်မှာ ပဓာနမဟုတ်၊ ကြွက်ဖမ်းနိုင်သမျှ ကာလပတ်လုံး ယင်းကြောင်သည်ကြောင်ကောင်းတစ်ကောင်ဖြစ်သည်”ဆိုသော ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်၏ ဆိုရိုးစကားကို ကျွန်ုပ်သတိမူမိရင်း “ဘဝအားမာန် လောကဓံကြား ဦးတည်သွား”ဟု ကျူးရင့်မိပါသတည်း။ ။

**Ref: China celebrates 70 years with a military parade in Beijing**
**(CNBC; Wikipedia)**

# အမေရိကန်-မြောက်ကိုရီးယား အဆင့်မြင့်တာဝန်ရှိသူအဆင့် ဆွေးနွေးမှုများ စတင်

**စတော့ဟုမ်း အောက်တိုဘာ ၅**
အမေရိကန်နှင့် မြောက်ကိုရီးယား စေ့စပ်ညှိနှိုင်းရေးမှူးချုပ်များသည် ဆွီဒင်နိုင်ငံ၌ နှစ်နိုင်ငံ ဆွေးနွေးမှုများ စတင်လိုက်ပြီဖြစ်ပြီး ယင်းအစည်းအဝေးမှာ ခုနစ်လအတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။

**ဆွေးနွေးမှုများ စတင်**

မြောက်ကိုရီးယားဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ် စတီဖန်ဘီဂွန်နှင့် မြောက်ကိုရီးယား နျူကလီးယား စေ့စပ်ညှိနှိုင်းရေးမှူး ကင်မြောင်ဂီလ်တို့သည် ယနေ့နံနက်ပိုင်းက ဆွေးနွေးမှုများ စတင်ခဲ့သည်။ နျူကလီးယား အဆောက်အအုံများစွာ ဖျက်သိမ်းရန် အမေရိကန်နိုင်ငံက တောင်းဆိုခဲ့သည့် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တော်၌ ဖေဖော်ဝါရီလအတွင်းက ကျင်းပခဲ့သည့် သမ္မတဒေါ်နယ်ထရန့်နှင့် ခေါင်းဆောင် ကင်ဂျုံအန်တို့ကြား ထိပ်သီးဆွေးနွေးမှုနောက်ပိုင်း စေ့စပ်ညှိနှိုင်းမှုများ ရပ်တန့်ခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲ၌ မြောက်ကိုရီးယားနိုင်ငံကလည်း အမေရိကန်၏ အရေးယူမှုများဖြေလျှော့ရန် တောင်းဆိုခဲ့သည်။ နှစ်နိုင်ငံစလုံးက သီတင်းပတ်အနည်းငယ်အတွင်း ဆွေးနွေးမှုများ ပြန်လည်စတင်ရန် ဇွန်လအတွင်းပြုလုပ်သည့် တတိယအကြိမ် ထိပ်သီးအစည်းအဝေး၌ ခေါင်းဆောင်နှစ်ဦးစလုံးက သဘောတူခဲ့သည်။

သို့သော်လည်း အမေရိကန်နှင့် တောင်ကိုရီးယားတို့က ပူးတွဲစစ်ရေးလေ့ကျင့်မှုများပြုလုပ်ကာ မြောက်ကိုရီးယားနိုင်ငံက တာတိုပစ်ဒုံးကျည်များ ကြိမ်ဖန်များစွာ စမ်းသပ်ပစ်လွှတ်ပြီးနောက် ဆွေးနွေးမှုများ ပြန်လည်စတင်မည့် အစီအစဉ် ကြန့်ကြာခဲ့ရသည်။ မြောက်ကိုရီးယားနိုင်ငံက ပထမအဆင့်အနေဖြင့် နျူကလီးယားဖျက်သိမ်းရေးကိစ္စရပ်များလုပ်ဆောင်ရန် အမေရိကန်နိုင်ငံက တောင်းဆိုခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံက ယင်း၏ နိုင်ငံရေးစနစ်ကို ကာကွယ်ပေးမည့် အာမခံချက်များနှင့် နျူကလီးယားဖျက်သိမ်းရေး အလဲအထပ်အဖြစ် အရေးယူမှုများ ဖြေလျှော့ပေးရန် အလိုရှိနေသည်။

မြောက်ကိုရီးယားနိုင်ငံက အောက်တိုဘာ ၂ ရက်တွင် ရေငုပ်သင်္ဘောတစ်စင်းမှ ဒုံးကျည်တစ်စင်း ပစ်လွှတ်စမ်းသပ်ခဲ့သော်လည်း ဆွေးနွေးမှုများပြုလုပ်ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန် - ကျော်ထိုက်စိုး




မြောက်ကိုရီးယားဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ် စတီဖန်ဘီဂွန်



မြောက်ကိုရီးယား နျူကလီးယား စေ့စပ်ညှိနှိုင်းရေးမှူး ကင်မြောင်ဂီလ်

# အီရတ်ဆန္ဒပြမှုတွင် သေဆုံးသူ ၁၀၀ နီးပါးရှိလာ



**ဘဂ္ဂဒက် အောက်တိုဘာ ၅**
အီရတ်နိုင်ငံတောင်ပိုင်းရှိ မြို့များနှင့် ဘဂ္ဂဒက်မြို့တွင် ကန့်ကွက်ဆန္ဒပြမှုများသည် ငါးရက်မြောက်နေ့သို့ ရောက်ရှိလာပြီး သေဆုံးသူ အရေအတွက်သည် စနေနေ့က ၉၃ ဦးအထိ ရောက်ရှိလာကြောင်း ပါလီမန် လူ့အခွင့်အရေးကော်မရှင်က ပြောကြားသည်။

အင်္ဂါနေ့က ဘဂ္ဂဒက်မြို့တော်မှ စတင်ဖြစ်ပွားခဲ့သည့် ပျံ့နှံ့နေသည့် အဂတိလိုက်စားမှု၊ ညံ့ဖျင်းသည့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ၊ ကာလကြာရှည်အလုပ်လက်မဲ့ဖြစ်မှုကို ဆန့်ကျင်ကန့်ကွက်သည့် ဆန္ဒပြမှုများကြောင့် ယခုအချိန်အထိ ဒဏ်ရာရရှိသူပေါင်း ၄၀၀၀ ခန့်ရှိကြောင်း ကော်မရှင်က ပြောသည်။

ဘဂ္ဂဒက်မြို့တွင် စနေနေ့က ညမထွက်ရအမိန့် ရုပ်သိမ်းခဲ့သော်လည်း ဘာသာရေးခေါင်းဆောင် မွတ်တာဒါ ဆာဒါက အစိုးရနုတ်ထွက်ပေးရန် တောင်းဆိုသည့်အတွက် တင်းမာမှုများ ရှိနေဆဲဖြစ်သည်။

ယင်းဆန္ဒပြပွဲများသည် ပြောင်ပြောင်တင်းတင်း အဂတိလိုက်စားမှုကို အဆုံးသတ်ပေးရန်နှင့် အစိုးရ အပြောင်းအလဲပြုလုပ်ရန် တောင်းဆိုသည့် ကျယ်ပြန့်သည့်လှုပ်ရှားမှုအဖြစ်သို့ ကြီးထွားလာခဲ့ခြင်းဖြစ်သည်။

**တိတိကျကျ မသိရသေး**

ယခု နောက်ဆုံးသေဆုံးသူများမှာ သောကြာနေ့က ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုများကြောင့် သို့မဟုတ် စနေနေ့က ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုကြောင့် ဖြစ်သည်ဆိုသည်ကို တိတိကျကျ မသိရသေးပေ။ အာဏာပိုင်များက အင်တာနက်ဆက်သွယ်ရေး ကွန်ရက်များ ပိတ်ထားသဖြင့် ပြည်နယ်များတွင် ဆန္ဒပြမှုများမှ သေဆုံးသူအရေအတွက် အတည်ပြုခြင်းကို ဖြည်းဖြည်းချင်း ဆောင်ရွက်နေရသည်ဟု ဆိုသည်။

ကိုးကား - အေအက်ဖ်ပီ
ဘာသာပြန် - အောင်ဇော်လင်း

# အမေရိကန်ဒေါ်လာ သန်း ၅၀၀ တန် သဘောတူစာချုပ်များ ယူကရိန်းနှင့် ဘီလာရုစ် လက်မှတ်ရေးထိုး

**ကီယက်ဗ် အောက်တိုဘာ ၅**
ယူကရိန်းနှင့် ဘီလာရုစ်နိုင်ငံတို့သည် ယူကရိန်းနိုင်ငံမြောက်ပိုင်း ဇီတိုမြာမြို့တွင် ကျင်းပသည့် နှစ်နိုင်ငံ ဆွေးနွေးပွဲတစ်ခုအတွင်း အမေရိကန်ဒေါ်လာ သန်း ၅၀၀ တန်ကြေးရှိ စီးပွားရေးဆိုင်ရာ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခဲ့သည်ဟု ယူကရိန်းသမ္မတ ဗိုလိုဒီမြာဇီလန်စကီးက ပြောကြားခဲ့သည်။

ဒုတိယအကြိမ်မြောက် ယူကရိန်းနှင့် ဘီလာရုစ်ဒေသများဆိုင်ရာ ဆွေးနွေးပွဲကို အောက်တိုဘာ ၃ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ဘီလာရုစ်နိုင်ငံမှ ဒေသခြောက်ခုနှင့် ယူကရိန်းနိုင်ငံမှ ဒေသ ၂၂ ခုမှ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ကြသည်။ ယူကရိန်း-ဘီလာရုစ်ဆက်ဆံရေးမှာ ဒေသဆိုင်ရာအဆင့်တွင် ပုဂ္ဂလိကကဏ္ဍ၌ ခိုင်မာအားကောင်းလာခဲ့ကြောင်း၊ ထိုသို့သော ဆွေးနွေးမှုမျိုးက နှစ်နိုင်ငံကြား မိတ်ဖက်ဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်ကြောင်း ယူကရိန်းသမ္မတ ဇီလန်စကီးက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန် - ကျော်ထိုက်စိုး

# မသန့်သောဆေးထိုးအပ်သုံး ဆရာဝန် ထောင်ဒဏ်ချမှတ်ခံရ

**ဖနောင်ပင် အောက်တိုဘာ ၅**
မသန့်သော ဆေးထိုးအပ်အသုံးပြုမှုကြောင့် လူနာ ၂၀၀ ကျော်အား အိပ်ချ်အိုင်ဗွီပိုးကူးစက်စေခဲ့သည့် ကမ္ဘောဒီးယား လိုင်စင်မဲ့ ဆရာဝန်တစ်ဦးကို ကမ္ဘောဒီးယားအထက်တန်းတရားရုံးက အောက်တိုဘာ ၄ ရက်တွင် ထောင်ဒဏ် ၂၅ နှစ် ပြစ်ဒဏ်ချမှတ်လိုက်သည်။

ဆေးဝါးကုသပေးခဲ့သည့် လူနာအများစု၏သွေးတွင် အိပ်ချ်အိုင်ဗွီရောဂါ အပေါင်းလက္ခဏာပြသခဲ့ပြီးနောက် အသက် ၆၀ အရွယ် ဆရာဝန် ယမ်ချရင်းသည် ၂၀၁၄ ခုနှစ်က ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး မသန့်သောဆေးထိုးအပ်အသုံးပြုမှုကြောင့် ရောဂါကူးစက်မှုဖြစ်ပွားစေသည်ဟု စွပ်စွဲခြင်းခံခဲ့ရသည်။ အိပ်ချ်အိုင်ဗွီဆိုသည်မှာ အေအိုင်ဒီအက်စ်ရောဂါဖြစ်စေနိုင်သော ဗိုင်းရပ်ပိုးတစ်မျိုးဖြစ်သည်။

ဘတ်တမ်ဘန်းပြည်နယ် တရားရုံးက ရက်စက်သော ညှဉ်းပန်းနှိပ်စက်မှုကိုကျူးလွန်သည့် ဆရာဝန်၏ပြစ်မှုကို ၂၀၁၅ ခုနှစ်တွင် ရှာတွေ့ခဲ့ပြီးနောက် ၎င်းအား ထောင်ဒဏ် ၂၅ နှစ် ပြစ်ဒဏ်ချမှတ်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ရောဂါကူးစက်ခံရသည့် လူနာ ၁၀၀ ကျော်အား လူတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၅၀၀ နှင့် ၃၀၀၀ အကြား နစ်နာကြေးပေးဆောင်ရန်လည်း တရားရုံးက ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။ ဆရာဝန်၏အမှုနှင့်ပတ်သက်၍ ပြည်နယ် တရားရုံး၏ဆုံးဖြတ်ချက်ကိုအတည်ပြုရန် အယူခံတရားရုံးက ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် ဆုံးဖြတ်ခဲ့သည်။

ဆေးထိုးအပ်အသစ်ရယူရန် အခက်အခဲရှိသောကြောင့် သုံးပြီးသားဆေးထိုးအပ်များကို လူနာအများအပြားတွင် ပြန်လည်အသုံးပြုခဲ့ခြင်းဖြစ်သည်ဟု ချရင်းက တရားရုံးတော်သို့ ဆက်လက်ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ



# ရွှေဘိုမြို့၌ ယူနီကုဒ်စနစ်ပြောင်းလဲခြင်း အခမဲ့ဆောင်ရွက်ပေး

**ရွှေဘို အောက်တိုဘာ ၅**

ယူနီကုဒ်စနစ်ပြောင်းလဲခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီမှ ကြီးမှူး၍ မိုဘိုင်းလုပ်ငန်းရှင်များက အောက်တိုဘာ ၅ ရက်နှင့် ၆ ရက်တို့တွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ရွှေဘိုမြို့မရဲစခန်း ကျုံးအနီးတွင် အခမဲ့ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**အားလုံးအဆင်ပြေ**

ယူနီကုဒ်ပြောင်းလဲခြင်းနှင့် ပတ်သက်၍ "ပြည်သူတွေအတွက် အခုလိုဆောင်ရွက်ပေးတာကောင်းပါတယ်၊ ဖုန်းကိုကိုင်သာနေတာ အခုလို ယူနီကုဒ်ပြောင်းဖို့ကြတော့ နားမလည်လို့ အခက်တွေ့နေတာ၊ အခု အားလုံးအဆင်ပြေသွားပါပြီ" ဟု ယူနီကုဒ်ပြောင်းလဲမှု လာရောက်ဆောင်ရွက်သူ ရွှေဘိုမြို့ အမှတ်(၁)ရပ်ကွက် ပြင်စျေး မြောက်ပိုင်းရပ်နေ ကိုအောင်ကျော်စိန်က ပြောသည်။

**မိုးသောက်(ရွှေဘို)**




* ကျောဖုံးမှ

စော်ကဲတံတားပေအရှည်မှာ ပေ ၂၄၆၀ ရှိပြီး လူသွားလမ်းအကျယ် တစ်ဖက်လျှင် တစ်ပေခွဲစီ ပါဝင်ကာ ယာဉ်သွားလမ်းအကျယ် ၂၈ ပေရှိ၍ နှစ်လမ်းသွား သံကူကွန်ကရစ်တံတားဖြစ်ကြောင်း သိရသည်။ တံတားအပေါ်ထည်တွင် အရှည်မီတာ ၉၀ ရှိ သံမဏိသံပေါင်သုံးခန်း ပါဝင်မည်ဖြစ်ပြီး အရှည်မီတာ ၃၀ ရှိ သံကူကွန်ကရစ်ရက်မ တစ်ဖက်လျှင် ရှစ်ခန်းစီဖြင့် နှစ်ဖက်အတွက် ၁၆ ခန်း ပါဝင်တည်ဆောက်မည် ဖြစ်ကာ သံကူကွန်ကရစ်ကြမ်းခင်း လက်ရန်းဖြစ်ကြောင်း သိရသည်။

"အရင်တုန်းကတော့ ဘိုကလေးနဲ့ ဖျာပုံမြို့နယ်က ပြည်သူတွေဟာ မအူပင်မြို့မှတစ်ဆင့် ညောင်တုန်းမြို့နယ်ကို ဖြတ်သန်းပြီးတော့ ပုသိမ်မြို့ကို သွားကြရတာပါ။ တံတားသစ်ကြီး တည်ဆောက်ပြီးစီးပြီဆိုရင်တော့ မိုင်ပေါင်း ၇၀ လောက် ပိုသွားရတဲ့အချိန် သက်သာသွားပြီး ပုသိမ်မြို့ကို အချိန်တိုအတွင်း သွားရောက်နိုင်ကြမှာဖြစ်လို့ လုပ်ငန်းများ အလွယ်တကူဆောင်ရွက်နိုင်ကြတော့မှာ ဖြစ်ပါတယ်''ဟု ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဋ္ဌေးဦးက ပြောသည်။

လက်ရှိအနေအထားအရ မော်လမြိုင်ကျွန်းဘက်အခြမ်းရှိ ချဉ်းကပ်တိုင်လုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး ရက်မတင်ခြင်းနှင့် ကြမ်းခင်းလောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကာ ရေလယ်တိုင်ဆောင်ရွက်ခြင်းလုပ်ငန်းများမှာလည်း ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်းနှင့် ဝါးခယ်မဘက်အခြမ်းတွင် ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါတံတားတည်ဆောက်ရေးစီမံကိန်းမှာ ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတား တည်ဆောက်ရေးစီမံကိန်းနှင့် လမ်းကြောင်းတစ်ကြောတည်းတွင် တည်ရှိနေသောကြောင့် ဒလတံတားတည်ဆောက်ပြီးစီးပါက စော်ကဲတံတားမှတစ်ဆင့် ဘုရင့်နောင်တံတားဘက်ကို သွားစရာမလိုတော့ဘဲ တွံတေး-ဒေးဒရဲ-ကွမ်းခြံကုန်းမှတစ်ဆင့် ဒလတံတားသစ်ကို ဖြတ်သန်းကာ ရန်ကုန်မြို့သို့ဝင်ရောက်မည့် ဒုတိယလမ်းကြောင်းဝင်ပေါက်ဖြစ်လာပြီး၂၀၁၇ ခုနှစ် ဇူလိုင်လပိုင်းက လုပ်ငန်းစတင်ခဲ့သော စော်ကဲတံတား တည်ဆောက်ရေးစီမံကိန်းကို ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင် အပြီးသတ်တည်ဆောက်သွားမည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်မှ သိရသည်။

**ပွင့်သစ္စာ၊ ဓာတ်ပုံ-စိုးမြင့်အောင်**

■ **တိုင်းဒေသကြီးနှင့် ပြည်နယ်မှ**

အမျိုးသမီး(၇၁)ကီလိုတန်း၊ အမျိုးသမီး(၈၇)ကီလိုတန်း၊ အမျိုးသမီး(+၈၇)ကီလိုတန်းနှင့် အမျိုးသား(၁၀၂)ကီလိုတန်း၊ အမျိုးသား(+၁၀၉)ကီလိုတန်း အလေးမပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိ အားကစားလက်ဇော့ရုံ၌ အောက်တိုဘာ ၆ ရက် နံနက် ၉ နာရီမှစ၍ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ပြိုင်ပွဲအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပမည်ဖြစ်ပြီး အလေးမအားကစားနည်းကို စိတ်ပါဝင်စားသော အားကစားဝါသနာရှင်မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **အား/ကာ**



အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီက နေပြည်တော် ပျဉ်းမနားမြို့နယ် ကြို့တန်းကျေးရွာတွင် ရွာကောက်နယ်မြေရဲစခန်း စခန်းမှူး ရဲအုပ်စိုးမြင့်အောင်က ကျေးရွာရာအိမ်မှူးနှင့် ဒေသခံ ၈၀ တို့အား သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးနှင့် လူကုန်ကူးမှုအကြောင်း သိကောင်းစရာများ အသိပညာပေးဟောပြောခဲ့စဉ်။
ကျော်လှိုင်သင်း
(နေပြည်တော်)

**သဘာဝဘေးဒဏ်ကာကွယ်ဖို့ သစ်တောများကို ထိန်းသိမ်းစို့**

# ကသာမြို့၌ တရားမဝင်ကျွန်းခွဲသားများ သိမ်းဆည်းရမိ

**ကသာ အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့အဝင်နေရာမှ တရားမဝင်ကျွန်းခွဲသားများ တင်ဆောင်လာသော ခရီးသည်တင်ယာဉ်တစ်စီးအား ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့်အတူ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၄ ရက် ည ၈နာရီခွဲခန့်တွင် ကသာမြို့နယ် သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်ဦးစီးသော အဖွဲ့သည် နယ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ကသာမြို့အဝင်နေရာတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် ယာဉ်မောင်း ဆန်းလင်းအောင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နေ မောင်းနှင်ပြီး ယာဉ်နောက်လိုက် ချစ်မင်းသက် မန္တလေးမြို့ မီးရထားတိုက်ခန်းနေ လိုက်ပါလာသော ယာဉ်အားရပ်တန့်စစ်ဆေးရာ အဆိုပါယာဉ်အတွင်းမှ တရားမဝင်ကျွန်းခွဲသား ၇၃၄ ချောင်း (သုည ဒသမ ၉၆၄၄ တန်) ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် တရားမဝင်ကျွန်းသစ်ခွဲသားတင်ဆောင်လာသူ ဆန်းလင်းအောင်နှင့် ချစ်မင်းသက်တို့နှစ်ဦးအား ကသာမြို့မရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# တာချီလိတ်မြို့၌ ဆက်သွယ်ရေးတာဝါတိုင်အတွင်းရှိ စက်သုံးဆီဒီဇယ် လီတာ ၅၅၀ ခိုးယူခံရ

**တာချီလိတ် အောက်တိုဘာ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းကိုးကျေးရွာအုပ်စု ဟိုရမ်းကျေးရွာအနီးရှိ ဆက်သွယ်ရေးတာဝါတိုင်တွင် အသုံးပြုသည့် မီးစက်အတွင်းမှ စက်သုံးဆီဒီဇယ် လီတာ ၅၅၀ ခန့် အခိုးခံရမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ တတိယပတ်က မိုင်းကိုးကျေးရွာအုပ်စု ဟိုရမ်းကျေးရွာအနီးရှိ ဧရာဝတီဂရင်းတာဝါလီမိတက်၏ ဆက်သွယ်ရေးတာဝါတိုင်မှာ ဆက်သွယ်ရေးပြတ်တောက်သွားသဖြင့် ဆက်သွယ်ရေးတာဝါတိုင်တာဝန်ခံကိုဆန်းလင်းနိုင် သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆက်သွယ်ရေးတာဝါတိုင်ကို ကာရံထားသော ခြံစည်းရိုးတံခါးသော့အား ဖျက်ဆီးထားပြီး ခြံဝန်းအတွင်းရှိ မီးစက်အတွင်းမှ စက်သုံးဆီဒီဇယ် လီတာ ၅၅၀ ပျောက်ဆုံးနေကြောင်း သိရသည်။

အဆိုပါစက်သုံးဆီဒီဇယ်များ ခိုးယူသွားသူအား ဖမ်းဆီးဖော်ထုတ်အရေးယူနိုင်ရန် အောက်တိုဘာ ၄ ရက်တွင် တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ကော့သောင်းမြို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ကော့သောင်း အောက်တိုဘာ ၅**

မူးယစ်တပ်ဖွဲ့စု (၃၄)မှ ရဲအုပ်အောင်လင်းဦး ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ယမန်နေ့ ညပိုင်းက ကော့သောင်းမြို့ ရွှေဇင်ယော်ရပ်ကွက် မြရည်ပုလဲလမ်း တောင်ကုန်းနေ မမေဇော်ဦး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ မမေဇော်ဦးအား နေအိမ်၌အသင့်တွေ့ရှိပြီး WY စာတန်းပါစိတ်ကြွဆေးပြား ၂၉ ပြား သိမ်းဆည်းရမိခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသူ မမေဇော်ဦးအား ကော့သောင်းမြို့မရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



## မွန်ပြည်နယ်ဝန်ကြီးချုပ် ကမ္ဘာ့ဆရာများနေ့အခမ်းအနား တက်ရောက်

**မော်လမြိုင် အောက်တိုဘာ ၅**

၂၀၁၉ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက "ဆရာဆိုတာ ဆင်းရဲချမ်းသာ နေရာနီးဝေး လူမရွေးဘဲ မေတ္တာကရုဏာအပြည့်နဲ့ ပညာပြည့်ဝ နှလုံးလှရေး ပျိုးထောင်ပေးသူတွေပဲဖြစ်ပါတယ်။ တပည့်လေးတွေ ပညာတကယ်မတတ်ရင်၊ ကိုယ်ကျင့်တရားမကောင်းရင် ဆရာမှာ အပြည့်အဝတာဝန်ရှိတာဖြစ်တဲ့အတွက် ဆရာက စံနမူနာကောင်းဖြစ်ဖို့ လိုအပ်ပါတယ်။ ဆရာတွေဟာ တပည့်တွေ မသိသေးသည်ကို သိလာအောင်၊ မတတ်သေးသည်ကို တတ်လာအောင်၊ မလိမ္မာသည်ကို လိမ္မာရေးခြားရှိလာအောင် သိမ်မွေ့ယဉ်ကျေးလာအောင်၊ ပဲ့ပြင်သွန်သင်ဆုံးမပေးဖို့လည်း မျိုးဆက်သစ်ဆရာတို့ ဆရာမတို့ကို အလေးပေး မှာကြားလိုပါတယ်" ဟု ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ဆရာများနေ့အတွက် ကမ္ဘာ့ကုလသမဂ္ဂမှပေးပို့သောသဝဏ်လွှာကို ပြည်နယ်ပညာရေးမှူး ဒေါက်တာချိုချိုမြတ်အောင်က ဖတ်ကြားပြီး ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အငြိမ်းစားဆရာ ဆရာမကြီးများနှင့် အခြေခံပညာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

**ဝေလင်း(ပြန်/ဆက်)**






## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနား တက်ရောက်

**မုံရွာ အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ၂၀၁၉ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို မြို့တော်ခန်းမ၌ ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က အမှာစကားပြောကြားခဲ့ကာ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် အထက်တန်း၊ အလယ်တန်းအဆင့် ပထမ၊ ဒုတိယ၊ တတိယ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၂ ဦးအား ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အဖြစ် အသက် ၈၃ နှစ်နှင့်အထက် ဆရာကြီး ဆရာမကြီး စုစုပေါင်း ၂၀ တို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြသည်။

ယင်းနောက် မုံရွာမြို့ အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "အိုဘယ့်မြတ်ဆရာ" သီချင်းဖြင့် ဂုဏ်ပြုသီဆိုခဲ့ကြပြီး ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် အထက်တန်း၊ အလယ်တန်းအဆင့် ပထမ၊ ဒုတိယ၊ တတိယ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၂ ဦးတို့၏ စာစီစာကုံးနှင့် ကဗျာများကို ပြသထားကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## အားကစား

## စပါးအသင်းက အဲရစ်ဆင်နေရာတွင် မက်ဒီဆင်နဲ့ အစားထိုးရန် စီစဉ်လျက်ရှိ

စပါးအသင်းဟာ အသင်းရဲ့ကွင်းလယ်ကစား သမားအဲရစ်ဆင်ကို ရီးယဲလ်မက်ဒရစ်အသင်းထံ ဆုံးရှုံးရဖို့ရှိနေတာကြောင့် လာမယ့် အပြောင်းအရွှေ့ကာလအတွင်းမှာ အဲရစ်ဆင်နေရာမှာ အစားထိုးဖို့ လက်စတာစီးတီးအသင်း ကွင်းလယ်ကစားသမား မက်ဒီဆင်ကို ခေါ်ယူဖို့ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

လက်ရှိမှာ လက်စတာစီးတီးအသင်း ကွင်းလယ်ကစားသမား မက်ဒီဆင်ကို စပါးအသင်းရဲ့ ပရီမီယာလိဂ်ပြိုင် ဘက်အသင်းဖြစ်တဲ့ မန်ယူအသင်းကလည်း ခေါ်ယူဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။

ဒိန်းမတ်ကွင်းလယ်ကစားသမား အဲရစ်ဆင်ဟာ ရီးယဲလ်မက်ဒရစ်အသင်းဆီ ပြောင်းရွှေ့ဖို့စီစဉ်ထားတာဖြစ်လို့ စပါးအသင်းက စာချုပ်သစ်ချုပ်ဆိုဖို့ ကမ်းလှမ်းထားတာကို ငြင်းဆိုထားတယ်လို့ ဆိုပါတယ်။

ကွင်းလယ်ကစားသမား မက်ဒီဆင်ဟာ လက်စတာစီးတီးအသင်းမှာ ခြေစွမ်းပြကစားနိုင်ခဲ့တာမို့ အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်ကလည်း အင်္ဂလန် လက်ရွေးစင်အသင်းကစားသမားစာရင်းမှာ မက်ဒီဆင်ကို ထည့်သွင်းလာခဲ့တာ ဖြစ်ပါတယ်။ အဲဒါကြောင့် စပါးအသင်းက အသင်းရဲ့ ကွင်းလယ်ပိုင်းမှာ စိတ်ချရတဲ့ ကစားသမားအဖြစ် မက်ဒီဆင်ကို သတ်မှတ်ထားတာ ဖြစ်ပါတယ်။

မန်ယူအသင်းကလည်း ကွင်းလယ်ကစားသမား မက်ဒီဆင်ကို ခေါ်ယူဖို့ ပြောင်းရွှေ့ကြေးပေါင်သန်း ၆၀ အထိ အသုံးပြုမယ်လို့ဆိုပါတယ်။ မက်ဒီဆင်ဟာ ၂၀၁၈ ခုနှစ် ဇွန်လအတွင်းက ပြောင်းရွှေ့ကြေးပေါင်သန်း ၂၀ နဲ့ နော့ဝှစ်ချ်အသင်းကနေ လက်စတာစီးတီးအသင်းကို ပြောင်းရွှေ့လာတာ ဖြစ်ပါတယ်။




## ချယ်လ်ဆီးအသင်းနည်းပြ လမ်းပတ်က ဝီလီယံကို စာချုပ်သစ်ချုပ်ဆိုဖို့ဆန္ဒရှိနေ




ချယ်လ်ဆီးအသင်းနည်းပြ လမ်းပတ်ဟာ အခုရက်သတ္တပတ်ထဲမှာ လိုင်လီအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းအတွက် အနိုင်ဂိုးသွင်း ယူပေးခဲ့တဲ့ ဝီလီယံကို စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

အသက် ၃၁ နှစ်အရွယ်ရှိ ဘရာဇီးကြယ်ပွင့် ဝီလီယံဟာ ချယ်လ်ဆီးအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်း နောက်ဆုံးနှစ်ကို ရောက်ရှိနေပြီဖြစ်တာကြောင့် ဘာစီလိုနာအသင်းနဲ့ ဂျူဗင်တပ်အသင်းတို့ထံ ပြောင်းရွှေ့ကစားဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်နေတာလည်း ဖြစ်ပါတယ်။

ဒါပေမယ့် နည်းပြ လမ်းပတ်အနေနဲ့ ဝီလီယံကို စတမ်းဖို့ဒ်ဘရစ်ချ်မှာ ဆက်ရှိနေဖို့ ဆန္ဒရှိနေတာကြောင့် စာချုပ်သစ်ချုပ်ဆိုဖို့ ဆန္ဒပြင်းပြနေခဲ့တာဖြစ်ပါတယ်။ ဝီလီယံဟာ ၂၀၁၃ ခုနှစ်အတွင်းက ပြောင်းရွှေ့ကြေးပေါင်သန်း ၃၀ နဲ့ အန်ဇီအသင်းက ချယ်လ်ဆီးအသင်းကို ပြောင်းရွှေ့လာတာ ဖြစ်ပါတယ်။

ဝီလီယံဟာ နိုင်ငံတကာပွဲစဉ်တွေ ကစားခဲ့ရတာကြောင့် ပရီမီယာလိဂ်ရာသီ အစပိုင်းမှာ ချယ်လ်ဆီးအသင်းနဲ့အတူ ပွဲထွက်ကစားနိုင်ခဲ့ခြင်းမရှိခဲ့ပေမယ့် လက်ရှိအချိန်မှာတော့ ပုံမှန်ခြေစွမ်းပြပြီး ချယ်လ်ဆီးအသင်းအတွက် အကောင်းဆုံး ပါဝင်ကစားပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဝီလီယံဟာ လက်ရှိမှာ တိုက်စစ်မှူးဟာဇက်ဝတ်ဆင်ကစားခဲ့တဲ့ ကျောနံပါတ် ၁၀ ကို ဝတ်ဆင်ကစားလျက်ရှိပြီး လိုင်လီအသင်းနဲ့ ပွဲစဉ်မှာ သွင်းယူခဲ့တဲ့ သွင်းဂိုးအပါအဝင် ချယ်လ်ဆီးအသင်းအတွက် နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ်နှစ်ပွဲမှာ နှစ်ဂိုးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

တောင်ပံကစားသမား ဝီလီယံဟာ ချယ်လ်ဆီးအသင်းနဲ့အတူ ပရီမီယာလိဂ်ဖလား နှစ်ကြိမ်၊ အက်ဖ်အေဖလား တစ်ကြိမ်၊ ယူရိုပါလိဂ်ဖလား တစ်ကြိမ်တို့ကို ရယူပေးထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ်-ရေးသားသည်**













## မန္တလေးတက္ကသိုလ်တွင် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲ



**မန္တလေး အောက်တိုဘာ ၅**

မန္တလေးတက္ကသိုလ်တွင် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်မြတ်ဆရာပူဇော်ပွဲနှင့် ဓာတ်ပုံပြပွဲကို အောက်တိုဘာ ၄ ရက်နံနက်၁၀နာရီကမန္တလေးတက္ကသိုလ်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင်မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသီတာဝင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး မန္တလေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသောအသက်၇၀အထက်ဆရာကြီး၊ ဆရာမကြီးများအား ဆရာ ဆရာမများက ပူဇော်ကန်တော့ကြသည်။

ထို့နောက် ဆရာကြီး ဒေါက်တာချစ်မောင်၊ ဆရာကြီး ဦးတင်နိုင်၊ ဆရာကြီး ဦးလူနီ၊ ဆရာမကြီး ဒေါ်လှမြတ်၊ ဆရာကြီး ဦးမောင်မောင်တင်တို့က ဆုံးမဩဝါဒစကားများ ပြောကြားခဲ့ကြသည်။

အဆိုပါ မြတ်ဆရာပူဇော်ပွဲတွင် အသက် ၈၀ အထက် ဆရာကြီး ဆရာမကြီးများအားတစ်ဦးလျှင်ငွေကျပ်၅၀၀၀၀ နှုန်း၊ အသက် ၈၀ အောက် ဆရာကြီး ဆရာမကြီးများအား တစ်ဦးလျှင်ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ပူဇော်ကန်တော့ခဲ့ရာ အခမ်းအနားသို့ ဆရာကြီး ဆရာမကြီး ၁၁၆ ဦး တက်ရောက်ကန်တော့ခံကြောင်း သိရသည်။

**တင်မောင်**
**(မန်းကိုယ်ပွား)**

## ကျောက်တန်းမြို့၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် အောက်တိုဘာ ၅**

၂၀၁၉ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် (အဋ္ဌမ) အကြိမ် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို အောက်တိုဘာ ၄ ရက် နံနက်၉နာရီခွဲက ကျောက်တန်းမြို့ အသောကာရာမစာသင်တိုက် သာသနာ့ဝေပုလ္လဓမ္မဗိမာန်၌ ကျင်းပသည်။

ရှေးဦးစွာ ပညာအလင်းရောင် ဆီမီးငါးတိုင်ထွန်းညှိ၍ အခမ်းအနားကို ဖွင့်လှစ်ပြီး မြို့နယ်ပညာရေးမှူး ဦးလှသိန်းက ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် မြို့နယ်အတွင်းရှိ အသက် ၇၀ အထက် ဆရာကြီး ဆရာမကြီး ၉၂ ဦးတို့အား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများ ပေးအပ်ကာ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများကိုယ်စား ဆရာကြီးတစ်ဦးက ဩဝါဒနှင့် ဆုပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**စိုးဝင်း(ကျောက်တန်း)**

## ခရိုင်အဆင့် ကလေးစာပေပွဲတော်ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးပွဲ တောင်ငူ၌ကျင်းပ

**တောင်ငူ အောက်တိုဘာ ၅**

ကလေးများ စွမ်းရည်မြင့်တင်နိုင်ရေး ကလေးစာပေပွဲတော် ခရိုင်အဆင့် ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဘုရင့်နောင်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးထက်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်းတို့က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်စန်းစန်းအေး၊ တောင်ငူခရိုင် ပညာရေးမှူး ဒေါက်တာနော်ဥမ္မာထွန်းတို့က စာပေပွဲတော်ကျင်းပနိုင်ရေး ဆောင်ရွက်မည့် လုပ်ငန်းအကြောင်းအရာများ ရှင်းလင်းတင်ပြ ဆွေးနွေးကြသည်။

ထို့နောက် စာပေပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့က လုပ်ငန်းကဏ္ဍအလိုက် တင်ပြဆွေးနွေးခဲ့ကြပြီး စာပေပွဲတော်ကို တောင်ငူမြို့ ခပေါင်းခန်းမနှင့် ကေတုမတီ မိုးလုံလေလုံ အားကစားရုံတို့တွင် နိုဝင်ဘာ ၂ ရက်မှ ၃ ရက်အထိ နှစ်ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့မိ မြို့ဖများ၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကလေးစာပေပွဲတော် ကျင်းပရေးလုပ်ငန်းကော်မတီများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ဦးကျော်လှ(တောင်ငူ)**

## မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပညာရှင်အဆင့်ပြိုင်ပွဲတွင် ကျော်သီဟ ဗိုလ်စွဲ

**ရန်ကုန် အောက်တိုဘာ ၅**

မြန်မာနိုင်ငံတွင် ထူးချွန်သောဂေါက်သီး အားကစားသမားများ ပေါ်ထွက်လာစေရေး၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေရေး၊ အနာဂတ်တွင် ဂေါက်သီးမျိုးဆက်သစ်လူငယ် အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ SAE PAING Development Ltd ၏ အဓိက ကူညီပံ့ပိုးမှုဖြင့် ၂၀၁၉ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (စတုတ္ထ) ပွဲစဉ် နောက်ဆုံးနေ့နှင့် ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၄ ရက် နံနက်ပိုင်းမှစ၍ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)၌ ဆက်လက်ကျင်းပရာ ပညာရှင်အဆင့်တွင် ကျော်သီဟက ဗိုလ်စွဲခဲ့သည်။




မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (စတုတ္ထ) ပွဲစဉ်တွင် ဆုရရှိသူများအား တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ တွေ့ရစဉ်။ ဓာတ်ပုံ-ဂေါက်သီးအဖွဲ့ချုပ်

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ Myanmar Golf Tour ကိုယ်စား မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေဥက္ကဋ္ဌ ဦးကိုကိုအေးက ပြိုင်ပွဲကို လက်ခံကျင်းပပေးသော ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း) သို့ အမှတ်တရလက်ဆောင်နှင့် လှူဒါန်းငွေကျပ်သိန်း ၂၀၊ ပြိုင်ပွဲကို အဓိကကူညီပံ့ပိုးပေးသော SAE PAING Development Ltd အား အမှတ်တရဂုဏ်ပြုလက်ဆောင်တို့ကို အသီးသီးပေးအပ်ရာ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း) မှ အတွင်းရေးမှူး ဦးအောင်ကြည်နှင့် SAE PAING Development Ltd မှ ဒါရိုက်တာ ဒေါ်စုပိုက်ရတနာတို့က လက်ခံရယူသည်။ ဆက်လက်၍ Popular International Investment Group မှ မန်နေးဂျင်းဒါရိုက်တာ ဦးမျိုးမင်းက ပြိုင်ပွဲတတိယနေ့တွင် Hole In One ဆုရရှိသော Professional ကစားသမား ကျော်သီဟ (KM Golf Centre) ကို ဆုကြေးငွေ ၁၀ သိန်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် SAE PAING Development Ltd မှ ဒါရိုက်တာ ဒေါ်စုပိုက်ရတနာက ဝါသနာရှင်အဆင့် (အမျိုးသမီး)ပြိုင်ပွဲတွင်စုစုပေါင်းရိုက်ချက် ၂၅၆ ချက်ဖြင့် ဒုတိယရရှိခဲ့သော မိုးပြည့်စုံခင်နှင့် စုစုပေါင်းရိုက်ချက် ၂၄၃ ချက်ဖြင့် ပထမရရှိခဲ့သော ထက်ထက်နှလွင်တို့အားလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် နာယက ပါမောက္ခ ဒေါက်တာ ဦးမြင့်မောင်မောင်က ဝါသနာရှင်အဆင့်(အမျိုးသား)ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၉၆ ချက်ဖြင့် ဒုတိယရရှိခဲ့သော မင်းနိုင်စိုးနှင့် စုစုပေါင်းရိုက်ချက် ၂၉၆ ချက်ဖြင့် ပထမရရှိခဲ့သော မောင်မဲတို့အား ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ပညာရှင်အဆင့် ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၈၃ ချက်ဖြင့် ပထမရရှိသွားသော ကျော်သီဟ (KM Golf Centre) ကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် နာယက ဦးဝင်းလှိုင်က ဆုဖလား၊ SAE PAING Development Ltd ဥက္ကဋ္ဌ ဦးမောင်ဝိတ်က ဆုကြေးငွေချက်လက်မှတ်တို့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။

၂၀၁၉ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲကို Myanmar Zwe Mann Co., Ltd၊ MWD Bank၊ Telecom International Myanmar Co., Ltd (Mytel)၊ SAE PAING Development Ltd၊ Phyo Si Thu Teak Plantation (Myanmar) & Bago Yoma Eco Resort (Myanmar)၊ INNWA Bank တို့က အဓိက ကူညီပံ့ပိုးပေးထားသည်။

**ဖိုးသော်ဇင်**

## စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ရန်ကုန် အောက်တိုဘာ ၅**

မင်္ဂလာတောင်ညွန့်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကို အထက်ပုဇွန်တောင်လမ်း ဆုတောင်းပြည့်ကျောင်းတိုက်၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် မြို့နယ်စစ်မှုထမ်းဟောင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်ဝင်း(ငြိမ်း)က အမှာစကားပြောကြားပြီး ဗိုလ်မှူးအောင်ကျော် (ငြိမ်း)နှင့် ဗိုလ်ကြီးသက်ပြင်း(ငြိမ်း)တို့က မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားဆွေးနွေးသည်။

ဗိုလ်ကြီးမောင်ငွေ (ငြိမ်း)က မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၏ ငွေစာရင်းနှင့် လာမည့်ဘဏ္ဍာရေးနှစ်အတွက် ရေးဆွဲထားသော ခန့်မှန်းရသုံးငွေစာရင်းကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအနက် အသက် ၇၅ နှစ်ပြည့်ပြီးသူများအား ဂုဏ်ပြုထောက်ပံ့ငွေ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

## ခုတင် (၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီး (နေပြည်တော်)က အခမဲ့ကွင်းဆင်းကုသ

**နေပြည်တော် အောက်တိုဘာ ၅**

ခုတင် (၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီး (နေပြည်တော်)က အခမဲ့ကွင်းဆင်းဆေးကုသမှုကို ယနေ့နံနက် ၉ နာရီက ပုဗ္ဗသီရိမြို့နယ် ရွာသစ်ကျေးရွာတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းကုသပေးရာတွင် တိုင်းရင်းဆေးပညာဦးစီးဌာန ဖွံ့ဖြိုးရေးဌာနစိတ်မှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမိုး၏ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ အဖွဲ့ခေါင်းဆောင် ခုတင် (၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီး (နေပြည်တော်)မှ ဝန်ထမ်း ၁၁ ဦးက ရွာသစ်ကျေးရွာအုပ်စုအတွင်းရှိ ရွာသစ်ကျေးရွာ၊ ရေအိုးစဉ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံများ၊ နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးအတွင်းရှိ ဝန်ထမ်းများအား သွေးတိုး၊ လေငန်းလေဖြတ်၊ အနာပေါက်၊ အာရုံကြော၊ အကြောရောဂါအမျိုးမျိုးစသည့် ဝေဒနာရှင် ၁၂၀ တို့ကို အခမဲ့စမ်းသပ်ကုသပေးခဲ့ကြောင်း သိရသည်။ **ကိုကိုရူပ (နေပြည်တော်)**

## အသိပညာပေးဟောပြောပွဲနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**ကျောက်ပန်းတောင်း အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကမ်းဖြူကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို အောက်တိုဘာ ၂ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းခန်းမဆောင်၌ ပြုလုပ်သည်။

အဆိုပါဟောပြောပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေဦးက အဖွင့်အမှာစကားပြောကြားပြီး ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ညောင်ဦးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်လွင်ဦးက အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်များဆောင်ရွက်ပေးနေမှု အခြေအနေနှင့် နိုင်ငံသားစိစစ်ရေးကတ်၏ အရေးပါပုံ၊ အမှတ်(၉၃) ယာဉ်ထိန်းတပ်ဖွဲ့စု (ညောင်ဦး) မှ ရဲအုပ်စိုးမိုးအောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအကြောင်း၊ ခရိုင်ပညာရေးမှူး ဦးတင်ရွှေက တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး ဆောင်ရွက်ရာတွင် အဓိကကျသည့် ကျောင်းသားကျောင်းသူများ၏ အခန်းကဏ္ဍ၊ ခရိုင်ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်အောင်က ကျန်းမာရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်လ.ဝ.ကမှူးတို့က အသက် ၁၀ နှစ်ပြည့်နိုင်ငံသားကတ်ပြားများကို ကျောင်းသားကျောင်းသူများအား လက်ဝယ်အရောက်ပေးအပ်ကြသည်။ အဆိုပါ ဆွေးနွေးပညာပေးပွဲကို စုစုပေါင်း အင်အား ၃၅၀ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

(၀၅၄)

# မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၉ ခုနှစ်)

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉ ခုနှစ်)

(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၈၁ ခုနှစ်၊ လ ရက်

(၂၀၁၉ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကိုမြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၂၀၁၉ ခုနှစ်) ဟုခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၃၅၊ ပုဒ်မခွဲ (က)နှင့် ပုဒ်မ ၄၀၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ခ)တို့တွင် ပါရှိသော "ten times" ဆိုသည့် စကားရပ်ကို "three times" ဟု အသီးသီးအစားထိုးရမည်။

---

## တန်းမြင့်မြေတိုင်းတာခြင်း သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၅**

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ တန်းမြင့်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်းအမှတ်စဉ်(၃၄)သင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်းမှ ညွှန်ကြားရေးမှူး(ကျောင်းအုပ်ကြီး) ဦးတင်အောင်က အမှာစကား ပြောကြားခဲ့သည်။

အဆိုပါသင်တန်းဆင်းပွဲသို့ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက် ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား ၂၉၈ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းမော်**

---

# ကျန်းမာရေးမှူးကောင်စီဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**ကျန်းမာရေးမှူးကောင်စီဥပဒေကြမ်း**

(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၈၁ ခုနှစ်၊ လ ရက်

(၂၀၁၉ ခုနှစ်၊ လ ရက်)

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။**

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ**

၁။ ဤဥပဒေကို **ကျန်းမာရေးမှူးကောင်စီဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် ကျန်းမာရေးမှူးကောင်စီကို ဆိုသည်။

(ခ) **ကောင်စီဝင်**ဆိုသည်မှာကောင်စီတွင်ပါဝင်သူတစ်ဦးဦးကိုဆိုသည်။

(ဂ) **ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု** ဆိုသည်မှာ ကျန်းမာရေး ပညာပေးခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ပဏာမကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ခြင်း၊ ကျန်းမာရေးပြန်လည်ထူထောင်ခြင်းနှင့် သုတေသနပြုခြင်း အပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအားလုံးနှင့် သက်ဆိုင်သောဆောင်ရွက်ချက်ကိုဆိုသည်။

(ဃ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(င) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ဆိုသည်။

(စ) **ဝန်ကြီး** ဆိုသည်မှာ ပြည်ထောင်စုအစိုးရကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဆ) **ကျန်းမာရေးမှူးအသင်း** ဆိုသည်မှာ မြန်မာနိုင်ငံ ကျန်းမာရေးမှူး အသင်းဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ ဖွဲ့စည်းထားသော မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းကို ဆိုသည်။

(ဇ) **ကျန်းမာရေးမှူး** ဆိုသည်မှာ ဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် ကျန်းမာရေးမှူးအောင်လက်မှတ်ရရှိသူ သို့မဟုတ် အခြေခံကျန်းမာရေးတက္ကသိုလ်မှကျန်းမာရေးသိပ္ပံ(အခြေခံကျန်းမာရေး) ဘွဲ့ ရရှိသူကို ဆိုသည်။

(ဈ) **မှတ်ပုံတင်ကျန်းမာရေးမှူး** ဆိုသည်မှာ ကောင်စီက ဤဥပဒေအရထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ရရှိသည့် ကျန်းမာရေးမှူးကို ဆိုသည်။

(ည) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ကောင်စီက ဤဥပဒေအရမှတ်ပုံတင်သည့်ကျန်းမာရေးမှူးကို ထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

(ဋ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ကျန်းမာရေးမှူးများ၏ မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်နိုင်ရန် ကောင်စီကခန့်အပ်သောအငြိမ်းစားကျန်းမာရေးမှူးကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) မှတ်ပုံတင်ကျန်းမာရေးမှူးများ၏ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေး၊ အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်ရန်၊

(ခ) ထိရောက်သော ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကို အများပြည်သူတို့ ခံစားခွင့်ရရှိစေရန်၊

(ဂ) ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ပညာရပ်ကို မှတ်ပုံတင်ကျန်းမာရေးမှူးများက ခေတ်နှင့်အညီအဆင့်အတန်းမြင့်မားစွာ စဉ်ဆက်မပြတ် လေ့လာဆည်းပူးနိုင်စေရန်၊

(ဃ) မှတ်ပုံတင်ကျန်းမာရေးမှူးများအား မိမိတို့၏ကိုယ်ကျင့်သိက္ခာကို အစဉ်လိုက်နာစောင့်ထိန်းစေရေးအတွက် ကြီးကြပ်ထိန်းသိမ်းရန်။

**အခန်း(၃)**

**ကောင်စီဖွဲ့စည်းခြင်း**

၄။ ဝန်ကြီးဌာနသည်-

(က) ကျန်းမာရေးမှူးကောင်စီကိုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ညွှန်ကြားရေးမှူးချုပ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ကျန်းမာရေးမှူးအသင်းညီလာခံက ရွေးချယ်တာဝန်ပေးအပ်သော ကျန်းမာရေးမှူးကိုယ်စားလှယ်တစ်ဦး | ဒုဥက္ကဋ္ဌ |
| (၃) | ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၄) | ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၅) | အခြေခံကျန်းမာရေးတက္ကသိုလ်မှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၆) | ကျန်းမာရေးမှူးအသင်းညီလာခံက ရွေးချယ်တာဝန်ပေးအပ်သော ကျန်းမာရေးမှူးကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၇) | ကျန်းမာရေးမှူးအသင်းညီလာခံက ရွေးချယ်တာဝန်ပေးအပ်သော ကျန်းမာရေးမှူးကိုယ်စားလှယ်တစ်ဦး | ဘဏ္ဍာရေးမှူး |
| (၈) | ကျန်းမာရေးမှူးအသင်းညီလာခံက ရွေးချယ်တာဝန် ပေးအပ်သော ကျန်းမာရေးမှူးကိုယ်စားလှယ်တစ်ဦး | အတွင်းရေးမှူး |
| (၉) | ကျန်းမာရေးမှူးအသင်းဗဟိုအမှုဆောင် အဖွဲ့က ရွေးချယ်တာဝန်ပေးအပ်သော ကျန်းမာရေးမှူးကိုယ်စားလှယ်တစ်ဦး | တွဲဖက် အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသောကောင်စီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များသည် ဝန်ကြီးဌာနကသတ်မှတ်သောစရိတ်နှင့် ချီးမြှင့်ငွေများကိုခံစားခွင့်ရှိသည်။

၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့ရက်မှစ၍ငါးနှစ်ဖြစ်သည်။

၇။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များသည် မိမိတို့၏သက်တမ်းကုန်ဆုံးသော်လည်း ကောင်စီဝင်အသစ်များ ရွေးချယ်ခန့်အပ်ပြီးသည်အထိ မိမိလုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

**အခန်း(၄)**

**ကောင်စီဝင်များ၏ အရည်အချင်း**

၈။ ကောင်စီဝင်များသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူများ ဖြစ်ရမည်-

(က) နိုင်ငံတော်နှင့် ပြည်သူများအပေါ် သစ္စာစောင့်သိသူ၊

(ခ) ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့်ကျန်းမာရေးမှူးတို့ အပေါ်သစ္စာစောင့်သိသူ၊

(ဂ) ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်ရေးအတွက် ကိုယ်ကျိုးမငဲ့ဘဲစေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်နိုင်သူ၊

(ဃ) ကျန်းမာရေးဝန်ထမ်းများ၏သစ္စာအဓိဋ္ဌာန်ကိုလေးစားလိုက်နာသူ၊

(င) ကောင်စီကပေးအပ်သော တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်သူ။

**အခန်း(၅)**

**ကောင်စီ၏ လုပ်ငန်းတာဝန်များ**

၉။ ကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကောင်စီ၏ငွေကြေးဆိုင်ရာ ကိစ္စရပ်များကို ကျန်းမာရေးမှူးအသင်း၏ စံသတ်မှတ်ထားသောဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ခြင်း၊

(ခ) ကျန်းမာရေးမှူးများ၏ ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန်၊ လေ့လာဆန်းစစ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြင့်မားစေရေးအတွက်ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊

(ဃ) မှတ်ပုံတင်ကျန်းမာရေးမှူးများ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်နှင့် သိက္ခာများကိုသတ်မှတ်ခြင်းနှင့် လိုက်နာစောင့်ထိန်းခြင်းရှိ မရှိကြီးကြပ်ခြင်း၊

(င) ကိုယ်တိုင်တွေ့ရှိချက်အရဖြစ်စေ၊ တိုင်ကြားချက်အရဖြစ်စေ မှတ်ပုံတင်ကျန်းမာရေးမှူးက ယင်း၏တာဝန်တစ်ရပ်ရပ်ကို လိုက်နာစောင့်ထိန်းရန်ပျက်ကွက်ကြောင်း သို့မဟုတ် အကျင့်စာရိတ္တနှင့် သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံးက ပြစ်ဒဏ်ချမှတ်ခံရကြောင်း သိရှိရလျှင် စစ်ဆေးခြင်းနှင့် စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူခြင်းတို့ကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(စ) အငြိမ်းစားကျန်းမာရေးမှူးများအနက်မှ သင့်လျော်သူတစ်ဦးကို မှတ်ပုံတင်အရာရှိအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ခန့်အပ်ခြင်း၊ လုပ်ငန်းတာဝန်သတ်မှတ်ခြင်းနှင့် သက်တမ်းသတ်မှတ်ခြင်း၊

(ဆ) မှတ်ပုံတင်ကျန်းမာရေးမှူးအဖြစ် မှတ်ပုံတင်ရန်လျှောက်ထားလာသူများကို ဤဥပဒေနှင့်အညီ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းသို့မဟုတ် ဆိုင်းငံ့ခြင်း၊

(ဇ) မှတ်ပုံတင်အရာရှိက တင်ပြလာသည့် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခြင်းကိုခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဈ) မှတ်ပုံတင်လက်မှတ်ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်း အတွက် လျှောက်ထားလာသူများကိုမှတ်ပုံတင်လက်မှတ်မိတ္တူမှန်ထုတ်ပေးခြင်း၊

(ည) မှတ်ပုံတင်လက်မှတ် ပယ်ဖျက်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ချမှတ်ရာတွင်ထည့်သွင်းစဉ်းစားရမည့် အချက်များကိုသတ်မှတ်ခြင်း၊

(ဋ) ဝန်ကြီးဌာနက ညွှန်ကြားသော ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းတို့ကိုဆောင်ရွက်ခြင်း၊

(ဌ) ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်သည့် ကိစ္စရပ်များကို ဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြခြင်း၊

(ဍ) ပြည်တွင်း၊ ပြည်ပပညာရှင်များ၏ အကူအညီလိုအပ်သော ကိစ္စရပ်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်ဆောင်ရွက်ခြင်း၊

(ဎ) မှတ်ပုံတင်ကျန်းမာရေးမှူးများပေးဆောင်ရမည့် နှစ်စဉ်ကြေးနှင့် မှတ်ပုံတင်ခ၊ မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးမြှင့်ခ၊ မှတ်ပုံတင်လက်မှတ်မိတ္တူမှန် ထုတ်ပေးခတို့ကို သတ်မှတ်ခြင်း၊

(ဏ) လိုအပ်သော လုပ်ငန်းအဖွဲ့များဖွဲ့စည်းခြင်းနှင့် ယင်းတို့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုသတ်မှတ်ခြင်း၊

(တ) ဝန်ကြီးဌာနက သတ်မှတ်ပေးအပ်သော ကျန်းမာရေးပညာပေးခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ပဏာမကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ခြင်း၊ ကျန်းမာရေးပြန်လည်ထူထောင်ခြင်းနှင့် သုတေသနပြုခြင်း အပါအဝင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတာဝန်များကိုထမ်းဆောင်ခြင်း။

**အခန်း(၆)**

**ကောင်စီဝင်အဖြစ်မှ ရပ်စဲခြင်း၊ နုတ်ထွက်ခြင်းနှင့် လစ်လပ်နေရာဖြည့်စွက်ခန့်ထားခြင်း**

၁၀။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လာလျှင် ကောင်စီဝင်အဖြစ်မှ ရပ်စဲသည်-

(က) ကွယ်လွန်ခြင်း၊

(ခ) သာသနာ့ဘောင်သို့ အပြီးကူးပြောင်းဝင်ရောက်ခြင်း၊

(ဂ) နုတ်ထွက်ခြင်း၊

(ဃ) အကျင့်စာရိတ္တနှင့်သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံးက ပြစ်ဒဏ်ချမှတ်ခံရခြင်း၊

(င) ရူးသွပ်ခြင်း။

၁၁။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်တစ်ဦးသည် ကောင်စီဝင်အဖြစ်မှ မိမိသဘောအလျောက် နုတ်ထွက်လိုလျှင် သတ်မှတ်ချက်နှင့်အညီ ဝန်ကြီးဌာနသို့ စာဖြင့်တင်ပြ၍ နုတ်ထွက်နိုင်သည်။

၁၂။ ကောင်စီဥက္ကဋ္ဌသည် ပုဒ်မ ၁၀ ပါ အကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ၊ ပုဒ်မ ၁၁ အရနုတ်ထွက်ခြင်းကြောင့်ဖြစ်စေ ကောင်စီဝင်နေရာ လစ်လပ်လျှင် လစ်လပ်သော ကောင်စီဝင်နေရာကို ဖြည့်စွက်ခန့်ထားနိုင်ရန် ဝန်ကြီးဌာနသို့ တင်ပြရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

## တိုတိုထွာထွာဖတ်စရာ

### ရွှေတောင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်စည်းဝေး

ရွှေတောင်

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ရွှေတောင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၁၈ -၂၀၁၉ ခုနှစ် နှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေးကို အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီက ရွှေတောင်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရွှေတောင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့နာယက ဗိုလ်ကြီး ဝင်းမြင့် (ငြိမ်း) က အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြင့်နိုင် (ပြည်)

### ပုသိမ်အကျဉ်းထောင်၌ ကျန်းမာရေးအတွက် အသိပညာပေးဟောပြော

ပုသိမ်

ဧရာဝတီတိုင်းဒေသကြီး အကျဉ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်းတို့ပူးပေါင်းဆောင်ရွက်သော ပုသိမ်အကျဉ်းထောင်ရှိ အကျဉ်းသူ အကျဉ်းသားများအား ကျန်းမာရေးပညာပေးဟောပြောပွဲကို အောက်တိုဘာ ၃ ရက်တွင် ပုသိမ်အကျဉ်းထောင်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် အဖွဲ့ခေါင်းဆောင် တိုင်းဒေသကြီးအတွင်းရေးမှူး ဒေါက်တာကြည်ဖေက တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်း၊ ကင်ဆာအထူးကုဆရာဝန်ကြီး ဒေါက်တာအေးစန္ဒာညွန့်က ဆေးလိပ်သောက်ခြင်းနှင့် ကွမ်းစားခြင်း ဘေးထွက်ဆိုးကျိုးများ၊ အရေပြားအထူးကုဆရာဝန်ကြီး ဒေါက်တာမို့မို့မင်းက အရေပြားဆိုင်ရာရောဂါအကြောင်း၊ အဆုတ်ရောဂါကုဆရာဝန်ကြီးဒေါက်တာနန်းအိရွှေစင်ဝင်းက အဆုတ်ရောဂါအကြောင်းနှင့် ဦးစီးအရာရှိ ဒေါက်တာဒေါ်မို့မို့အောင်က သွားကျန်းမာရေးအကြောင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ဒေါက်တာကြည်ဖေ

### မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြော

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ရှမ်းတဲကြီးရပ်ကွက်ရှိ သုခသိဓိဓမ္မာရုံတွင် ရပ်ကွက်နေပြည်သူများအား ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့မရဲစခန်းမှူး ဒု-ရဲမှူးစိုးဝင်းနှင့် ရဲအုပ်သန်းနိုင်တို့က အောက်တိုဘာ ၂ ရက် ညနေ ၃ နာရီတွင် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောခဲ့သည်။

အေးသန်း(စိန်တုံးကြီး)

## ဆောမြို့တွင် စိမ့်စမ်းရေသွယ်စနစ်ဖြင့် ရေပေးဝေနိုင်ရေးဆောင်ရွက်

**ဆော အောက်တိုဘာ ၅**

ဂန့်ဂေါခရိုင် ဆောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောမြို့ပေါ်ရှိ ရပ်ကွက်များတွင် စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းကို ရေမီတာစနစ်ဖြင့် အဆင်ပြေစွာ ရေပေးဝေနိုင်ရန် ဆောမြို့နှင့် ခြောက်မိုင်ခန့်အကွာအဝေးရှိဆောချောင်းဖျားမှ ဆောမြို့အတွင်းသို့ ရေသွယ်ယူခြင်းနှင့် မြို့တွင်းရေရရှိရေး၊ ရေဖြန့်ဝေရေးလုပ်ငန်းများကို ဆောင်ရွက်ကြောင်း သိရသည်။

မိုးရာသီတွင်သဘာဝဘေးအန္တရာယ်များကြောင့် အခက်အခဲများစွာ နှစ်စဉ်ကြုံတွေ့ရသည့်အတွက် ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်ရန် အခက်အခဲဖြစ်လေ့ရှိသော်လည်း အဆင်ပြေစွာဆောင်ရွက်နိုင်ရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စိမ့်စမ်းတွင်းတူး၍ အမြင့်တင် ရေပေးဝေရေးလုပ်ငန်းကို ခွင့်ပြုငွေကျပ် သိန်း ၁၄၀ ဖြင့် ဆောင်ရွက်ခဲ့ကြသည်။

"မြို့ပေါ်ရပ်ကွက်များမှာ ရေမီတာ ၃၃၂ လုံးတပ်ဆင်ပြီး ရာသီမရွေး အခက်အခဲမရှိ အဆင်ပြေချောမွေ့စွာ သောက်သုံးရေများဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်နေခြင်းဖြစ်ပါတယ်"ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်စွာဟိန်းက ပြောကြားသည်။

စိမ့်စမ်းရေသွယ်ယူခြင်း၊ အမြင့်တင်ရေပေးခြင်းလုပ်ငန်းများကိုအောက်တိုဘာ ၄ ရက် နံနက်ပိုင်းက စတင်စမ်းသပ်ခဲ့ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစံရင်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်နိုင်တို့က



ကွင်းဆင်းကြည့်ရှု စစ်ဆေးကြရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်စွာဟိန်းက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးညှိနှိုင်းကြပြီး ဒီဇင်ဘာ ပထမပတ်မှ စတင်ကာ အဆိုပါ အမြင့်တင်ရေပေးဝေရေးလုပ်ငန်းမှ သောက်သုံးရေများ စနစ်တကျဖြန့်ဝေနိုင်မည်ဖြစ်ကြောင်း အမှုဆောင်အရာရှိက ပြောကြားသည်။

စိန်ကျော်



တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ အောက်တိုဘာ ၂၀ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် (၁၅) ကြိမ်မြောက် ကမ္ဘာ့ဝူရှူးပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာဝူရှူးအဖွဲ့ကို အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တွေ့ရစဉ်။ (မြန်မာဝူရှူးအဖွဲ့သည် ကမ္ဘာ့ဝူရှူးပြိုင်ပွဲမတိုင်မီ နည်းစနစ်ပိုင်းဆိုင်ရာ ပိုမိုတိကျစွာ လေ့ကျင့်ပြင်ဆင်ရန် ဟန်ကျိုးမြို့သို့ ကြိုတင်သွားရောက်ကာ လေ့ကျင့်ခြင်း ဖြစ်သည်။)

ကိုစိုင်း

### မိုးညှင်းစစ်မှုထမ်းဟောင်းများအဖွဲ့ အစည်းအဝေး ကျင်းပ

**မိုးညှင်း အောက်တိုဘာ ၅**

ကချင်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နှင့် မိုးညှင်းမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် လုပ်ငန်းကဏ္ဍကြီးငါးရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက မိုးညှင်းမြို့နယ် နမီးစုရပ်ကွက် စိမ်းလဲ့ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မိုးညှင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးဘိုလယ်(ငြိမ်း) က အဖွင့်အမှာစကားပြောကြားပြီး နှစ်ပတ်လည်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို တက်ရောက်လာကြသူများက အတည်ပြုခဲ့ကြပြီး အမှုဆောင်အဖွဲ့သစ်အား ပြန်လည်ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

နီတိုး

**ပန်းမန်သစ်ပင် လေသန့်စင်၍**
**ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏**

# အွန်လိုင်းဒစ်ဂျစ်တယ် နည်းပညာကျွမ်းကျင်လူငယ်များ လေ့ကျင့်မွေးထုတ်ပေးနေ




အနယ်နယ်အရပ်ရပ်မှလူငယ်များ Yangon Innovation Center တွင် ဒစ်ဂျစ်တယ်နည်းပညာ လေ့လာသင်ယူနေစဉ်။

**ရန်ကုန် အောက်တိုဘာ ၅**

မြန်မာလူငယ်များ အလုပ်အတွက် ပြည်ပသို့ ရွှေ့ပြောင်းသွားလာရန်မလိုဘဲ ပြည်တွင်းမှ တစ်ဆင့် နိုင်ငံခြားငွေရှာဖွေနိုင်သည့် ဒစ်ဂျစ်တယ်နည်းပညာ တတ်မြောက်ကျွမ်းကျင်သူ လူငယ်များကို ရန်ကုန်မြို့ ပန်းဆိုးတန်း ကူးတို့ဆိပ်အနီး Yangon Innovation Center ရှိ Myanmar Youth Empowerment Organization (MYEO) မှ လေ့ကျင့်မွေးထုတ်ပေးနေကြောင်း သိရသည်။

"အခုအခါမှာ မြန်မာနိုင်ငံက လူငယ်တွေဟာ စားဝတ်နေရေးအတွက် ငွေကြေးအခက်အခဲကြောင့် ပြည်ပနိုင်ငံတွေမှာ အလုပ်အကိုင်တွေ ရှာဖွေလုပ်ကိုင်နေရတယ်။ အခုလိုနည်းပညာခေတ်ထဲမှာ ဒစ်ဂျစ်တယ်နည်းပညာတွေကို တတ်မြောက်မယ်ဆိုရင် မြန်မာနိုင်ငံမှာ မိသားစုနဲ့နေရင်းနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေရပြီး နိုင်ငံခြားလစာတွေရနိုင်တဲ့ အခွင့်အရေးရှိတယ်။ ဒါကတော့ ညီမတို့ MYEO ကနေ ဒစ်ဂျစ်တယ်နည်းပညာတွေ တတ်မြောက်အောင် လူငယ်တွေကို သင်ပေးနေတာပါ။ အဓိကကတော့ မြန်မာပြည် Online Platform အသုံးပြုပြီး နိုင်ငံခြားက အလုပ်တွေကို လှမ်းလုပ်လို့ရတဲ့ အလုပ်အကိုင်တစ်ခုကို စတင်နိုင်ဖို့ အရေးကြီးတာပါ" ဟု MYEO တည်ထောင်သူ မထက်သီရိရွှေက ပြောကြားသည်။

လက်ရှိတွင် MYEO မှ ရန်ကုန်၊ မန္တလေး၊ ရခိုင်၊ ချင်း၊ ဧရာဝတီ၊ ပဲခူး စသော ဒေသအသီးသီးမှ အသက် ၂၅ နှစ်ဝန်းကျင်ရှိ ကျောင်းသားကျောင်းသူ၊ အမျိုးသား အမျိုးသမီးလူငယ်များကို ကွန်ပျူတာ၊ ဖုန်းများအသုံးပြုကာ E-mail ကျွမ်းကျင်စွာအသုံးပြုခြင်း၊ Viedo Conferencing ပြုလုပ်ခြင်း၊ LinkedIn၊ Twitter များကို Professional Networking Tools များ အသုံးပြုနိုင်ခြင်း၊ Slack၊ Trello များကို Remote Working Project Management Tools များ အသုံးပြုနိုင်ခြင်း၊ ပြင်ပတွင်တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသောပုဂ္ဂိုလ်များဖြင့် အွန်လိုင်းပေါ်တွင် အလုပ်လုပ်နိုင်မည့် ဒစ်ဂျစ်တယ်နည်းပညာများရှိစေရန် ကျွမ်းကျင်လူငယ်များ ပေါ်ထွက်ရေး သင်တန်းပေးခြင်း၊ အစ္စရေးနိုင်ငံမှ အင်တာနက်အခြေပြု စွန့်ဦးတီထွင်သူ Anatoly Tolik Eidelman က ကိုယ်တိုင်လာရောက်ကာ လူငယ်များနှင့် တွေ့ဆုံပြီး Online Career အကြောင်း ဆွေးနွေးသင်ကြားခြင်း စသောဝန်ဆောင်မှုများ ပေးနေကြောင်း သိရသည်။

"အဓိကကတော့ ကွန်ပျူတာတစ်ခုကို တတ်ဖို့တော့လိုတယ်။ အလွန်ကြီး ကျွမ်းကျင်တာမျိုးကြီးမဟုတ်ဘဲ ကောင်းကောင်းရေးတတ်၊ ရိုက်တတ်ဖို့လိုတယ်။ အဓိကက ကိုယ့်ကိုယ်ကိုယ် အရည်အသွေးမြှင့်ပြီး ရောင်းတတ်တာမျိုးပေါ့။ ပြီးရင် ကျွမ်းကျင်တဲ့ ပညာရပ်တစ်ခု တတ်ထားဖို့လိုတယ်။ ဝက်ဘ်ဆိုက်ကြီးတစ်ခု တည်ထောင်လိုက်ရလောက်အောင် တအားကြီးကျွမ်းကျင်တာမျိုး မဟုတ်ပါဘူး။ ဥပမာ ကုမ္ပဏီတစ်ခုမှာဆိုရင် စာရင်းပိုင်းတွေ လုပ်နိုင်နေတာမျိုး၊ စီမံရတဲ့အပိုင်းတွေနဲ့ အခြားအွန်လိုင်းကိုအသုံးပြုတဲ့ လုပ်ငန်းတွေမှာ ကျွမ်းကျင်ရင် ပြည်ပနိုင်ငံတကာ ဝက်ဘ်ဆိုက်တွေနဲ့ ချိတ်ဆက်ပြီးလုပ်နိုင်ပါတယ်။ အခုချက်ချင်းလည်း အလုပ်ရှာလို့ရပါတယ်" ဟု မထက်သီရိရွှေက ထပ်မံပြောပြသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သောဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယ၊ ဖိလစ်ပိုင် စသောနိုင်ငံများတွင် ၎င်းဒစ်ဂျစ်တယ်နည်းပညာဖြင့် အွန်လိုင်းကိုအသုံးပြုကာ မိမိနိုင်ငံမှ အခြားပြည်ပနိုင်ငံကြီးများရှိ Marketing Manager၊ Data Entry၊ Customer Service နှင့် အခြားအလုပ်များကိုလုပ်ကိုင်ရင်း ဝင်ငွေရရှိနေသော လူငယ်များ များပြားနေကြောင်း သိရသည်။ ယင်းတွင် မြန်မာနိုင်ငံမှ ရွှေ့ပြောင်း လုပ်သားဦးရေသည်လည်း တောင်ကိုရီးယားနိုင်ငံတွင် ၄၀၀၀၀ ခန့်၊ ထိုင်းနိုင်ငံတွင် ၅၅၀၀၀၀ ကျော်၊ မလေးရှားနိုင်ငံတွင် ၂၁၀၀၀၀ ကျော် ရှိနေပြီး အများစုသည် လူငယ်များဖြစ်နေကြောင်း MYEO ၏ စစ်တမ်းများအရ သိရသည်။

လက်ရှိတွင် MYEO အနေဖြင့် နည်းပညာလှုပ်ရှားမှုတွင် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ Off Line အနေဖြင့် တက္ကသိုလ် ၅၁ ခုတွင် ၂၁ ရာစု Skills များ သင်ကြားခြင်း၊ ၂၀၁၈-၂၀၁၉ ပညာရေးနှစ်တွင် ကျောင်းသားလူငယ် ၇၀၀၀ နီးပါးခန့်အား သင်ကြားပေးနိုင်ခြင်း၊ အွန်လိုင်းတွင် Information များ မျှဝေပေးခြင်း၊ အွန်လိုင်းမှတစ်ဆင့် ဒစ်ဂျစ်တယ်နည်းပညာအဖြစ် လူငယ် ၁၀၀၀ ကျော်ကို သင်တန်းပေးနိုင်ခြင်း၊ ပြည်ပနိုင်ငံအသီးသီးရှိ ဝက်ဘ်ဆိုက်များ၊ နည်းပညာကုမ္ပဏီကြီးများနှင့် ချိတ်ဆက်ကာ အွန်လိုင်းတွင် လုပ်နိုင်သော အလုပ်အကိုင်များ ချိတ်ဆက်ရှာဖွေပေးခြင်းတို့ကို ဆောင်ရွက်ပေးနေပြီး မည်သူမဆို လေ့လာနိုင်ကြောင်း သိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)
ဓာတ်ပုံ-မျိုးကြီး

## ဝမ်းနည်းကြေကွဲခြင်း

ဆရာဦးအောင်သန်း၏ချစ်ဇနီး မမတင်တင်အေး အသက် (၇၃) နှစ်သည် ၄-၁၀-၂၀၁၉(သောကြာနေ့) ညနေ ၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်ရှိသွားသည်ကိုသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ မမတင်တင်အေး ကောင်းရာသုဂတိလားပါစေလို့ ဆုတောင်းအမျှဝေပါသည်။

**ဒေါက်တာအောင်လွင်ဦး-ဒေါက်တာနီနီဝင်း**
**ဒေါ်ခင်ညိုလွင်**
**ဒေါက်တာစည်သူ**

## ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ရက်လည်ဆွမ်းကျွေးတရားတော်နာဖိတ်ကြားခြင်း

ကွယ်လွန်သူ အမေကြီး ဒေါ်မြင့်မြင့်ရီ (အဂ္ဂမဟာသီရိ သုဓမ္မသိင်္ဂီ) အသက်(၈၁)နှစ်အား ၄-၁၀-၂၀၁၉ ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးနိုင်ရေးအတွက် လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ လွမ်းသူ့ပန်းခြင်းများ ပေးပို့ခြင်းဖြင့်လည်းကောင်း၊ လှူဖွယ်ပစ္စည်းများလှူဒါန်းနိုင်ရန် ပေးပို့ခြင်းဖြင့်လည်းကောင်း၊ အားပေးနှစ်သိမ့်၍ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ရပ်ဝေး/ရပ်နီး ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်းနှင့် ကွယ်လွန်သူအားရည်စူး၍ ၇-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ်(၇၀)၊ တက္ကသိုလ်ရိပ်သာလမ်း၊ တောင်ပုလုကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်ဝင်း

**အသက်(၈၆)နှစ်**

**လက်ထောက်စာရင်းစစ်ချုပ် (ငြိမ်း)**
**ဗဟိုစာရင်းရုံး**
**B.A, DMA, RL**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ စမ်းချောင်းဂါးဒါန်းအိမ်ရာ၊ အခန်း(၂၂၈)နေ (ဦးထွန်းဖြူ-ဒေါ်ခင်ပု)တို့၏ သား၊ ဒေါ်ခင်ခင်ဆွေ (မထသ-ခွဲ-၂-ငြိမ်း)၏ ခင်ပွန်း၊ သဲဖြူဝင်း(Telenor Myanmar)၏ ဖခင်၊ တူ/တူမ ငါးယောက်တို့၏ ဦးလေးသည် ၄-၁၀-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂:၄၆ နာရီတွင် အာရှတော်ဝင်ဆေးရုံနှလုံးအထူးကြပ်မတ်ဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဌေးရှင် (R/O)

**အသက် (၇၆) နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အလယ်ဘလောက်၊ အမှတ်(၂၂၁)၊ ငါးလွှာနေ (ဦးတုံကျင်ချိန်-ဒေါ်ဆက်မေ)တို့၏ သားကြီး၊ ဒေါ်နန်းမိုးခမ်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးဌေးကြည်-ဒေါ်နီနီခင် (U.S.A)၊ ဦးစိန်မြင့်-ဒေါ်လီလီဌေး (UN-U.S.A)တို့၏အစ်ကို၊ မောင်ဇော်သိန်းထိုက်၊ မခင်မေကြည်၊ မနန်းခင်မေ(UN-U.S.A)တို့၏ဖခင်သည် ၅-၁၀-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

## ဒေါ်သောင်းဟန်

**အသက် (၇၅) နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ်(၇၉၃)၊ သုံးလွှာနေ (ဦးဟန်ကြည်)၏ဇနီး၊ မဆွေဆွေမြင့်၊ မဥမ္မာဆွေ၊ မသက်သက် ဆွေ၊ ကိုဇော်မင်းဦး-မဆွေဆွေဝင်း၊ မနီလာထွေးတို့၏ ချစ်လှစွာသောမွေးသမိခင် ဒေါ်သောင်းဟန်သည် ၅-၁၀-၂၀၁၉ (စနေနေ့) နံနက် ၈:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၉ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၀-၂၀၁၉ (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးအောင်ကိုကိုဝင်း(ခ)ဦးအောင်ကြီး

**MD, Bright Custom Clearing Agency**

**အသက်(၄၉)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုဇွန်တောင်မီးရထားဝင်းနေ (ဦးတင်ဝင်း-ဒေါ်အေးမိ)တို့၏ သား၊ (ဦးဘောန)-ဒေါ်နော်မူငြိမ်း တို့၏ သားသမက်၊ ဦးဝင်းမော်ဝင်း-ဒေါ်စန်းချို၊ ဦးကျော်ဇင်ဝင်း-ဒေါ်သန်းသန်းဆွေ၊ ဦးအောင်သော်ဝင်း-ဒေါ်သိင်္ဂီ၊ ဦးတိုးနိုင်ဝင်း-ဒေါ်ဖြူလေးဝေ၊ ဦးကြည်စိုးဝင်း-ဒေါ်ထားထားဦး၊ ဦးဆန်းထွန်း-ဒေါ်လွင်မာဝင်းတို့၏ ညီ/မောင်၊ ဒေါ်သန္တာဝင်း၊ ဦးမင်းသက်အောင်ဝင်း-ဒေါ်အားလုတို့၏ အစ်ကို၊ တူ/တူမ ၁၆ ယောက်တို့၏ ဦးလေး၊ အမှတ်(၅၀၉)၊ ပုလဲရတနာလမ်း၊ (၁၈/စီ)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းနေ ဒေါ်သန်းသန်းဌေး(ခ)မိငယ်၏ ချစ်လှစွာသော ခင်ပွန်း ဦးအောင်ကိုကိုဝင်း(ခ)ဦးအောင်ကြီး(MD, Bright Custom Clearing Agency)သည် ၄-၁၀-၂၀၁၉ (သောကြာနေ့) နံနက် ၂:၂၂ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ပုဇွန်တောင်မီးရထားဝင်း နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးထွန်းငွေ (ခ) ဦးလုံထော် (ကော့ကရိတ်)

**အသက် (၈၆) နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဦးမင်းလမ်း၊ အမှတ် (၁၆၂၀/က)နေ (ဒေါ်မြညွန့်)၏ ခင်ပွန်း၊ ဦးမြသိန်း-ဒေါ်မြသန်း၊ ဦးစံသောင်း-ဒေါ်လှသန်း၊ ဦးလှဝင်း (တရားလွှတ်တော်ရှေ့နေ)-ဒေါ်ဝေဝေလွင်(အထက်တန်းရှေ့နေ)၊ ဦးသန်းဇော်တို့၏ မွေးသဖခင်၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၅-၁၀-၂၀၁၉ (စနေနေ့) ညနေ ၄:၃၉ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၉ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## စောရှေးသ

**ရုံးအုပ်(ငြိမ်း)၊ အခြေခံကျန်းမာရေးတက္ကသိုလ်**

**အသက် (၇၉) နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ ဦးအောင်မင်းလမ်း၊ အမှတ် (၃၆)နေ (စောအေးမောင်-နော်လူးလူ)တို့၏သား၊ နော်သဘလေးဖေါ-စောကွာစိုး၊ နော်အယ်ထီးဖေါ-စောသောတူထူး၊ နော်မူးခိုဖေါ-စောခင်မောင်ကြီးတို့၏ဖခင်၊ နော်ရှုနိုင်းဒါစိုး၊ စောရှကီးနာစိုး၊ စောအန်တိုနီရှိထူးတို့၏အဘိုး၊ နော်ဟေးလ်ဒါ၏ခင်ပွန်း စောရှေးသသည် ၅-၁၀-၂၀၁၉ ရက် နံနက် ၄:၅၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၇-၁၀-၂၀၁၉ ရက် နံနက် ၉ နာရီတွင် သမိုင်းကရင်နှစ်ခြင်းအသင်းတော်ဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ထိန်ပင်ကရင်နှစ်ခြင်း သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌ အိပ်ပျော်ခြင်း**

## ဦးစောအောင်ကြည် (ခ) စောထေနန်း

**အမေရိကန်သံရုံး လုံခြုံရေးဝန်ထမ်းဟောင်း**

**အသက် (၇၇) နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ အမှတ်(၁၄) နေ (ဦးစောအောင်လှ-ဒေါ်အေး)တို့၏သား၊ [နော်မေရီဝေလ်ဘယ်(အမေရိကန်သံရုံးဝန်ထမ်းဟောင်း]၏ခင်ပွန်း၊ (ဒေါ်ဂလိုရီလှ-မန်းသာမြတ်အေး)၊ (စောတော့)၏ညီ/မောင်၊ စောထူးထူးအောင်-နော်မဲရီဖေါ၊ စောသာထင်(ခ)အတီး-နော်အေးမြင့်သိန်း (ခ) မလေးတို့၏ ဘကြီးသည် ၂-၁၀-၂၀၁၉ (သောကြာနေ့) ညနေ ၄:၅၁ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၇-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ဘုရားကုန်းကျေးရွာ၊ သိုက်ကုန်းအုပ်စု၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးရှိ စောသာထင်၏နေအိမ်၌ ဝတ်ပြုကိုးကွယ်ပြီး ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ကင်ဟင်း (ခ) ဒေါ်စမ်းစမ်းအေး (ခ) ချွာကင်မိန်း

**ခိုင်ပွင့်အလှကုန်ရောင်းဝယ်ရေး၊ ကုန်ဈေးတန်း**

**အသက် (၇၁) နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၃၄-အေ)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်နေ (ဦးစီးနား-ဒေါ်စူးဝါး)တို့၏မြေး၊ (ဦးမောင်စိန်- ဒေါ်ကျင်မှုံ)တို့၏ သမီး၊ ဦးစိုးဝင်း-ဒေါ်ခင်တီ၊ ဒေါ်မြင့်မြင့်သွယ်၊ ဒေါ်ဖြူဖြူသွယ်၊ (ဦးမျိုးခိုင်)-ဒေါ်ခင်ဌေးမြင့်၊ (ဦးနိုင်ထွန်း)တို့၏အစ်မ/ညီမ၊ မောင်တင်ထွန်းအောင်-မထားအိဝင်း၊ မကြည်ကြည်ငြိမ်းဝင်း၊ မောင်ထက်ဖြိုးဟန်၊ မောင်စည်သူဟံ၊ မောင်ဝင်းထက်လင်း၊ မဆုထက်သွယ်တို့၏အဒေါ် ဒေါ်စမ်းစမ်းအေးသည် ၄-၁၀-၂၀၁၉ (သောကြာနေ့) နံနက် ၈:၃၀ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး**

## ဒေါ်ညွန့်စိန် (လှည်းကူး)

**အသက် (၆၉) နှစ်**

လှည်းကူးမြို့နယ်၊ ဈေးကြီးရပ်ကွက်၊ သင်္ဟလမ်းနေ ဒုရဲမှူး ဦးမြင့်အောင် (အင်းတော်မြို့မစခန်းမှူး)-ဒေါ်အေးအေးမော်၊ ကိုကျော်မင်းဦး-မသန်းသန်းဝင်း၊ ကိုငယ်လေး(ခ)ကိုထွန်းမင်းဦး-မခင်သီတာခိုင်၊ မခင်သန္တာကျော်၊ ကိုကျော်ထူးအောင်-မတိုးတိုးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးငါးယောက်တို့၏အဘွား၊ ဦးကျော်ဟန်၏ဇနီးသည် ၅-၁၀-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၉ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် လှည်းကူးသုသာန်၌ သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဦးကျော်လွင်ထွန်း (ခ)ကျော်ကျော် (ရွှေပန်းထိမ်)

**မုဒုံ/ ရေး/ မော်ဘီ**

**အသက် (၄၉) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့၊ (၃) ရပ်ကွက်၊ ကုန်းမြင့်သာယာလမ်း၊ အမှတ်(၄၉)နေ (ရွှေပန်းထိမ်ဆရာကြီးဦးထွန်းလွင်-ဒေါ်တင်ရွှေ)တို့၏သားထွေးသည် ၅-၁၀-၂၀၁၉ (စနေနေ့) နံနက် ၄:၁၅ နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၉ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် မော်ဘီမြို့မသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၀-၂၀၁၉ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အနိစ္စ

## ဦးတင်ထွန်း (၁၀)

**ဦးစီးအရာရှိ (ငြိမ်း)၊**
**အကောက်ခွန်ဦးစီးဌာန**

**အသက် (၇၅) နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(အလယ်)ရပ်ကွက်၊ ဖျာပုံလမ်း၊ အမှတ်(၄၄-က)နေ (ဦးဘလှိုင်-ဒေါ်အမာ)တို့၏သား၊ ဒေါ်တင်တင်ဦး၏ ခင်ပွန်း၊ ဦးထွန်းကြွယ်-ဒေါ်ခင်စန်းနွယ်၊ ဦးထွန်းဇော်-ဒေါ်ခိုင်အိဖြူထွန်း၊ ဒေါ်အေးအေးသွယ်တို့၏ ဖခင်၊ မြေးလေးယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၅-၁၀-၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း**

## ဦးတင်ထွန်း (၁၀)

**ဦးစီးအရာရှိ (ငြိမ်း)**

**အသက် (၇၅) နှစ်**

ရာသက်ပန်အသင်းဝင် အမှတ် (၁၁၉၀) ဦးတင်ထွန်း (၁၀)သည် ၅-၁၀-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

## ဒေါ်စန်းစန်းယု

**အသက် (၆၀)**

မြိတ်မြို့၊ ကံဖျားရပ်၊ အမှတ်(၃၉)၊ ကံဖျားလမ်းမကြီးနေ (ဦးထိုင်ကျင်-ဒေါ်စိန်)တို့၏သမီး၊ ဦးတိတ်စိန်-ဒေါ်မူမူဆွေ၊ (ဦးခင်မောင်ကြည်)-မကြူး၊ဒေါ်သန်းသန်းယု-ဦးဇော်လေးတို့၏ ညီမ၊ ဦးမြင့်လွင်-ဒေါ်နီနီဦး၊ ဒေါ်သီသီယု - ဦးမောင်မောင်ရွှေ၊ ဒေါ်အေးအေးယု-ဦးစန်းယုတို့၏ အစ်မ၊ တူ/တူမ ရှစ်ယောက်တို့၏ အဒေါ်သည် ၅-၁၀-၂၀၁၉ (စနေနေ့) နံနက် ၀၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် မြိတ်မြို့၊ ကလွင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဦးခင်မောင်လေး (ခ) ဒင်နီ

**အသက် (၅၇) နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မ/၅၊ ဟိုက်ပတ်(၂) လမ်း၊ တောင်သူကုန်းနေ (ဦးအောင်ဒင်)-ဒေါ်ခင်နုတို့၏ သားထွေး၊ (ဦးသန်းဖေ-ဒေါက်တာဒေါ်ခင်ဆွေ)တို့၏သားသမက်၊ (ဒေါ်ခင်မြလေး)-ဦးလှဒင်၊ ဒေါ်ခင်ဖြူလေး-(ဦးသန်းစိုး)၊ (ဦးအောင်လင်း)-နော်အားမူ၊ ဒေါ်မိမိလေး-ဦးသန်းစိုးတို့၏ ညီ/မောင်၊ တူ/တူမ ရှစ်ယောက်တို့၏ ဦးလေး၊ မန္တေးဆုမွန် (Myanmar Zircon Co.,Ltd)၏ဖခင်၊ ဒေါ်ဥဥ (ခ) ဒေါ်ချောစု၏ခင်ပွန်းသည် ၄-၁၀-၂၀၁၉ ရက် မွန်းလွဲ ၂:၁၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၆-၁၀-၂၀၁၉ ရက် မွန်းလွဲ ၁:၃၀ နာရီတွင် ရွာမနှစ်ခြင်းခရစ်ယာန်အသင်းတော်၌ ဈာပနဝတ်ပြုဆုတောင်းပြီး ရေးဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း၊ စေတီ၊ ရင်ပြင်၊ လမ်း ဒါယိကာမကြီး**

## ဖွားလှကြည် (မြိတ်)

**အသက်(၁၀၅)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ နောက်လယ်ရပ်၊ အမှတ်(၅၆၀)၊ အောက်လမ်းမကြီးနေ (ဖိုးကြာနှင်းအုံ-ဖွားမြသွေး)တို့၏သမီး၊ (ဖိုးဘစံ)၏ဇနီး၊ (ဦးတင်မောင်)-ဒေါ်တင်ကြည်တို့၏ အစ်မ၊ ဦးထွန်းရ-ဆရာမဒေါ်ဂင်မော်(ဆရာမသစ်ဆိုင်)၊ ဦးသန့်စင်-ဒေါ်ခင်ခင်ဌေး၊ (တရားလွှတ်တော်ရှေ့နေ)(ဦးမြစိုး)-ဒေါ်ခင်စန်းရီ၊ ဦးခင်မောင်-ဒေါ်ခင်သန်းစီ၊ ဦးအောင်မြတ် (စစစ ဦးစီးအရာရှိ-ငြိမ်း)-ဒေါ်ခင်ကြူဝင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးအေးမိုး(အထက-ခွဲ၊ အလက-၁၊ မြိတ်)၊ ဦးအေးကြူ-ဒေါ်ခင်အေးအေးစိုးတို့၏ မိခင်၊ မြေး ၁၆ ယောက်တို့၏ အဘွား၊ မြစ် ၁၀ ယောက်တို့၏ ဘွားဘွားကြီးသည် ၄-၁၀-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကလွင် သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

## ဒေါ်မြရွှေ

**အသက် (၈၇) နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (ခ)ရပ်ကွက်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၁၁/ခ)၊ ခြောက်လွှာ (ခေါင်းရင်းခန်း)နေ (ဦးလှ-ဒေါ်လှ)တို့၏သမီး၊ (ဗိုလ်ကြီးလွန်းရှိန်)၏ဇနီး၊ (ဦးသန့်ဇင်)-ဒေါ်ဆွေဆွေမြင့်၊ ဦးအောင်ဇင်ငြိမ်း (ရေနံသယ်ပို့-ငြိမ်း)-ဒေါ်မြင့်မြင့်ရှိန်၊ ဒေါ်မာလာရှိန်၊ ဒေါက်တာမင်းဟန်-ဒေါ်ချယ်ရီရှိန် (Cherry Present Cloth Bags)၊ ဦးသန်းထွဋ်ရှိန်(Mayumi Makita -ဂျပန်)တို့၏ မိခင်၊ မအိဖြိုးသန့်၊ မောင်ဇေယျာဝင်း-မစုနန္ဒာအေး၊ မောင်ရဲသန့်ဇင်၊ မသဒ္ဒါထွန်း၊ မောင်မိုးမြင့်မောင်၊ မကြည်သာဖြိုးထက်တို့၏အဘွား၊ Lucas Liam Win (ခ) မောင်ကောင်းခန့်ဝင်း၏ ဘွားဘွားကြီးသည် ၅-၁၀-၂၀၁၉ ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၀-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးကြည်မောင် (ရေနံချောင်း)

**အသက်(၈၇)နှစ်**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ကန်တော်လေးရပ်ကွက်နေ (ဦးဘသန်း-ဒေါ်တုတ်)တို့၏ သားကြီး၊ (ဒေါ်တင်အေး)၊ ဒေါ်မြင့်မြင့်စိန် တို့၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးတင်စိုးသိမ်း (P.E.C Co.,Ltd-စင်ကာပူနိုင်ငံ)-ဒေါ်ခင်မေသိန်း၊ ဦးကျော်စိုး (M.D ရွှေဗိမ္မာန်ကုမ္ပဏီ)-ဒေါ်နန်းခမ်းကော်၊ ဦးဝင်းအောင် (M.D Myanmar Summit Int'l Co Ltd.)-ဒေါ်ထုဆူ-ဒေါက်တာခင်ယဝေအောင်၊ ဦးသိန်းအောင်၊ ဒေါ်ခင်မှုံ၊ ဦးဘိုးသာထွန်း၊ ဒေါ်ကေသွယ်ဝင်း၊ ဒေါ်နုနုထွန်းတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေး ၁၄ ယောက်တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီး ဦးကြည်မောင်သည် ၄-၁၀-၂၀၁၉ (သောကြာနေ့) နံနက် ၁၁:၄၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ်-၂၄၊ လောကနတ်အိမ်ရာ၊ ၁၂ ရပ်ကွက်၊ လှိုင်မြို့နယ် နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ဆင့်ဆင့်(ရေနံချောင်း)

**အသက်(၆၅)နှစ်**

**ယဉ်ကျေးမှုဝန်ကြီးဌာန(ငြိမ်း)**

ရန်ကုန်မြို့၊ အမျိုးသားကဇာတ်ရုံဝင်းနေ (ဦးခင်ကြီး-ဒေါ်မှို့ဥ)တို့၏ သမီး၊ ဦးကျော်ဆွေ (ညွှန်ကြားရေးမှူး-ငြိမ်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)၏ ချစ်လှစွာသောဇနီး၊ ဗိုလ်မှူးကျော်မြင့်သိန်း-ဒေါ်နေခြည်ဦး(အထက-၁၊ ဒဂုံ)တို့၏ ချစ်လှစွာ သော မိခင်၊ မချစ်ဆုဝေကျော်၏ ဘွားဘွားသည် ၅-၁၀-၂၀၁၉ (စနေနေ့) နံနက် ၅:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၉(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်ထွန်းနောင်

**အသက်(၄၀)**

ဘီးလင်းမြို့နယ်၊ ဇုတ်သုတ်ကျေးရွာနေ ဦးအောင်စိုး-ဒေါ်တင်နွဲ့တို့၏ သားကြီး၊ ကိုတင်ထွန်းလင်း၊ ကိုညီညီထွန်း၊ မလဲ့လဲ့ညို၊ မနုသဲလွှာ၊ ကိုဝင်းထွန်းနောင်၊ ကိုကျော်သက်နောင် တို့၏ အစ်ကိုအကြီးဆုံးသည် ၃-၁၀-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၅:၃၀ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# စော်ကဲတံတား ချဉ်းကပ်တိုင်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**ဝါးခယ်မ အောက်တိုဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် စော်ကဲကျေးရွာအနီး တည်ဆောက်နေသည့် စော်ကဲတံတား တည်ဆောက်ရေးစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ တံတားတစ်စင်းလုံး တည်ဆောက်နေမှု ၃၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး မော်လမြိုင်ကျွန်းဘက်အခြမ်းရှိ ချဉ်းကပ်တိုင်လုပ်ငန်းများမှာ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း တံတားတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်မှ သိရသည်။

**တည်ဆောက်နေ**

အဆိုပါစော်ကဲတံတားမှာ လမ်းအမှတ် (၁၀)၊ ဘိုကလေး- မော်လမြိုင်ကျွန်း - ကျုံမငေး - ဝါးခယ်မ - မြောင်းမြလမ်း မိုင်တိုင်အမှတ် (၁၇/၀)၌ တည်ရှိပြီး စော်ကဲမြစ်အား ဖြတ်သန်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)က ငွေကျပ် သန်းပေါင်း ၁၇၅၀၀ အကုန်အကျခံ တည်ဆောက်နေခြင်းဖြစ်ကြောင်း တံတားစီမံကိန်းတာဝန်ခံ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)မှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဌေးဦးက ပြောသည်။

**စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ✳**




ကြေးမုံ ယနေ့ ဖတ်စရာ

ရန်ကုန်တက္ကသိုလ်ရာပြည့်ပွဲသဘင်ကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပသွားမည် စာမျက်နှာ » ၈

ဘဝအားမာန် လောကစံကြြား ဦးတည်သွား စာမျက်နှာ » ၁၂



အမေရိကန် - မြောက်ကိုရီးယား အဆင့်မြင့်တာဝန်ရှိသူအဆင့် ဆွေးနွေးမှုများ စတင် စာမျက်နှာ » ၁၃

အွန်လိုင်းဒစ်ဂျစ်တယ် နည်းပညာကျွမ်းကျင်လူငယ်များ လေ့ကျင့်မွေးထုတ်ပေးနေ စာမျက်နှာ » ၂၀


# ONE လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ကာကွယ်ရမည့် အောင်လအန်ဆန်

**ရန်ကုန် အောက်တိုဘာ ၅**

ONE ဝိတ်တန်းနှစ်ခုချန်ပီယံ အောင်လအန်ဆန်သည် ယခုနှစ်အတွင်း ဒုတိယမြောက် ချန်ပီယံကာကွယ်ပွဲအဖြစ် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကိုကာကွယ်ရမည်ဖြစ်ပြီး အောက်တိုဘာ ၁၃ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

အောင်လအန်ဆန်သည် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ရယူနိုင်ခဲ့သော်လည်း နှစ်နှစ်နီးပါးအကြာမှသာ ပထမဆုံးကာကွယ်ပွဲ ထိုးသတ်ရခြင်းဖြစ်သည်။ အောင်လအန်ဆန်၏ လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို စိန်ခေါ်သည့်ကစားသမားမှာ လက်ရှိ ဟဲဗီးဝိတ်တန်းချန်ပီယံ ဖိလစ်ပိုင်နိုင်ငံသား ဘရန်ဒန်ဗီရာဖြစ်ပြီး အကြိတ်အနယ်ထိုးသတ်ရမည့်ပွဲတစ်ပွဲ ဖြစ်လာနိုင်သည်။

**ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်**

အောင်လအန်ဆန်သည် ယခုနှစ်အတွင်း ချန်ပီယံကာကွယ်ပွဲ နှစ်ပွဲသာ ထိုးသတ်မည်ဖြစ်ပြီး မတ်လက မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကာကွယ်ပွဲအဖြစ် ဂျပန်နိုင်ငံသား ဟာဆဲဂါဝါနှင့် ဒုတိယအချီတွင် အလဲထိုးအနိုင်ရကာ ချန်ပီယံဆုကာကွယ်နိုင်ခဲ့သည်။ ယင်းပွဲပြီးကတည်းက လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆု ကာကွယ်ပွဲအတွက် ပြင်ဆင်နေခြင်းဖြစ်ပြီး အမေရိကန်နိုင်ငံ၌ ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်ခဲ့သည်။

အောင်လအန်ဆန်သည် ONE Championship နှင့် ပွဲများ ဆက်လက်ထိုးသတ်ရန် သဘောတူစာချုပ် ချုပ်ဆိုထားပြီး လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆု ပထမဆုံးကာကွယ်ပွဲတွင် ရလဒ်ကောင်းရန် ကြိုးပမ်းရမည် ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၅

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အလေးမပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားလက်ဇွေ့ရုံ၌ ကျင်းပသည်။**



ယနေ့ပြိုင်ပွဲများအဖြစ် အမျိုးသား(၈၉) ကီလိုတန်း၊ အမျိုးသမီး(၆၄)ကီလိုတန်း၊ အမျိုးသား(၉၆)ကီလိုတန်းပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြသည်။

**အနိုင်ရရှိခဲ့**

အမျိုးသား(၈၉) ကီလိုတန်းပြိုင်ပွဲတွင် ပထမ ရဲရင့်နိုင်(မကွေး)၊ ဒုတိယ နိုင်ရွှေထက်(ဧရာဝတီ)၊ တတိယ ခိုင်မျိုးဦး(စစ်ကိုင်း)တို့က လည်းကောင်း၊ အမျိုးသမီး (၆၄)ကီလိုတန်းပြိုင်ပွဲတွင် ပထမ ဝေဝေလှိုင်(မကွေး)၊ ဒုတိယ ဆုမြတ်မွန်(ရန်ကုန်)၊ တတိယ အေးငြိမ်းသူ(မကွေး)တို့က လည်းကောင်း၊ အမျိုးသား (၉၆) ကီလိုတန်းပြိုင်ပွဲတွင် ပထမ အောင်သော်ဇင်(ရန်ကုန်)၊ ဒုတိယ အောင်ကျော်သက်(ဧရာဝတီ)၊ တတိယ ရဲပြည့်စိုး(နေပြည်တော်)တို့က လည်းကောင်း အနိုင်ရရှိသည်။

**စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ■**




Yangon (01) 522 723, 09 42 100 2051, 09 2500 100 10
Yangon (Grand Sirius : Ahlone) 09-776699955,09-776633377
Yangon (Koe Sel Sa Co ; N/Dagon) 09-825090888,09-899925300
Yangon (Cherry MYKD ; S/Okkalapa) 09-441444491~93
Yangon (Green Gate ; N/Okkalapa) 09-780807799, 09-443669999
Yangon (Silver Ocean ; Thingangyun) 09-400881003~4~5
A/S Center 01 522 724
Yangon ( MMM ; Tamwe)
Yangon (Myint Myat Maung : Hlaing) 09-785145313, 09-42220552
Yangon (Myanmar Jade Crown; E/Dagon) 09-967788900,09-444123181
Mandalay
All information and illustrations are based on data available at the time of publication and subject to change without notice.
Mawlamyine 057 24480, 09 970 184 721
Naypyidaw 067 26416, 09 797938 277
Monywa 09 7921 30 200, 09 2131 200
Magway 09 77777 1616, 09 77777 6161
Taunggyi 09 521 2514
www.facebook.com/hyundaimm




## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး ၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း ရွှေကမ္ဘာတာဝါ(၂) ၊ အမှတ် ၁၇၄/၁၈၈ (ဒုတိယထပ်)ရှိ ယူနိုက်တက်ပိန့်(စ်)ဂရု(ပ်)ကုမ္ပဏီလီမိတက် UNITED PAINTS GROUP CO.,LTD. [ကုမ္ပဏီ မှတ်ပုံတင် အမှတ်-၁၈၉၇၇၈၈၉၂၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။ UNITED PAINTS GROUP CO.,LTD. က အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင်မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

ကုန်အမှတ်တံဆိပ်များ



မှတ်ပုံတင်အမှတ် - ၄/၇၉၈၅/၂၀၁၇



မှတ်ပုံတင်အမှတ် - ၄/၆၁၉၅/၁၉၉၇




UNITED PAINTS GROUP CO.,LTD. (UPG)သည် လွန်ခဲ့သော နှစ် ပေါင်း ၂၀ ကျော်ကတည်းကအထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများဖြင့် အလှဆင် သုတ်ဆေး အမျိုးအမျိုးတို့ကို အရွယ်အစားအမျိုးမျိုး ပုံသဏ္ဌာန်အမျိုးမျိုး အရောင်အမျိုးမျိုး ဒီဇိုင်းအမျိုးမျိုးပြုလုပ်၍ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိရာ ကောင်းသော ဂုဏ်သတင်းဖြင့် ကျော်ကြားလျက်ရှိပါသည်။ ယခုအခါတွင် မသမာသူအချို့က အထက်ပါ UNITEX EMULSION PAINT နှင့် ORIENT EMULSION PAINT ကုန်အမှတ်တံဆိပ်၏ နာမည်ကောင်း သတင်းကိုအခွင့် ကြုံရျက်တုပ၍ စားသုံးသူများမှ ထင်ယောင် ထင်မှား ဆင်တူယိုးမှားဖြစ်စေရန် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိ ကြောင်းတွေ့ရှိကြားသိရပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားများကို မိမိတစ်ဦးတည်း မူပိုင်အဖြစ်မှတ်ပုံတင်သွင်းခြင်းဖြစ်ပါသဖြင့် မိမိ၏ခွင့်ပြုချက်မှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မျှဖြစ်စေ၊ အများ သူငှာမှ ဖြစ်စေ၊ ပုံတူမှာဖိုက်နိုင်၍ လည်းကောင်း၊ သွယ်ဝိုက်၍ လည်းကောင်း အတုအပပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှား ပြုလုပ်ခြင်း ၊ အခြားနည်းဖြင့် မူပိုင်ခွင့်ကို ထိပါးခြင်းစသည်တို့ကို လုပ်ကိုင် ဆောင်ရွက် အသုံးပြုနေ ကြောင်းတွေ့ရှိသိရှိရပါက မိမိ၏လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာ ဆုံးရှုံးကုန်ကျသမျှ အရပ်ရပ် စရိတ်ကြေးငွေ များအတွက် တောင်းဆိုနိုင်ရန်နှင့် ထိုကဲ့သို့အတုအပ ထင်ယောင် ထင်မှား ဆင်တူယိုးမှား ပြုလုပ်ထားသည့် တံဆိပ်အမည် အမှတ်အသားများကို ပယ်ဖျက်နိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ အဆင့်ဆင့်သောတရားရုံးတွင် တရားမကြောင်း၊ ရာဇဝတ်ကြောင်းတို့ဖြင့် အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေ ရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးမြင့်ကြိုင်
တရားလွှတ်တော်ရှေ့နေ (စဉ် – ၂၀၅၆ / ၂၆.၁၁.၁၉၈၀)
အမှတ် (A-8/202) ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉၅၁၀၉၀၁၄






## ၇မိုင်၊ Condo ငှားမည် (အသစ်)

1MBR, 2BR, Fully Furn, လုံခြုံရေးပါ၊
ကားပါကင်ရှိ၊ Lift ပါ မီးစက်ပါ။
ကမာရွတ်၊ လှည်းတန်းလမ်းမ၊ စိန်ဂေဟာအနီး
(ရောင်း/ငှား)၊ (၇)လွှာ၊
ပေ (25x50), 2BR, ရေချိုးခန်း/ အိမ်သာ (၂)လုံး။
လုံးချင်းတစ်ထပ်တိုက်၊ အင်းစိန်အာလိန်ငါးဆင့်အနီး
1 MBR, 2BR, မီးစက်ပါ၊ ခြံငှားမည်။
Ph: 09–5169119, 09–965169119



## ရောင်ခြည်သစ်

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြည့်အစုံ ... ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773



## တရုတ်စကားပြန်အဖြစ်(၆)လပြတ်သင်တန်း

အလုပ်ပါတစ်ခါတည်း အင်တာဗျူးရမည်။
(၁၅) နှစ်အတွေ့အကြုံရှိ GESC တရုတ်
စကားပြောစာသင်ကျောင်းမှအထူးလေ့ကျင့်
သင်ကြားပေးမည်။ လစာ(၃-၆) သိန်းရမည်
ဖုန်း- ၀၉၅၀-၆၃၃၆၉၊ ၀၉၅၄-၁၀၅၉၂







## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ –

ဒေါ်[illegible] (LL.B) ၊ (စဉ်–[illegible])

တရားလွှတ်တော်ရှေ့နေ

[illegible]

## အထွေထွေကိုယ်စားလှယ် လွှဲစာရုပ်သိမ်းခြင်း

ကျွန်မ ဒေါ်စန်းမြင့်(ခ)ရူကီယာဘီဘီမိုဟာမက်ဆိုလေမန်နာနာဘာဝါး [၁၂/ကတတ(နိုင်) ၀၂၅၄၅]အမှတ် (၁၁၇)၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သည် ဒေါ်ခင်ဥမ္မာ [၁၂/ဗတထ(နိုင်)၀၂၅၇၃၈]၊ အမှတ်–၄၁၊ ၃–လွှာ(ယာ)၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်နေသူအား ၃၀–၅–၂၀၁၉ ရက်စွဲဖြင့် (Notary Public)ဖြင့် လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်သည်။

**ဒေါ်စန်းမြင့်(ခ)ရူကီယာဘီဘီမိုဟာမက်ဆိုလေမန်နာနာဘာဝါး**
**[၁၂/ကတတ(နိုင်)၀၂၅၄၅]**

## ကိုအောင်သူထိုက်[၁၂/တမန(နိုင်)၀၉၄၁၅၅]နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့နေ ဒေါ်သန်းသန်းလှ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကိုအောင်သူထိုက်သည် မိခင်ဖြစ်သူ ဒေါ်သန်းသန်းလှအား ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲစေရန် အမျိုးမျိုးပြုလုပ်ဆောင်ရွက်သည့်အပြင် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ရန်သူသဖွယ် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း၊ ၎င်းနှင့်ပတ်သက်သောအကြောင်းကိစ္စအဝဝသည် ၎င်းနှင့်သာ သက်ဆိုင်ပြီး မိသားစု၊ အသိုင်းအဝိုင်းနှင့် မပတ်သက်ကြောင်း တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသိန်းထွန်း[BA (Law),LL.B]** (စဉ်–၂၂၉၃)
**ဒေါ်မြတ်သန္တာငြိမ်း(LL.B,D.B.L)** (စဉ်–၁၁၅၈၈)

**တရားလွှတ်တော်ရှေ့နေများ**

**ဦးဇေဝင်းထွဋ်(LL.B)** (စဉ်–၄၈၈၅၄)
**ဦးနိုင်ဝင်း(LL.B,D.B.L,D.I.L)** (စဉ်–၄၇၅၂၄)

**အထက်တန်းရှေ့နေများ**

**အမှတ်(၁၈၉/၁၉၅)၊ ပန်းဆိုးတန်းတာဝါ၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၀၄၃၇၆၅၊ ၀၉–၄၄၈၀၂၂၀၈၈၊ ၀၉–၄၅၀၂၄၁၆၀၀၊ ၀၉–၄၃၀၈၈၄၇၈**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ နတ်စင်လမ်းရှိ တိုက်အမှတ်(၂၅)၊ ၅ လွှာ၊ တိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ရောင်းချခွင့်ရှိကြောင်း အဆိုပြုပြောဆိုသူ မဆုရည်ဝင်း [၁၂/တမန(နိုင်)၁၁၅၀၈၉]နှင့် ကိုဇေမင်းထက် [၁၂/တမန(နိုင်)၁၁၆၃၇၄] တို့ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးကြည်ထွန်းလွင် [၁၂/သလန(နိုင်)၀၉၇၅၆၀]**
**ဒေါ်ဆုထက်ထက်ရည် [၁၀/မလမ(နိုင်)၁၈၅၂၄၈]**
**ဆက်သွယ်ရန်ဖုန်း – ၀၉–၉၇၃၃၈၃၃၁၂, ၀၉–၉၇၃၃၈၃၃၂၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအနောက်ရပ်ကွက်၊ ဦးဖိုးထူးလမ်း၊ အမှတ်(၂၄)၊ (၄–ဘီ)၊ စတုတ္ထထပ်(၄–လွှာ)၊ တိုက်ခန်းနှင့် တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံပြောဆို၍ ကမ်းလှမ်းသူ ဦးခင်မြင့်[၁၂/လမတ(နိုင်)၀၁၆၈၄၄]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ရောင်းချသည့်တိုက်ခန်းနှင့်ပတ်သက်၍ မည်သူမဆို ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းနှင့်တကွ ဤကြေညာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ တိုက်ခန်းအရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ဆုမွန်အောင်(LL.B,LL.M)**
**အထက်တန်းရှေ့နေ**
**(စဉ်–၃၇၆၉၅)**
**အမှတ်–၁၉၆၊ စိန်မေရီဝန်း၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**

**ဒေါ်ရီရီသိန်း B.A(Law),LL.B.,**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၂၅၅၄/၁၀–၃–၁၉၈၄)**
**အမှတ်–၅၃၊ ကွမ်းရွံတန်းလမ်း၊ ဈေးကြီးတန်းအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ Ph:09-30349103**

ကြေးမုံ
အထူးကဏ္ဍ
အောက်တိုဘာ ၆၊ ၂၀၁၉ (တနင်္ဂနွေနေ့)

# မျိုးဆက်သစ်ရင်ပြင်

ဝတ္ထုတို

■ လင်းဝင့်မြူ (ပြင်ဦးလွင်)



**အခန်း(၁)**

"ဒုန်း...." ကျွန်မ အခန်းတံခါးကို ဆောင့်ပိတ်လိုက်တဲ့အသံကြောင့် ခုတင်ပေါ်မှာ စာဖတ်နေတဲ့ ကိုသူက မျက်မှောင်ကြုတ်ကြည့်ရင်းပြောတယ်။

"ဟောဗျာ ကေသီရယ်ဘာဖြစ်ရပြန်ပြီတုန်း"

"ဘာဖြစ်ရမလဲ၊ ကျွန်မကြည့်နေတာ ကြာပြီ..၊ ဒီအိမ်ကလူတွေ တော်တော် အဖြစ်သည်းကြတာပဲ၊ ကြာတော့ အမြင်ကတ်လာပြီ၊ ဟုတ်တယ်"

" မင်းစကားကလည်း အဆုံးမရှိ အစမရှိနဲ့၊ ဘာကို ကြည့်မရဖြစ်နေတာတုန်းဆိုတာ သေချာပြောပြစမ်းပါတော့လား"

"ဟိုဘက်အိမ်က ပိုင်လေးကိုလေ... သည်းသည်းလှုပ်နေကြလွန်းလို့ပေါ့...၊ ကိုယ့်မြေးလည်းမဟုတ် ဘာလည်းမဟုတ်ကို ချစ်နေလိုက်ကြတာများ ..မပြောချင်ဘူး"

"ဟားဟား.. .. ဘာများလဲလို့ ကေသီရယ်၊ ဘာမဟုတ်တဲ့ ကိစ္စလေးကို ပုံကြီးချဲ့ခံစားနေရသေးတယ်၊ ဖေဖေတို့ မေမေတို့က ဟိုးအရင်ကတည်းက ကလေးချစ်တတ်တာလေ၊ အမျိုးထဲမှာလည်း ကလေးမှ သိပ်မရှိတော့တာ၊ အဲဒီတော့ ဘေးအိမ်က ပိုင်လေးကို ချစ်နေကြတာ ဘာဆန်းသလဲကွာ၊ ဒါကိုပဲ ချွေးမဖြစ်တဲ့ မင်းက မနာလိုဘူးဆိုရင်တော့ မင်းကိုယ်တိုင် သားသမီးသုံးလေးယောက်လောက် တစ်ဆက်တည်း မွေးပေးလိုက်..."

"ကိုနော်.. .ဟွန့်...၊ ကေသီတို့မှာက ကိုယ်ပိုင်အိမ်လေးတစ်လုံးတောင် မရှိသေးတာ ဘယ်လိုလုပ်ပြီး ကလေးယူမှာလဲ၊ ပြီးတော့ ကေသီလည်း ပိုက်ဆံစုမိချင်သေးတယ်၊ အိမ်ထောင်ကျတာမှ နှစ်နှစ်မကြာသေးဘူး၊ ကလေးတွဲလောင်းနဲ့ မနေချင်သေးပါဘူးနော်"

"အေး... အဲသလိုဆိုလည်း စိတ်လေးဘာလေးကိုလျှော့၊ သဘောထားကြီးကြီးထား၊ ကလေးကလားအပြုအမူတွေ မလုပ်စမ်းပါနဲ့ကွာ၊ သူစိမ်းကလေးကိုတောင် ဒီလောက်ထိချစ်တတ်တဲ့ ငါ့မိဘတွေက ကိုယ့်မြေးအရင်းသာဆို ဘယ်လောက်အထိ ချစ်ကြလိမ့်မလဲ၊ တွေးကြည့်ပေါ့" ကိုသူ့စကားကြောင့် ကျွန်မ ဘာမှ ထပ်မပြောသာ။ ဒါပေမယ့် စိတ်ထဲမှာတော့ မကျေနပ်နေတာတွေက လျော့ပါးမသွားခဲ့။ စိတ်ထဲကနေလည်း တေးထားလိုက်တယ်။

"မိကေသီတို့ကလေးမွေးလို့ကတော့ သင်းတို့တွေ သည်းသည်းမလှုပ်ကြည့်၊ တွေ့မယ်၊ အဲဒီ ပိုင်လေးဆိုတဲ့ ကလေးထက် ချောချောလှလှကလေးကို မွေးပေးလိုက်ဦးမယ်"

**အခန်း(၂)**

"ကေသီရေ ဟိုဘက်အိမ်က မွေးနေ့ဖိတ်ထားတယ်နော်၊ မသွားဘူးလား"

"သိတယ်လေ၊ မသွားပါဘူး၊ မဟုတ်လည်း အမေတို့ သွားကြမှာပဲ"

"ဟဲ့ တူမလား...၊ ဖိတ်စာနှစ်ခုနဲ့ သေချာဖိတ်ထားတာမို့ သွားမှကောင်းမှာပေါ့၊ လူမှုရေးလေးဘာလေး သိစမ်းပါ ကေသီရဲ့"

"အို...လူမှုရေးတွေဘာတွေ အဲလောက်ထည့်တွက်မနေပေါင်၊ အမေတို့ကသာ အဲဒီကလေးကို ချစ်ကြအလေးပေးကြတာ၊ ကျွန်မဖြင့် အဲဒီကလေးကို ချစ်ကိုမချစ်တတ်ဘူး၊ ဘယ်ဘဝက ရေစက်ပါလိမ့်နော်၊ ကလေး ကလေးနေရာ မနေတတ်၊ မဆိုတတ်နဲ့ မုန်းစရာလေး"

"အေးအေး မလိုက်လည်း သဘောပါတော်၊ ဒါပေမယ့် ကိုယ်ကလည်း ဒီအတိုင်းပဲ တစ်သက်လုံး ကလေးမမွေးဘဲ နေသွားမှာ မဟုတ်ဘူးလေ၊ လူဆိုတာ အသွားရှိမှ အပြန်ရှိတာ"

ကျွန်မယောက္ခမ ပြောနေသည်ကို မကြားသယောင်ပြုနေလိုက်တယ်။ သွားချင်လည်း ကိုယ့်ဘာသာသွားကြပေါ့။ ကိုသူက အလုပ်သွားတယ်ဆိုတော့ ကျွန်မကို နိုင်တဲ့လူ မရှိဘူးရယ်။ အဲဒီ ပိုင်လေးဆိုတဲ့ ကလေးက လူကသာ အခုမှ အသက် လေးနှစ်ပြည့်တာ။ လည်တာက မွတ်နေတာပဲ။ အရွယ်နဲ့မလိုက်အောင် အရိပ်အကဲက နားလည်သေး။ အိမ်ကလူတွေကတော့ လည်လွန်းလို့ ချစ်စရာကောင်းတယ်ဆိုပြီး ချစ်ကြတာ။ ကျွန်မကတော့ လည်လွန်းလို့ကို အမြင်ကပ်တာ။

အိမ်မှာ မုန့်တစ်ခုခု လုပ်စားလို့ကတော့ ပိုင်လေးအသံ တစာစာကြားရပြီပဲ။ အစောကြီးရှိသေး အိမ်ကလူတွေတစ်ယောက်ယောက်က ပိုင်လေးကို သွားခေါ်ထားကြတာလေ။

"အမေ .. အမေ့လက်ထဲက ဗီနိုင်းက ဘယ်သူ့ပုံတုန်း၊ အခုမှ ရွေးလာတာလား"

"ရွေးလာတာ မဟုတ်ပါဘူးအေ၊ ဟိုဘက်အိမ်က တောင်းလာတာလေ၊ ပိုင်လေးပုံပေါ့၊ ဒီမှာ ကြည့်စမ်းပါဦး၊ စတိုင်လ်ကတော့ ဗိုလ်အောင်ဒင်ပဲ ၊ စတစ်နဲ့ ပုဆိုးနဲ့ ၊ ခါးပတ်နဲ့ ဖိနပ်နဲ့၊ တိုက်ပုံကို ပခုံးမှာတင်ပြီး မျက်နှာက ခပ်ငေးငေးမော့လို့၊ ဘယ်လောက် အသက်ပါလိုက်သလဲ ၊ ငါ့မှာ ချစ်လွန်းလို့ကို မဂနိုင်ပါဘူး ကေသီရယ်၊ ရော့ ရော့ သားကြီး၊ ဒီပုံလေးကို ဟောဟို ဧည့်ခန်းရှေ့မှာ ချိတ်ပေးပါဦးကွယ်"

ကိုသူကတော့ "ဟုတ် အမေ" ဆိုပြီး သွားချိတ်လေရဲ့။ ကျွန်မကတော့ ဒီလို အကဲပိုတာတွေကြောင့် စိတ်မကြည်။ အဲလောက်ရှိလှတာ ကျွန်မ ကလေးယူလိုက်တော့မယ်။ ဟုတ်တယ်။ အဲဒီလောက်ကလေးထိန်းချင်နေတဲ့သူတွေ။ ထိန်းရစေမယ်ပေါ့။

**အခန်း(၃)**

"ဟဲ့...သိန်းခင်၊ ဒါလေးက ဘယ်သူတုန်း၊ ညည်းမြေးလား၊ ချောလိုက်တာ ဟယ်၊ ကလေးနှယ် ဓာတ်ပုံရိုက်တာများ နေတတ်လိုက်တာ"

"ကြီးတော်အိကလည်း အဲတာ ကျုပ်မြေးမဟုတ်ပါဘူး၊ ဒါပေမယ့် ကျုပ်မြေးလိုပါပဲ၊ ဟိုဘက်အိမ်ကလေ၊ ကြီးတော်နဲ့မဆုံဖြစ်လို့ မမြင်ဖူးတာ၊ အဲဒီကလေးဟာလေ လိမ္မာချက်ချစ်စရာကောင်းချက်ဆိုမှ၊ ကျုပ်တို့လည်း မြေးမရသေးတော့ ဒါလေးချစ်နေရတာပါပဲ"

"အေးဟဲ့ ကလေးက ချစ်စရာကောင်းချက်" ကျွန်မအခန်းထဲက အတိုင်းသားကြားနေရတဲ့ စကားသံတွေပေါ့။ ဘယ်ဧည့်သည်လာလာ ဧည့်ခန်းထဲက ပိုင်လေးဓာတ်ပုံဟာ မပါမပြီး။ နဂိုကမှ ကြည့်မရပါဘူးဆို လူတွေကလည်း ခက်တယ်။ စကားမဟုတ်စကားရှာ ဘယ့်နှယ် ဒီဓာတ်ပုံက ပါပါလာရတယ်မသိ။ နားကြားပြင်းကတ်လိုက်တာ ဆိုမှ။ နောင်များတော့ ကိုယ့်ကလေးမွေးပြီးတဲ့အခါ ဒီဓာတ်ပုံနဲ့ ယှဉ်ယှဉ်ပြီး ကိုယ့်ကလေးကို မလှဘူးဘာညာ နှိုင်းယှဉ်ကဲ့ရဲ့ကြရင် ခက်ရချည်သေးရဲ့။ ဧည့်ခန်းထဲမှာ ဒီဓာတ်ပုံမရှိရေး ကျွန်မ ဘယ်လိုကြံတွေးရပ့်။ နောက်ဆုံး အဖြေရတာကတော့ ကျွန်မကလေးရတဲ့အခါ ဧည့်ခန်းက ပိုင်လေးဓာတ်ပုံကို အသာလေး ဖယ်ပစ်လိုက်လို့ရတာပဲလေ။ တကယ်တော့ အချိန်ပဲလိုတာပါပဲ။ ဘယ့်နှယ်ရှိစ။

"ကိုသူရေ..ကိုသူ၊ ဒီမှာကြည့် ဒီမှာ ဒီမှာ"

"ဟေ...ဘာတုန်းဟ"

"ကိုသူ...ရှင် ကလေးအဖေဖြစ်တော့မယ်တော့်၊ ကလေးအဖေဖြစ်တော့မယ် "

"ဟာ..ဟုတ်လား..၊ ပျော်စရာကြီး မိန်းမရာ၊ ငါ ကလေးအဖေဖြစ်တော့မယ် ဟုတ်လား၊ အမေရေ..အမေ ၊.သား ကလေးအဖေဖြစ်တော့မယ်တဲ့ ဗျို့"

"သြော် ..ကိုသူရယ် ..တိုးတိုးသာသာ သွားပြောပြပါလား၊ ဒီအနားက အော်ပြောနေတယ်၊ ရှက်စရာကြီးတော် ..ရှင်ကလည်း"

"အို..ဘာဖြစ်လဲ၊ ဘယ်သူ့မှ မရှက်ပါဘူးကွာ၊ ဒါသဘာဝပဲ ၊ ကိုယ်တို့ ကလေးရတာဖြင့် နောက်တောင်ကျသေးတယ် "

**အခန်း(၄)**

"ထွေးထွေးရေ..ဟဲ့ ထွေးထွေး"

"ရှင်...ကြီးမေ ..လာပါပြီရှင့်"

ကျွန်မ ယောက္ခမ ဒေါ်သိန်းခင် မအော်စဖူး အခေါ်ထူးနေပုံထောက်တော့ ဒီကိစ္စပဲ ဖြစ်လိမ့်မယ်လို့ ကျွန်မထင်တော့ထင်မိသား။

"ဒီနားက ပိုင်လေးဓာတ်ပုံ ဘယ်ရောက်သွားတာလဲ ၊ နင်သိလား"

"အဲဒါ.. .ဟို..ဟို... မမလေးကေသီ၊ မမလေးကေသီ ဖြုတ်ပြီး သူ့အခန်းထဲ ယူသွားတာတော့ တွေ့လိုက်တယ် ကြီးမေ"

"ဟုတ်တယ် အမေ.. သမီးအခန်းထဲ ပြောင်းချိတ်လိုက်တာ၊ အမေ့သား ကိုသူက ပိုင်လေးလိုသားလေးရချင်သပဆိုလို့ သမီး အဲဒီဓာတ်ပုံ ခဏခဏကြည့်ဖြစ်အောင်လို့ သမီး အခန်းထဲ ထည့်ကပ်လိုက်တယ် "

"သြော်..ဟုတ်လား၊ အေး အေး..၊ ကောင်းတယ် သမီး ၊ ကောင်းတယ်"

"အလျှောက်ကောင်းရင် အထောင်းသက်သာ "ဆိုတယ်မို့လား။ ကျွန်မ ယောက္ခမ ကျွန်မပြောတာကို ယုံသွားတာပဲလေ။ ဒီကိစ္စ ဒီလောက်နဲ့ ဖြေရှင်းလိုက်နိုင်တာပဲ။ လွယ်ချင်တော့လည်း လွယ်လိုက်တာ။ သူတို့အတွက် ချိုမြိန်တဲ့ရသတစ်ခုဖြစ်နေခဲ့တဲ့ ဒီဓာတ်ပုံဟာ ကျွန်မရင်ထဲမှာတော့ စိုက်ဝင်နေတဲ့ စူးတစ်ချောင်းပဲ။ ရက်ရှည်လများ ကျွန်မ နစ်ဝင်နေတဲ့စူးကို ဖယ်ရှားလိုက်ရသလို စိတ်လက်ကြည်သာဖြစ်မိတယ်။ နှုတ်ခမ်းအစုံဟာ နှစ်လိုဖွယ်အပြုံးတို့ တွဲခိုလို့။ ဘယ်သူသိမလဲ။ ကျွန်မ အိပ်ခန်းထဲက ဗီရိုဘေးမှာ ကပ်ထားတဲ့ ဒီဓာတ်ပုံဟာ အဝတ်တန်းအောက်မှာ ခပ်ရှိ့ရှိ့။ ဝတ်လက်စ အပေါ်အင်္ကျီနှစ်ထည် ချိတ်ထားလိုက်ရင် ကျွန်မမြင်ကွင်းကနေ ကွက်တိအပျောက်ပဲ။ ဗီရိုဖွင့်လိုက်တဲ့အခါဆို အစအနတောင် မမြင်ရအောင်အပျောက်ပဲ။ ကျေနပ်တယ်။ ကျွန်မ သိပ်ကိုကျေနပ်တာပေ့ါ။ ကိုယ်ဝန် သုံးလလောက်မှာ ချင်ခြင်းတက်တဲ့အရာဟာ ဒီဓာတ်ပုံကိုဧည့်ခန်းထဲက ဖယ်ထုတ်လိုက်တဲ့အရာများ ဖြစ်နေမလား။ ထူးထူးခြားခြား စားချင်တာမျိုးမှ မရှိခဲ့ဘဲ။ ဆူဖြိုးလာစဗိုက်ကလေးကိုပွေ့ပြီး အိမ်သားတွေကို စားချင်တာ တစ်မျိုးပြီးတစ်မျိုး ဂျီကျရတာကိုလည်း ကျေနပ်တယ်။ ကိုသူပြောတဲ့အတိုင်း ကျွန်မကို ဗိုက်ကလေးဆိုပြီး အလိုလိုက်ကြပါတယ်။ ကိုသူကစ တစ်အိမ်သားလုံးပါပဲ။ အသစ်ရောက်လာမယ့် ကျွန်မရင်သွေးကလေးကို သူတို့ မျှော်လင့်တကြီး ချစ်ဖို့ အသင့်ဖြစ်နေကြပါပြီ။ သူတို့တစ်တွေ ပိုင်လေးကိုလည်း အရင်လောက် သိပ်မသည်းကြတော့ဘူး။ ပိုင်လေးကပဲ တဖြည်းဖြည်း ကြီးလာလို့လား၊ ကျွန်မ ကိုယ်ဝန်ကြောင့်လားတော့ သေချာမသိပါဘူး။ ဘာဖြစ်ဖြစ် ကျွန်မလိုချင်နေတဲ့ အခြေအနေတစ်ခုရောက်နေတာမို့ သိပ်ကျေနပ်နေပါတယ်။ ဒါပဲလေ။ ဒီလိုပဲ ဖြစ်နေရမှာပေ့ါ။ ကျွန်မတို့အိမ်မှာ ပိုင်လေးစိုးမိုးခဲ့တာ နှစ်တွေချီနေပြီးပြီပဲ။

**အခန်း(၅)**

"သမီး..ကေသီ၊ ကိုယ်ဝန်က ရှစ်လကျော်လာပြီ၊ ဆိုင်ကယ်နောက် လျှောက်မလိုက်ပါနဲ့တော့၊ သမီးနဲ့ ကလေးအတွက် အမေက ပြောတာပါ"

"အို အမေကလည်း ဆိုင်ကယ်အနောက်က လိုက်တာဖြင့် ဘာမှ မဖြစ်ပါဘူး၊ သူများတွေဆို ကိုယ်တိုင်တောင် မောင်းပြီးစီးနေကြတာ အများကြီးပဲ "

"အေး... မဖြစ်သေးလို့ မသိကြတာပဲ၊ တကယ်တမ်း ဖြစ်လာပြီဆိုမှ အမေကယ်ပါ၊ အဖေကယ်ပါလုပ်လို့ ဘယ်သူမှ မကယ်နိုင်ဘူးနော် ကေသီ၊ အမေကတော့ သတိပေးရုံသက်သက်ပဲ၊ ကိုသူ မင်းကလည်း မပြောနဲ့ကြားလား ၊ မင်းမိန်းမကို အလိုလိုက်နေ၊ သွားရင်းလာရင်းနဲ့ လမ်းမှာသာ ကလေးထွက်ကျလို့ကတော့ မင်းဘာသာ မွေးပေးလိုက်"

အပြင်ထွက်တိုင်းလည်း ကျွန်မယောက္ခမက ပွစိပွစိ ရွတ်မြဲ။ ကျွန်မကလည်း လိုက်ချင်ရင် လိုက်မြဲ။ ကိုသူကလည်း ကျွန်မကို ကိုယ်ဝန်ကြီးနဲ့မို့ အလိုလိုက်တယ်လေ။ အလိုလိုက်မှာပေ့ါ။ ကိုယ်ဝန်ခြောက်လတုန်းက အာထရာဆောင်းရိုက်ကြည့်တော့ ယောကျ်ားလေးတဲ့လေ။ ကိုသူ လိုချင်နေတဲ့ သားလေးပေါ့။ ကျွန်မလည်း ကျေနပ်ပါတယ်။ အိမ့်ဆည်းလည်း ကလေးဖြစ်လာမယ့် ကျွန်မသားပဲ။

"ကိုသူရေ...၊ အမေရေ...လာပါဦး..အ... အမေရေ" တီဗွီကြည့်နေတဲ့ ကိုသူတို့သားအမိတွေရော တခြားအိမ်သားတွေပါ ကျွန်မအခန်းထဲ အပြေးအလွှား ရောက်လာကြတယ်။ ဒီနေ့ ရုံးပိတ်ရက် စနေနေ့မို့ အိမ်မှာ လူစုံနေကြတာပဲ။ အချိန်က နံနက် ၁၀နာရီ။ ဗိုက်နာနေတဲ့ကြားက အချိန်တွေ ရက်တွေကို ကျွန်မ စဉ်းစားကြည့်မိတော့ "ဟာ...သားဦး စနေကြီး၊ " ဒီနေ့မှ ဗိုက်ကလည်း နာရတယ်လို့ပဲ။ အယူသီးလှတယ်မဟုတ်ပေမယ့် ဒီနေ့မွေးမယ့် ဇာတာပါလာရင်တော့ ဘယ်တတ်နိုင်ပါ့မလဲပေ့ါ။ ဗိုက်နာတဲ့ ဝေဒနာက အတော်ဆိုးတော့ ဆေးရုံကို ဘယ်လိုရောက်လာမှန်းကို မသိလိုက်။ ကားပေါ်တက်တက်ဆို တက်လိုက်တာပဲ။ ဆင်းဆင်းဆို ဆင်းပြီး လှဲ ..လှဲ ဆို လှဲနေရတာပဲ။ အဲဒီနေ့က တစ်နေကုန် တစ်နေခန်း ဗိုက်နာပါတယ်။ ဗိုက်နာတဲ့အချိန်အတော်ကြာသွားတော့ နောက်ဆုံး ခွဲမွေးဖို့ ဆုံးဖြတ်လိုက်ကြတယ်။ ဘဝမှာ မိန်းမတစ်ယောက်အတွက် အခက်အခဲဆုံး တိုက်ပွဲလို့လည်း ပြောလို့ရတယ်။ သြော် ..မိခင်မေတ္တာဆိုတာ ဒီလိုပါလားလို့ သိခွင့်ရတဲ့နေ့လည်းဖြစ်သလို သားသမီးဆိုတာ မိဘတွေအတွက် စမ်းရေအေးပါလားလို့ နားလည်မိတယ်။ ထုံဆေးနဲ့ပဲ ခွဲမွေးတော့ မျက်လုံးအုပ်ထားပေမယ့် အသံတွေကြားနေရတယ်။ အခုကြားနေရတဲ့ "အူဝဲ...အူဝဲ" ဆိုတာ ကျွန်မသားလေး ငိုသံပေါ့ ။ ကမ္ဘာမှာ နှစ်လိုဖွယ် အကောင်းဆုံးသောမယ်လိုဒီအသံကလေးပေါ့။ ကိုယ့်ကိုယ်ကိုယ် ငါဟာ မိခင်တစ်ယောက်လို့ အသေအချာ သဘောပေါက်ရတဲ့နေ့ပါပဲ။ ခွဲခန်းကထွက်တော့ ထုံဆေးအရှိန်ကြောင့် အချိန်တော်တော်ကြာတဲ့အထိ လှုပ်မရသေး။ ကျွန်မလည်း တစ်ရေးလောက် အိပ်ပျော်သွားခဲ့တယ်။ ကျွန်မ ပြန်နိုးလာတော့

"အမေ...သားရော သား..၊ နို့တိုက်မယ်လေ..၊ မိခင်နို့ကို စောနိုင်သမျှစောတိုက်တာ အကောင်းဆုံးပဲလို့ ကြားဖူးတယ်"

"သမီးက ဗိုက်ခွဲထားတာ ၊ သက်သာသလိုနေပါဦး၊ ဟိုမှာ နခ့စ်မလေးက နို့ဘူးတိုက်ပေးနေတယ်လေ" အမေက အဲသလို ပြောပေမယ့် အမေ့မျက်နှာ သိသိသာသာ ပျက်နေတယ်။ ကျွန်မ အကဲခတ်မိတာပေ့ါ။ ဘာလဲဆိုတာသာ မသိတာ။

"အဲတာဆိုလည်း သမီးကို သားလေးပြစမ်းပါဦး၊ အဖေနဲ့ တူသလား၊ အမေနဲ့ တူသလား ကြည့်ရအောင်၊ ကိုသူတို့ရော အမေ....၊ သားလေးကို လာမကြည့်ကြဘူးလား "

အမေ့မျက်ရည်တွေကို တွေ့လိုက်ရတော့ ကျွန်မပိုလို့ စိတ်ပူမိပါပြီ။ နခ့စ်မလေးက မရဲတရဲ ကျွန်မမျက်နှာနားမှာ သားလေးကို မြင်သာအောင် လာပြတယ်။ ကလေးက နို့ဘူးလွတ်သွားလို့ တစ်ချက်လွန့်ရင်း အော်ငိုတယ်။

"အို...ဘယ်လိုကြီးလဲ၊ အမေ...ဒါ....ဒါ... ကျွန်မ သားတဲ့လား...၊ မဖြစ်နိုင်ဘူး ၊ ဒါ ကိုသူနဲ့ ကေသီရဲ့ သား လုံးဝမဖြစ်နိုင်ဘူး၊ ဒီလောက် ဆိုးဆိုးရွားရွား ဖြစ်စရာလား ၊ ကလေးမှားတာ..၊ ဒါ ကလေးမှားတာ အမေ..ဟင့်...ဟင့်..."

"သမီးရယ်..စိတ်ထိန်းပါ..၊ ကိုသူတို့ သားအမိတွေလည်း ဖြေမဆည်နိုင်ဖြစ်နေကြလို့ အပြင်ဘက်မှာ မျက်ရည်နဲ့ မျက်ခွက်ဖြစ်နေကြတာပါ။ ဒီလိုနှုတ်ခမ်းကွဲ အာခေါင်ကွဲဆိုတာ အခုခေတ်ကြီးမှာ ကျွမ်းကျင်တဲ့ ဆရာဝန်တွေနဲ့ အခမဲ့ ခွဲစိတ်လို့ ရနေပါပြီ၊ သမီး ဘာမှ စိတ်မညစ်နဲ့နော်...၊ အမေ ရှိပါတယ်ကွယ်၊ ငါ့မြေးလေးကို ဘယ်သူမချစ်ချစ် အမေတို့ ချစ်ကြမှာပေ့ါ၊ တိတ်..တိတ်"

"ဟင့်အင်း...ဟင့်အင်း..၊ အဲဒါ ကလေးမှားတာ၊ ကလေးမှားတာပါ အမေရဲ့...ဟင့် ဟင့်...ဟင့်"

## ဝါလကင်းလွတ် သီတင်းကျွတ်

သီတင်းကျွတ်လ တူရာသီ
ထူးခြားလှပေသည်
ဗုဒ္ဓကြွချီ လူ့ဌာန
သောင်းသောင်းဖြဖြ ကြိုဆိုကြ။

ဘိုးဘွားမိဘ ကန်တော့ကာ
ကောင်းမှုပြုကြတာ
မြတ်ဆရာ ပူဇော်ကြ
ရှိခိုးဦးနှိမ်ချ။

အ သဃ၀ဏီ စန်းယှဉ်ကာ
ဝန်းကျင်သာယာစွာ
ကောင်းကင်ယံမှာ တူပြိုင်လင်း
ထွန်းပင္ဆေကြယ်မင်း။

မြသားကန်တွင်း ရေကြည်ကြည်
ကြာပန်းဖူးငုံစီ
နေရောင်ခြည် ဖြန့်ကာခင်း
ကြာပန်းရနံ့သင်း။

ခြေခင်းလက်ခင်း သာသာယာ
မိုးသားကင်းစင်ကာ
ပျော်ရွှင်စွာ ပေါင်းစုရင်း
မီးမြင်းမိုရ်ပွဲခင်း။

သော်တာလမင်း ထိန်ထိန်သာ
လပြည့်ညချမ်းခါ
အဘိဓမ္မာ အခါနေ့
ကောင်းမှုပြုလို့ စိတ်ချမ်းမြေ့
နေ့မြတ်ကြုံပေ့ ကုသိုလ်မွေ့
တို့ရိုးရာဓလေ့။

ကိုကျော်စွာ(ကျိုက်ပိ)

## ကျောက်ဆည်ဆင်ပွဲ

မြို့အဝင်ထနောင်းလမ်း
ဇော်ဂျီကမ်းလကျာတည်။

မြန်ပြည်တွင်းသမုတ်ခေါ်လို့
ဆင်မြို့တော်မည်။

မင်းအနော်ကောင်းမှုတည်
သဒ္ဓါကြည်လှူဒါန်းထား။

များသူငါကုသိုလ်ပွားတဲ့
သာလျောင်းဘုရား။

ကမ္ဘာမှာမြန်မာဟေ့လို့
ယဉ်ကျေးပေ့တို့ရိုးရာ။

ဆန်းဝေဖြာဆင်အက
မြင်ရဖို့ပါ။

ကျွတ်သီတင်းနှစ်စဉ်ခါ
ရှုယဉ်စွာကျင်းပမြဲ။

အရပ်ဟံသိမ်တော်ဆောက်တဲ့
ကျောက်ဆည်ဆင်ပွဲ။

လမင်းဟံသာ(ပဲခူး)

ဆောင်းပါး

# အောင်မြင်မှုနှင့် စိတ်ခွန်အား

■ ရွှေလတ်ကိုကို(မဟာဝိဇ္ဇာ)

အောင်မြင်မှုဆိုသောအရာကို လူတိုင်းရရှိပိုင်ဆိုင်လိုကြသည်။ ထိုသို့ရရှိပိုင်ဆိုင်နိုင်ရန်အတွက်လည်း အပြင်းအထန်ကြိုးစားကြလေသည်။ စာရေးသူအပါအဝင် လူတိုင်းသည် သူ့နယ်ပယ်နှင့်သူ အောင်မြင်မှုကိုရရှိရန်ကြိုးစားနေကြသူများဖြစ်သည်။ စာရေးဆရာဖြစ်လိုသူကလည်း စာများရေးကာ သူ၏စာများ ပုံနှိပ်ဖော်ပြခံရန်အတွက် ကြိုးစားရသည်။

ထို့အတူ ပန်းချီဆရာဖြစ်လိုသူကလည်း သူ့၏ပန်းချီကားချပ်များ လက်ရာမြောက်ပြီး လူအများစိတ်ဝင်စားစေရန် ကြိုးစားနေသည်။ ထို့အပြင် အဆိုတော်ဖြစ်လိုသူ၊ သရုပ်ဆောင်ဖြစ်လိုသူ၊ ဆရာဝန်ဖြစ်လိုသူများသည်လည်း သူ့ကဏ္ဍနှင့်သူ အောင်မြင်ရန်ကြိုးစားနေကြသည်။ သို့ဖြစ်၍ လူတိုင်းအားလုံးသည် သူတို့၏ ဝါသနာပါရာများကို ကြိုးစားရုန်းကန်ရင်း အောင်မြင်မှုကိုရရှိပိုင်ဆိုင်ရန် လှမ်းလျှောက်နေကြသည်။ ထိုသို့အောင်မြင်မှုရရန် ကြိုးစားနေချိန်၌ အခက်အခဲများ ကြုံတွေ့လာနိုင်ပါသည်။ ထိုကြုံတွေ့လာသောအခက်အခဲများကိုမူ ခွန်အားမပေးမိစေရန် အရေးကြီးပါသည်။ တစ်နည်းဆိုရသော် အခက်အခဲကို ပြဿနာအကြီးကြီးအဖြစ် သဘောမထားမိစေရန် ဖြစ်ပါသည်။ အခက်အခဲကိုခွန်အားပေးလိုက်ပြီး ကြိုးစားချင်စိတ်ကို လျှော့ချလိုက်ပါက အောင်မြင်မှုနှင့် ဝေးကွာသွားမည်မှာ အသေအချာပင်ဖြစ်သည်။ ဆိုလိုရင်းမှာ ကြုံတွေ့လာသည့် အခက်အခဲကို ဂရုမစိုက်ဘဲ အကောင်းဆုံးနည်းလမ်းဖြင့် သေချာတွေးတောဆင်ခြင်ကာ ဖြေရှင်းနိုင်ရန်ဖြစ်ပါသည်။

ကျွန်တော်တို့ ပတ်ဝန်းကျင်တွင် အောင်မြင်နေသောသူများကိုတွေ့ဖူးကြမှာပါ။ ထိုအောင်မြင်နေသူအားလုံးသည် အောင်မြင်မှုကို လွယ်လွယ်နှင့်ရရှိခဲ့သည်တော့ မဟုတ်ပါချေ။ သူတို့တွင် ရရှိထားသော အောင်မြင်မှုနှင့်ထိုက်တန်သောပေးဆပ်မှုများရှိကြလေသည်။ အချိန်များ၊ ငွေများ၊ ကြိုးစားမှုများကို ရင်းနှီးမြှုပ်နှံပြီးမှသာ ရရှိခဲ့ခြင်းဖြစ်သည်။ သူတို့၏ အောင်မြင်မှုနောက်ကွယ်တွင် ကြမ်းတမ်းသည့်လမ်းခရီးများ၊ အခက်အခဲအတားအဆီးများ၊ စိတ်ပျက်အားငယ်ခဲ့ရချိန်များ၊ ရှုံးနိမ့်လဲကျခဲ့ရချိန်များ ရှိကြလိမ့်မည်မှာ မလွဲပေ။ ထိုအခက်အခဲများကို သူတို့မည်ကဲ့သို့ ကျော်ဖြတ်ခဲ့ကြပါသနည်း။ မည်ကဲ့သို့ ရုန်းကန်ခဲ့ကြပါသနည်း။ ကျွန်တော်တို့အတွက် စဉ်းစားစရာများ၊ ဆင်ခြင်စရာများ၊ အတုယူစရာများ ဖြစ်လာပါသည်။ ကျွန်တော်စဉ်းစားဆင်ခြင်မိသော အောင်မြင်မှုနှင့်ပတ်သက်သည့် အကြောင်းအရာများကို တင်ပြလိုပါသည်။

ဦးစွာပထမအနေဖြင့် အောင်မြင်မှုကို ရရှိရန်အတွက် ဇွဲရှိဖို့ လိုအပ်ပါသည်။ ဇွဲဆိုသောအရာကား ပြင်းပြင်းထန်ထန်ကြိုးစားရုန်းကန်ရခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ အခြားသူများ ခြေတစ်လှမ်းလှမ်းပါက မိမိကနှစ်လှမ်းလှမ်းနိုင်အောင်ကြိုးစားရပါမည်။ သို့ဖြစ်၍ အောင်မြင်မှုဆိုသည်မှာ ပြင်းပြင်းထန်ထန် ကြိုးစားအားထုတ်မှု၏ အကောင်းဆုံးဆုတံဆိပ်ပင်ဖြစ်သည်ဟုဆိုချင်ပါသည်။ ပြင်းပြင်းထန်ထန်ကြိုးစားမှုမရှိဘဲ ဘဝတွင် အောင်မြင်လာသောသူဟူ၍ မရှိပါ။ စီးပွားရေးလုပ်ငန်းများတွင်ပဲ ကြည့်လိုက်ပါ။ မျက်မှောက်ခေတ်စီးပွားရေးလုပ်ငန်းတွင် ထိပ်တန်းရောက်နေသော သူဋ္ဌေးများအားလုံးသည် အောင်မြင်မှုကိုရရှိရန်အတွက် ဇွဲရှိရှိကြိုးစားရုန်းကန်ခဲ့ကြရသည်။ ထိုသူတို့သည် စီးပွားရေးလောက၌ ထိပ်တန်းရောက်ရှိပြီး အောင်မြင်ဖို့အတွက် အခြားသူများထက် နှစ်ဆပိုကြိုးစားရုန်းကန်ခဲ့ကြရသည်။ စာရေးဆရာဖြစ်လိုသူအနေဖြင့်လည်း အခြားသူများထက် တွေးနိုင်၊ ရေးနိုင်၊ ဖတ်နိုင်အောင် ကြိုးစားရမည်။ မိမိ၏စာကို ရွေးသည်ဖြစ်စေ၊ ပယ်သည်ဖြစ်စေ မလျှော့သောဇွဲနှင့် စာများကိုအဆက်မပြတ်ရေးကာ ကလောင်ကို အမြဲသွေးနေရမည်ဖြစ်ကြောင်း အတွေးဝင်လာသည်။

ဒုတိယအချက်အနေဖြင့် အောင်မြင်မှုကိုရရှိရန်အတွက် အခက်အခဲအတားအဆီးများကို ရဲရဲရင်ဆိုင်နိုင်ရပါမည်။ အောင်မြင်လာသူတိုင်းသည် ပန်းခင်းလမ်းကိုထီးမိုးပြီးလျှောက်ခဲ့ကြရသည်တော့ မဟုတ်ပါချေ။ ကြီးမားသည့်ဆူးများ၊ ပြင်းထန်သည့် မုန်တိုင်းများကြားကဖြတ်သန်းရုန်းထွက်ကာ အောင်မြင်လာခဲ့ကြခြင်း ဖြစ်လေသည်။ ထို့အပြင် အောင်မြင်မှုကိုရှာဖွေနေချိန်၌ ရှုံးနိမ့်မှုများနှင့်လည်း မလွဲမသွေရင်ဆိုင်ကြရမည်ဖြစ်သည်။ ထိုရှုံးနိမ့်မှုများနှင့် ကြုံတွေ့ရသည့်အခါ လဲကျမသွားရန် အရေးကြီးသည်။ "မင်းလဲကျတာကို ငါစိတ်မပူပါဘူး။ မင်းပြန်မထမှာကိုပဲ ငါစိတ်ပူတယ်"လို့ အမေရိကန်သမ္မတဟောင်း အေဗရာဟင် လင်ကွန်းကပြောခဲ့ဖူးသည်။ မှန်ပါသည်။

ကျွန်တော်တို့အားလုံး ရှုံးနိမ့်မှုနှင့်ကြုံတွေ့ရသည့်အခါ လဲကျနိုင်သည်။ သို့သော် ထိုလဲကျမှုကို ဂရုမပြုဘဲ "ငါပြန်ထမှရမယ်"ဆိုသော စိတ်ဓာတ်ကိုမွေးမြူထားရမည်။ အနီးစပ်ဆုံးဥပမာတစ်ခုကို ပြောပြချင်ပါသည်။ စာရေးဝါသနာပါသူ၊ ကလောင်သွေးနေသူများသည် စာများရေး၍ သတင်းစာတိုက်များသို့ ပို့ကြသည်။ ထိုသို့ပေးပို့သည့်အခါ ရွေးချယ်ဖော်ပြခြင်းခံရသည်လည်းရှိသည်။ အပယ်ခံရသည့်အခါလည်းရှိသည်။ ထိုသို့အပယ်ခံရခြင်းကို စိတ်ဓာတ်ကျပြီး စာများဆက်မရေး၊ ဆက်မပို့ဘဲထားလိုက်ပါက မိမိလိုချင်သော အောင်မြင်မှုနှင့်အဝေးဆုံးကို ရောက်သွားပါလိမ့်မည်။ ထို့ကြောင့် မိမိ၏စာများ အပယ်ခံရလျှင်လည်း စိတ်ဓာတ်မကျဘဲ ပြန်လည်ပြင်ဆင်ရေးသားပြီး ထပ်ပို့ပါ။ ရွေးတာမရွေးတာကိစ္စမဟုတ်ပါဘူး။ ယုံကြည်မှုကို လက်ကိုင်ထား အမြဲကြိုးစားနေဖို့သာအရေးကြီးသည်။ ခဏတာကြုံတွေ့ရသည့် အခက်အခဲကိုလည်း ရဲရဲရင်ဆိုင်ကာ မိမိလိုချင်သောအောင်မြင်မှုထံသို့ ဆက်လှမ်းလိုက်ပါ။

တတိယအချက်ကတော့ အောင်မြင်မှုကိုရရှိရန် စိတ်အားထက်သန်နေဖို့လိုပါသည်။ မှန်ပါသည်။ စိတ်သည် အရာရာကိုဦးဆောင်နေသည်။ အရာရာကို လမ်းပြပေးသည်။ ကောင်းခြင်းဆိုးခြင်းဟူသော အရာအားလုံးဖြစ်ပေါ်လာမှုသည် လူ့စိတ်တွင်အမှီပြု၍နေသည်။ စိတ်အားထက်သန်မှုမရှိဘဲ အောင်မြင်မှုကိုရနိုင်မှာမဟုတ်ပါ။ ဗုဒ္ဓဘုရားရှင်က အောင်မြင်မှုကိုရရန် ကျင့်ကြံရမည့် အဓိပတိ(၄)ပါးကို ဟောကြားခဲ့သည်။ ထိုအဓိပတိလေးပါးတွင် "စိတ္တာအဓိပတိ"ဟုခေါ်သော စိတ်အားထက်သန်မှု ပါဝင်သည်။ ထို့ကြောင့် အောင်မြင်မှု၏ သော့ချက်တစ်ခုမှာစိတ်အားထက်သန်မှုပင်ဖြစ်သည်။ အောင်မြင်နေသူများကို လေ့လာကြည့်လိုက်ပါက သူတို့၏ လုပ်ငန်းအပေါ်တွင် စိတ်ပါဝင်စားမှုအပြည့်နှင့် ကြိုးစားလုပ်ကိုင်ခဲ့ကြသည်ကို တွေ့ရသည်။

မိမိပြုလုပ်သည့် အလုပ်အပေါ်တွင် စိတ်အားထက်သန်မှုအပြည့်ထားကာ မြတ်မြတ်နိုးနိုးပြုလုပ်လျှင် ပို၍ အောင်မြင်မှာအသေအချာပင်ဖြစ်သည်။ ဤနေရာတွင် ဘဘဦးသုခ(ဒါရိုက်တာ)ကို သတိရမိသည်။ ဘဘသည် "တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမည်"ဟူသော စကားကို လက်ကိုင်ထား၍ အနုပညာကိုစိတ်အားထက်သန်မှုအပြည့်နှင့် လေးလေးစားစား ဖန်တီးပြသခဲ့ခြင်းကြောင့် အနုပညာလောကတွင် ပြိုင်စံရှားလောက်အောင်ပင် အလွန်အောင်မြင်ခဲ့သူဖြစ်လေသည်။

နောက်ဆုံးအနေဖြင့် အောင်မြင်မှုကိုရရန် ရည်မှန်းချက်ပန်းတိုင်တစ်ခုထားရှိရပါလိမ့်မည်။ ဦးတည်ချက်၊ ရည်မှန်းချက်မရှိဘဲ အောင်မြင်မှုကို ရနိုင်မည်မဟုတ်ပါ။ အောင်မြင်မှုတစ်ခုကိုရရှိရန် ရည်မှန်းချက်တစ်ခုကိုပြတ်သားစွာထားရမည်။ ဝေဝေဝါးဝါးနှင့် တိကျသောခံယူချက်၊ ပိုင်နိုင်သောဆုံးဖြတ်ချက်မရှိပါက ဘဝသည်လမ်းပျောက်နေမည်သာဖြစ်သည်။ ရည်မှန်းချက်တစ်ခုကို ဦးတည်ပြီးဖြစ်အောင်လုပ်မည်ဟု တွေးထားပါက အောင်မြင်မှုသည် လက်တစ်ကမ်းအလိုတွင်သာရှိသည်။ အောင်မြင်သူတိုင်းဟာ သူတို့၏ ရည်မှန်းချက်ပန်းတိုင်ကိုရရန် မသွေမဖည်ဘဲ မဆုတ်မနစ် ကြိုးစားအားထုတ်ခဲ့သူများသာဖြစ်သည်။ ထပ်ဆင့်၍ ပြောလိုသည်မှာ အောင်မြင်မှုကို ရှာနေသူတိုင်း ဝေဖန်သံများကြားတွင် လဲကျမသွားဖို့ သတိထားရမည်။ လူ့လောကကြီးသည် ဝေဖန်သံများနှင့်ပြည့်နေသည်။

ကောင်းသောဝေဖန်မှုများကို လက်ခံနိုင်အောင်ကြိုးစားပြီး ဆိုးသောဝေဖန်မှု(ထိုးနှက်မှု)များကိုတော့ နားမယောင်ဘဲ မိမိယုံကြည်ရာကို ဦးတည်လျှောက်လှမ်းနိုင်ရပါမည်။ ဤတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပြောခဲ့သည့် စကားတစ်ခွန်းရှိသည်။

"အောင်မြင်ချင်ရင်တော့ ဝေဖန်တာခံရမှာပဲ။ ဝေဖန်ခံရမှာကို ကြောက်နေရင်တော့ ဘယ်တော့မှ အောင်မြင်မှာမဟုတ်ဘူး"ဟူ၍ဖြစ်သည်။ မှန်ပါသည်။ ကျွန်တော်တို့အားလုံး ဝေဖန်သံကိုမကြောက်ပါနှင့်။ မိမိဦးတည်ရာ၊ ယုံကြည်ရာကို တည့်တည့်သာလျှောက်လှမ်းနိုင်ရပါမည်။

သို့ဖြစ်၍ အောင်မြင်မှုကိုရှာဖွေနေသူတိုင်း ဇွဲရှိရမည်။ ပြင်းပြင်းထန်ထန်ကြိုးစားရမည်။ ဝီရိယရှိရမည်။ အခက်အခဲအတားအဆီးများကိုကျော်လွှားနိုင်ရမည်။ ထိုအခက်အခဲများ၊ ကျရှုံးမှုများကို အောင်မြင်မှုအဖြစ် ပြောင်းလဲဖန်တီးယူနိုင်ရမည်။ စိတ်အားထက်သန်ရမည်။ ရည်မှန်းချက်ပန်းတိုင်ကို အခိုင်အမာထားပြီး ဆောင်ရွက်တတ်ရမည်။ ပတ်ဝန်းကျင်၏အဆိုးဝေဖန်မှုကို မကြောက်ဘဲ ရဲရဲရင်ဆိုင်နိုင်ရမည်။ အရေးကြီးဆုံးမှာ အောင်မြင်မှုကိုရှာနေချိန်၌ ကြုံတွေ့ရမည့်အခက်အခဲကို ရင်ဆိုင်ကျော်ဖြတ်နိုင်ဖို့ပါပဲ။ အဓိကကတော့ မိမိ၏စိတ်ပင်။ စိတ်သည်အရာရာကို ဦးဆောင်နေသည်။ စိတ်၏သွားရာကို လူကလိုက်နေရသည့်အတွက် စိတ်ဓာတ်မာရင် စွမ်းဆောင်ချက်တွေလည်း ခိုင်ခံ့မည်။ စိတ်ဓာတ်ပျော့ရင်တော့ အောင်မြင်မှုကလမ်းဆုံးသွားမှာပါ။ ထို့ကြောင့် အောင်မြင်မှုကိုရချင်ရင်တော့ စိတ်ဓာတ်ခွန်အားကို အားအပြည့်ဖြည့်ထားဖို့လိုကြောင်း တိုက်တွန်းရင်း။ ။

## ဘယ်ပန်းမဟူ ပွင့်စေသူ

ခေါင်းလောင်းသံ တလွင်လွင်
နားဝင်မှာ ချိုအေး။
ဖြူစိမ်းဆင် ဥယျာဉ်နန်းမှာ
လမ်းပြလို့ပေး။
အခြေခံ ခိုင်ဖို့တွေး
သင်ပေးတဲ့ မြတ်ဆရာ
ပီတိဝေဖြာ။
မေတ္တာနဲ့ နာများစွာ
ပညာမွေလက်ကမ်း။
စာကိုသင် စိတ်ပြင်ပေးသမို့
ချိုတေးသံလွှမ်း။
စနစ်သစ်ရဲ့ ပညာလမ်း
လျှောက်လှမ်းဖို့ လက်တွဲကူ။
ယုယစွာ ရေကြည်ဖျန်း
ဘယ်ပန်းမဟူ။
ပန်းတိုင်းလည်း ပွင့်စေသူ
ကြည်ဖြူတဲ့စိတ်ထား။
ပညာဂုဏ် မွေးရနံ့
သင်းပျံ့လူသား။ ။

မောင်ကေတူး(ပညာရေး)

## ပွဲဈေးတန်းကအရုပ်ဆိုင်

ဇော်ဂျီရုပ်လေး တောင်ဝှေးကိုင်
ကြိုးလှုပ်ခပ်မြိုင်မြိုင်။
ဆွဲလိုက်ပြန်လျှင်ခွာသံပြင်း
မြန်မာ့ရွှေဘိုမြင်း။
ကညာပျိုလေးချစ်စဖွယ်
မျက်နှာလှဆေးခြယ်။
အိုးပုတ် ချိုးရုပ် ပလုတ်တုတ်
နွားငယ်ဦးချိုလှုပ်။
ယုန်ကလေးကနားရွက်ထောင်
ဇီးကွက်ပြူးကြောင်ကြောင်။
ပစ်တိုင်းထောင်က ပြုံးဖြဲဖြဲ
ဘယ်တော့မှမလဲ။
ဘုရားပွဲဈေးအရုပ်ဆိုင်
ငေးကြည့်မခွာနိုင်။
မြိုင်ဆိုင်စီတန်းလှပေါင်းစု
ဂုဏ်တင့်မြန်မာမှု။

ဂုဏ်ဝင့်ထည်

ဝတ္ထုတို

## မမိုး ( မှော်ဘီ )



**အခန်း ( ၁ )**

"သမီးဖြူ"

"ရှင် ... အမေ သမီးကို ခေါ်နေတာလား"

"အေး ... လာခဲ့ဦး မေးစရာရှိလို့"

"ဟုတ်...လာပြီအမေ ဘာမေးစရာရှိလို့လဲ"

"သမီးကို မေးစရာရှိလို့ ခေါ်လိုက်တာ မှန်ပါတယ်။ ဒါပေမယ့် သမီး မဖြေခင် အရင် သိထားသင့်တာက အမေနဲ့ သမီးရဲ့ အဖေက သမီးကို အတော်ချစ်တယ်ဆိုတာရယ်၊ သမီးရဲ့ ဘဝကို အတိုင်းအတာ တစ်ခုအထိ အလွန် မျှော်လင့်ထားကြတယ်ဆိုတာကိုတော့ သမီးရဲ့ ခေါင်းထဲမှာ အမြဲသိမ်းထားလိမ့်မယ်လို့ အမေ မျှော်လင့်ထားတယ် သမီး"

"နောက်ပြီး အမေနဲ့ သမီးဆိုတာ တိုင်ပင် စရာ ကိစ္စရပ်တစ်ခုခုကို အမေလိုတစ်မျိုး၊ သူငယ်ချင်းလိုတစ်သွယ် ရင်းနှီးပွင့်လင်းစွာ ပြောဆိုသင့်တယ် မဟုတ်လား"

"အမေ့ရဲ့ ဦးတည်ချက်ကဘာလဲ အမေ။ သမီး နားလည်အောင် ပြောပေးပါလား"

"အင်း ... အမေ အခုရွာထဲက ပြန်လာ တော့ သတင်းတစ်ခု ကြားခဲ့တယ်။ သမီးက ကောင်လေးတစ်ယောက်နဲ့ တွဲနေတယ်လို့။ အဲဒါ ဟုတ်၊ မဟုတ် မေးချင်တာ"

"သမီး မညာချင်ဘူး အမေ၊ သမီး ချစ်သူ ရနေပါပြီ"

"အမယ်လေးတော်"

အမေ့ရဲ့ အလန့်တကြားဟန်က ဖြူလေးရဲ့ နားထဲကို ဗုန်းခွဲလိုက်သလိုပါပဲ။ စိုးရွံ့စိတ်နဲ့ တဒိတ်ဒိတ်ခုန်နေတဲ့ ရင်အစုံကို မသိမသာ လက်နဲ့ ဖိထားနေရတယ်။ ပွင့်လင်းမိတဲ့ အဖြစ်က မှားများမှားသွားပြီလားလို့ တွေးနေမိရဲ့။

"သမီး ချစ်သူက ရွာတောင်ပိုင်းက ကောင်လေး မဟုတ်လား"

"ဟုတ်ပါတယ် အမေ။ သူ့အမည်က ဇော်ရဲပါ"

"မဖြစ်ဘူး ... မဖြစ်ဘူး၊ သမီးနဲ့ ဒီကောင်လေးနဲ့ အမေလုံးဝ သဘောမတူနိုင်ဘူး"

"ရှင်"

အမိန့်တစ်ခုလို ပြတ်သားလွန်းတဲ့ အမေ့ရဲ့စကားကြောင့် ဖြူလေးမျက်ဝန်းထဲ ပြာခနဲ ဖြစ်သွားတယ်။ အမေ့ရှေ့မှာ မတ်မတ် ရပ်နေတဲ့ ခြေထောက်က လေးလံလာသလို ဖြစ်လာပြီး မရပ်ချင်တော့။ နုံးချည့်လာတဲ့ ခန္ဓာက မဟန်သလို ဖြစ်လာတာကြောင့် ပစ်လဲမကျအောင် အားတင်းနေရင်း အမေ ကတော့ စကားကို ပြတ်သားစွာပြောပြီး ဖြူလေးရှေ့က ထထွက်သွားပါတော့တယ်။

**အခန်း( ၂ )**

"ဘာ ...ဖြူလေးအမေက သဘောမတူဘူး ဟုတ်လား"

"ဟုတ်တယ် ကိုဇော်၊ အမေ့ဘက်ကတော့ ခါးခါးသီးသီးငြင်းထားတယ်"

"ဘာလို့လဲ ... ဘာကြောင့်လဲ၊ ကိုယ်က အနူလက်နဲ့ ရွှေခွက်နှိုက်တယ် ထင်နေတာ လား"

"အဲဒါတော့ မသိဘူး ကိုဇော်။ ကိုဇော် ဘက်က ချို့ယွင်းချက်များနေလို့ ဖြစ်မယ်"

"ဟာကွာ ...... တောက်"

ဒေါသတွေနဲ့ပေါက်ကွဲနေတဲ့ ကိုဇော်ကို ကြည့်ပြီး ဖြူလေး စိတ်မချမ်းသာလှ။ အချစ် တစ်ခုထဲကိုကြည့်ပြီး ကိုဇော်ကို ဖြူလေး ရွေးချယ်ခဲ့တယ်။ ဒါပေမယ့် မိဘတွေ သဘောတူ နိုင်လောက်တဲ့ အရည်အချင်း မရှိတာကို ဖြူလေးလည်း သိနေပါတယ်။ နောက်ပြီး ကိုဇော်ဆီမှာ မကောင်းတဲ့အကျင့်အတော် များများ ရှိနေသေးတယ်။ ဒါကိုတော့ ဖြူလေး ချစ်တဲ့စိတ်နဲ့ ခွင့်လွှတ်နားလည် ပေးထားခဲ့ တယ်။ ခက်တာက ကိုဇော်က ချစ်တယ်သာ တဖွဖွပြောနေပြီး လက်တွေ့မှာတော့ ဖြူလေးရဲ့ မျှော်လင့်ချက်တွေကို ဘာတစ်ခုမှ မစွမ်းဆောင်ပေးနိုင်သေးဘူး။

"ဒေါသထွက်မနေပါနဲ့ ကိုဇော်၊ အမှန်ဆို ဖြူလေးကို တကယ်ချစ်ရင် ကိုဇော်လည်း ပြုပြင်ပြောင်းလဲသင့်တာပေါ့"

ကိုယ်ကယောက်ျားလေးပါ ဖြူ၊ အသောက် အစား၊ အပျော်အပါးလေးတော့ ရှိတာပေါ့၊ ဒါက ဖြူနဲ့ကိုယ့်ကြားက ကြီးမားတဲ့ ကွာဟ ချက်လို့ မထင်ဘူး ဖြူ"

"ကိုဇော် ဖြူလေးကို တကယ်မချစ်ပါဘူး။ ဘာလို့လဲဆိုတော့ ကိုဇော်မှာ ပြုပြင်ပြောင်းလဲ ချင်တဲ့စိတ် မရှိဘူးလေ"

"အဲဒီလို မပြောပါနဲ့ ဖြူ။ ကိုယ်လဲ ပြောင်းလဲ ဖို့ ကြိုးစားနေတာပဲ။ ဒါဟာ ဖြူလေးကို ချစ်တဲ့ စိတ်ကြောင့်ဆိုတာ ဒီရင်ဘတ်ကြီးထဲက အချစ် တွေက သက်သေပါ ဖြူရယ်"

"ဖြူလေးလည်း ကိုဇော့်ကို အရမ်းချစ်ပါ တယ်။ ချစ်ခဲ့လို့လည်း ကိုဇော့်အနားမှာ နေနေ တာပေါ့"လို့ စိတ်ထဲကနေ အသံတိတ်ပြောနေ မိတယ်။ ဒါပေမယ့် ကိုဇော့်ဘက်က ဖြူလေး စိတ်ကျေနပ်အောင် မပြုလုပ်ပေးနိုင်သေးဘူး လေ။ ဖြူလေးကပဲ အသိဉာဏ်မဲ့လွန်းနေတာ ထင်ပါရဲ့။ ဒါမှမဟုတ် အချစ်ဆိုတဲ့အရာကပဲ မျက်ကန်းတစ်ယောက်လို ဖုံးကွယ်ထားခဲ့တယ် ထင်ပါရဲ့။

**အခန်း ( ၃ )**

"တောက်... မိုက်လိုက်တဲ့ သမီး။ အတန် တန်တားနေတဲ့ကြားက မိုက်တွင်းထဲကို ခုန်ဆင်းသွားတယ်။ တေလေကြမ်းပိုးကောင် ကိုမှ လင်လုပ်ရတယ်လို့"

"ဖြစ်ပြီးသွားမှတော့ ဘယ်တတ်နိုင်ပါ့မလဲ ယောက်ျားရယ်။ အကောင်းဆုံးဖြစ်ဖို့ ကျွန်မတို့ စဉ်းစားကြတာပေါ့။ သမီးလေးကို ချစ်တော့ လည်း ဟိုဘက်က ကောင်းသည်ဖြစ်စေ၊ မကောင်း သည်ဖြစ်စေ ကြည်ဖြူရတော့မှာပဲ။ သမီးရှင်ချင်းတူတာတောင် ကျွန်မတို့က မုန့်ဆီကြော်ကို သဲတရှပ်ရှပ်နဲ့ စားရတော့မယ့် အဖြစ်ပါလေ"

"ငါ အတော်ရှက်တယ်ဟာ။ လူကောင်း သူကောင်းလေးဆို ငါ မပြောလိုပါဘူး။ သမီး မွေးထားမိတော့ သမက်ရမယ်ဆိုတဲ့ ဒီသဘော တရားကိုငါလည်းနားလည်လက်ခံထားပါတယ်။ အခုဟာက တစ်ရွာလုံးက အောကြောလန်၊ ဆိုးသွမ်းလေလွင့်နေတဲ့ ပေါက်ပန်းဈေးကိုမှ လင်အဖြစ်တော်လိုက်တော့ ပတ်ဝန်းကျင်ကို ဘယ်လိုမျက်နှာပြရမှန်းတောင် မသိတော့ ဘူးကွာ "

ပြောရင်းနဲ့ မျက်ရည်ပါ ကျလာနေတဲ့ ယောက်ျားဖြစ်သူကို ကြည့်ပြီး စိတ်မချမ်းသာ။ သမီးရဲ့လုပ်ရပ်ကို ကရုဏာဒေါသစိတ်၊ ရှက်စိတ်တွေနဲ့ ပြောနေဟန်ကို နားထောင်ရင်း ရင်ဘတ်ထဲမှာ မချိလှ။ သားသမီးဘယ်လောက် ဆိုးဆိုး မိဘဆိုတာ စွန့်ပစ်လေ့ မရှိသလို အချစ်ပြယ်လေ့မရှိကြ။ တခြားအချိန်တွေမှာဆို ယောက်ျားဖြစ်သူကို နှစ်သိမ့်ပေးမှာ သေချာ ပေမယ့် အခုအခြေအနေမှာ မိမိကိုယ်တိုင်လည်း သောကတွေ ဖိစီးပူလောင်နေတဲ့ ဘဝပဲလေ။

"ကျွန်မလည်း ဝမ်းနဲ့လွယ်မွေးထားရတဲ့ သမီးရင်းပါတော်။ ဘယ်လိုတွေးတွေး စိတ်ချမ်းသာစရာမရှိပါဘူး။ ကျွန်မတို့မှာက ဒီသမီးလေးတစ်ယောက်တည်း မွေးထားတာ။ အခြေအနေအရပ်ရပ်ကို စောင့်ကြည့်ပြီး သမီးလေး ဒုက္ခမရောက်အောင်ဘဲ ကြံဖန်ကြရ တော့မှာပဲ"

**အခန်း( ၄ )**

"ဖြူ လေး"

"ဘာလဲ ကိုဇော်"

"ကိုယ့်ကို မင်းမှာ ပိုက်ဆံရှိသေးရင် ပေးပါ ဦးလား"

"ဘာလုပ်မလို့လဲ ကိုဇော်။ ဖြူလေးမှာ မရှိတော့ဘူးလေ။ အိမ်ကပါလာတဲ့ ပိုက်ဆံ လည်း ကုန်သွားပြီလေ ကိုဇော်"

"ကိုယ် သူငယ်ချင်းတွေနဲ့ ချိန်းထားလို့ ပါကွာ။ ဖြူ့မှာ ဘာရှိသေးလဲ၊ ရှိတာပေးလိုက် လေနော်။ ပြန်လာရင် ပြန်ပေးမယ် ဖြူ"

"ဟား ... ဟား ... ဟား၊ ရှင် အတော်ရယ်ရ တာပဲ ကိုဇော်။ ရှင့်အချိုးက အခုချိန်အထိ မပြောင်းလဲသေးဘူး။ ရှင်က အရက်သောက် ဖို့၊ ကြက်တိုက်ဖို့ ဒါပဲ အားထုတ်နေတယ်"

"ဟ ! ပေးမှာသာ ပေးစမ်းပါကွာ။ စကား များတာကို ငါမကြိုက်ဘူး ဖြူ"

"ဩော် ... ရှင်က ကျွန်မ စကားများတာ ကိုတော့ မကြိုက်ဘူးတဲ့လား။ တွေးကြည့်စမ်း ပါ ကိုဇော်။ ရှင်နဲ့ ရကတည်းက အိမ်ခန်းငှား နေရတယ်။ အိမ်ခန်းငှားခလဲ ရှင်ရှာမပေးနိုင် ဘူး။ ကျွန်မပဲပေးနေရတာ ရှင်အသိ။ အခုလည်း ကျွန်မမှာ နေ့စေ့လစေ့နဲ့၊ နေ့မွေးမလား၊ ညမွေး မလား ဖြစ်နေတာကို ရှင်က ဂရုမစိုက်ဘူး။ ရှင့်လို ယောက်ျားမျိုးကို ယူမိတာ ကျွန်မ မှားတာပဲ"

"ဘာ ! ဘာပြောတယ် မိဖြူ။ အေး ... ဒီနေရာမှာ တခြားလူဆိုရင် ငါထသတ်မိ လိမ့်မယ် "

"သတ်လေ ...သတ်လိုက်စမ်းပါ ကိုဇော်။ ကျွန်မရော ရှင့်ရင်သွေးလေးကိုပါ သတ်လိုက် စမ်းပါ။ ကျွန်မဝဋ်ကြွေးရှိလို့ ဆပ်နေရတယ်လို့ပဲ မှတ်ထားမယ်။ အခုလဲ ရှင်သိပ်လိုချင်နေတာ ငွေမဟုတ်လား။ ငွေတော့မရှိဘူး၊ ကျွန်မ နားတောင်းကို ပေးလိုက်မယ်။ ဒါဟာ ကျွန်မ ပိုင်ဆိုင်သမျှ အကုန်ပဲ"

"ပေး ... ပေး။ မင်းနဲ့ငါ ရန်မဖြစ်ချင်ဘူး။ ငါ့အလုပ် ငါသွားလုပ်ရဦးမယ်။ မင်းလိမ္မာ တယ်ဆိုတာ ငါသိပါတယ် မိဖြူ။ ကဲ ... ငါ သွားပြီ"

"သွား ... သွား။ ရှင် ပြန်ကိုမလာခဲ့နဲ့။ ကျွန်မအတွက် ပိုငြိမ်းချမ်းတယ်"

ဖြူလေး ဘာပြောပြော နားတောင်းကို ယူကာ လှည့်ထွက်သွားတဲ့ ကိုဇော်ကို ကြည့်ပြီး ဖြူလေး ချုံးပွဲချ ငိုနေမိပါတော့တယ်။

**အခန်း ( ၅ )**

"အား ... ကျွတ် ... ကျွတ်"

ရုတ်တရက် ခါးကတဆစ်ဆစ်နာလာပြီး ဗိုက်ထဲက ရင်သွေးလောင်းက အောက်ဘက်ကို လျှောဆင်းလာသလို ခံစားလိုက်ရသောကြောင့် ဖြူလေး မခံမရပ်နိုင်ဖြစ်ပြီး ဖောချွေးတွေပါ ပြန်လာနေတယ်။ အပြင်ထွက်ဖို့ တာစူနေတဲ့ ရင်သွေးလောင်းရဲ့ သတိပေးချက်က အရေး ကြီးဆုံးအချိန်အခါရောက်နေပြီဆိုတာ ဖြူလေး နားလည်လိုက်တယ်။ "မဖြစ်ဘူး ... မဖြစ်ဘူး၊ ငါ ဆေးရုံကို အမြန်သွားမှ ဖြစ်မယ်"လို့ စိတ်က လှုံ့ဆော်နေသော်လည်း တစ်ယောက်ထဲ သွားလို့ မဖြစ်နိုင်။ ဒီလိုအခြေအနေမျိုးမှာ ဆေးရုံကိုသွားဖို့ လင်ယောက်ျားသား ကိုဇော် ရှိနေသင့်တာ မှန်သော်လည်း အရေးဆိုအနား မှာမရှိ။ နေ့လည်က သူ့ဆီက နားတောင်းယူ ပြီး ထွက်သွားကတည်းက အိမ်ကို ပြန်မလာ သေး။ ကြက်တိုက်၊ ဖဲရိုက်၊ အရက်ဝိုင်းထိုင် ဒါတွေ မပြီးပြတ်သေးဘူးဆိုတာ ဖြူလေး သိနေတယ်။ နာကျင်မှုတွေနဲ့ ခုတင်အိပ်ရာ ထက်ပေါ်မှာ ညည်းညူရင်း ဖြစ်ချင်ရာဖြစ် ကံကြမ္မာ အတိုင်းသာဟု တွေးနေလိုက်တယ်။

"မိဖြူ ... မိဖြူရေ"

ခေါ်သံနဲ့အတူ အိမ်ပေါ်တက်လာသော ခြေသံကြောင့် ဘေးအိမ်က အရီးမြမှန်း ဖြူလေး သိလိုက်တယ်။ အရီးမြ အသံကြောင့် အားရှိသွားသလို ဖြစ်သွားသော်လည်း နှုတ်က ပြန်မထူးနိုင်။ လည်ချောင်းက ခြောက်ကပ် အက်ကွဲကာ တစ်စို့စို့ကြီးဖြစ်နေပြီး အသံ ညှစ်ထုတ်ဖို့အတွက် အင်အားက မရှိတော့။ ဗိုက်ထဲကနေ အပြင်ထွက်ဖို့ တွန်းထိုးရုန်းကန် နေသလိုလုပ်နေတဲ့ရင်သွေးလေးကြောင့်လည်း အခံရခက်စွာ အော်ဟစ်နေရတာ မကြာခဏ။ နာကျင်မှုဟာ ပြင်းထန်လာတာကြောင့် ဖြူလေး သတိမလစ်အောင် အားတင်းနေရ တယ်။ အိမ်ပေါ်တက်လာတဲ့ အရီးမြကို "အရီးမြရေ ... သမီး ဒီမှာပါ ... မြန်မြန်လာပါ" လို့ စိတ်နဲ့ လှမ်းပြောနေမိတယ်။

"ဟဲ့ မိဖြူ၊ ဘယ်နားရောက်နေတာလဲ၊ ပြန်လဲမထူး၊ အရေးကြီးတယ် မိဖြူယောက်ျား အကြောင်းပြောမလို့၊ အိပ်နေတာလား"

အိမ်ပေါ် တက်လာရင်း အော်ပြောနေသော အရီးမြစကားကြောင့် ဖြူလေး ရင်ထဲ ထိတ်ခနဲ။ ကိုဇော် ပြဿနာတစ်ခုခု ဖြစ်နေပြီ ဆိုတာ နားလည်လိုက်တယ်။ ဒီလိုအခြေအနေ မှာ မကောင်းတဲ့သတင်းကိုတော့ မကြားချင် တာ အမှန်။ မိမိကိုယ်တိုင် နာကျင်မှုကြောင့် အသိစိတ်က မဝင်တစ်ချက် ဝင်တစ်ချက် အနေအထား။ အသိစိတ်ကို မလစ်အောင် ထိန်းချုပ်ထားရင်း အရီးမြက သူမအဖြစ်ကို အမြန်တွေ့ပါစေ ဆုတောင်းနေမိတယ်။

"ဟာ ! မိဖြူ ... ဖြစ်ရလေ"

အခန်းထဲ ဝင်လာသော အရီးမြက ဖြူလေးအဖြစ်ကို တွေ့သွားပြီး မျက်နှာ ကွက်ခနဲပျက်ကာ အိမ်အောက်ကို အမြန် ပြေးဆင်းသွားတယ်။ ခဏနေတော့ အိမ်ရှေ့ကို ကားတစ်စီး ထိုးရပ်သံကြားလိုက်ရတယ်။

"မြန်မြန် လာကြပါဟဲ့၊ မိဖြူ ကလေး မွေးတော့မယ်။ ဆေးရုံကို အမြန်ပို့ပေးကြပါ"လို့ အရီးမြစကားကို ကြားလိုက်ရပါတော့တယ်။

**အခန်း ( ၆ )**

"မိဖြူ ... သမီး၊ နေကောင်းအောင် နေနော်၊ ဘာမှအားမငယ်နဲ့ ကြားလား၊ သမီး အနားမှာ အမေနဲ့ အဖေ ရှိတယ်"

ဆေးရုံထဲမှာရှိသော မီးဖွားခုတင်ရဲ့ ဘေးအနားမှာထိုင်ပြီး စကားတွေတတွတ်တွတ် ပြောနေသော အမေ့ကို ဖြူလေးမြင်တော့မှ မျက်ရည်က ပါးပြင်ထက်ကနေ တလိမ့်လိမ့် ကျရင်း။ "မငိုနဲ့တော့ သမီး၊ အမေတို့ ရောက်နေ ပြီပဲ။ သမီးဘာမှမဖြစ်တော့ဘူး" ဆိုတော့မှ ပိုပြီး ဝမ်းနည်းသွားကာ အမေ့ရဲ့ လက်ကို တင်းတင်းဆုပ်ကိုင်ထားလိုက်တယ်။ အဖေက အမေ့ရဲ့ ဘေးနားကရပ်ကြည့်ပြီး ဘာမှဝင် မပြောသေးဘဲ ခေါင်းတငြိမ့်ငြိမ့်နဲ့ နားထောင် နေတာ တွေ့နေရတယ်။ အဖေနဲ့ အမေဘက်ကို လှည့်ပြီး လက်အုပ်ကလေး ချီဟန်ပြုတော့ အမေကနားလည်သလို အပြုံးနဲ့ "မကန်တော့ နဲ့ သမီး၊ အမေတို့ နားလည်ပါတယ်။ နေကောင်း ကျန်းမာဖို့ပဲ ဂရုစိုက်နော်။ အမေတို့လဲ သားမြေးလေးကို ချစ်ပါတယ် " လို့ ပြောတော့ ဟန်မဆောင်နိုင်တဲ့ မျက်ရည်တွေကြားက အဖေနဲ့အမေတို့အတွက် သမီးကောင်းရတနာ မဖြစ်ခဲ့ရတာ ခွင့်လွှတ်ပေးပါ"လို့ ပြောကာ ဦးချကန်တော့နေမိတယ်။

"အမေ ... ကိုဇော်ကော မတွေ့ပါလား၊ ဘယ်ရောက်နေလဲဟင် "

အလိုမကျမှုတစ်ခုက ဖြူလေးရင်ကို မျိုသိပ်မထားနိုင်။ ဇနီးဖြစ်သူရဲ့ ဗိုက်နာနေချိန် ကို မသိလိုက်ရင်တောင် ကလေးမီးဖွားချိန် တော့ ရှိနေသင့်တယ်လို့ မြင်မိတယ်။ ဘယ်ရောက်နေလဲ၊ ဘယ်သွားနေလဲ၊ ဘာဖြစ် နေလဲ များစွာသော သိချင်စိတ် အတွေးတွေနဲ့ အမေ့ကို မေးမိလိုက်တယ် ။ ဒါပေမယ့် ကိုဇော် ဆိုတဲ့ စကားသံကို ကြားလိုက်ရတဲ့ အမေ့ရဲ့ မျက်နှာမှာ ကွက်ခနဲ ပျက်သွားတာ ဖြူလေး မြင်လိုက်ရတယ်။ အထူးဆန်းဆုံးက အမေက အဖေ့ဘက်ကို လှည့်ပြီး မျက်ဝန်းချင်း ပဟေဠိ လုပ်နေကြတဲ့ အခိုက်အတန့်ပါပဲ။

"အမေ ... ကိုဇော်ကော" လို့ ထပ်မေး လိုက်သောအခါ အမေ့ထံမှ မသိမသာ သက်ပြင်းချသံကို ဖြူလေး ကြားလိုက်ရတယ်။

"အခုအချိန်မှာ သမီးရဲ့အမေးကို အမေတို့ မဖြေသင့်မှန်း နားလည်ထားတယ်။ သမီးကို လည်း ညာမထားချင်ဘူး။ ဘယ်လို စကားကိုပဲ ကြားကြား သမီးအားတင်းပြီး နားထောင်ပေးပါ"

"ဟုတ်ကဲ့ အမေ၊ သမီး နားထောင်နေပါ တယ် "

"သမီး ယောက်ျား၊ သမီး ဗိုက်နာတဲ့ ညကပဲ ကြက်ဝိုင်းကအပြန် အရက်ဆိုင်မှာ အရက်ဝင်သောက်ရာမှ ရန်ဖြစ်ကြရင်း ဓားထိုးခံလိုက်ရလို့ နေရာမှာတင် ပွဲချင်းပြီး သေဆုံးသွားတယ် သမီး"

"ရှင် "

အမေက ပြောပြီး တစ်ခုခုဖြစ်မှာ စိုးရိမ် စိတ်နဲ့ ဖြူလေးလက်ကို ဆုပ်ကိုင်ထားတယ်။ ယောက်ျားဖြစ်သူရဲ့ မျက်နှာလေးကို မြင်ယောင်တွေးကြည့်ရင်း "ဖြစ်ရလေ ကိုဇော် ရယ်"လို့ ရေရွတ်ရင်း ငိုနေမိတော့တယ်။ ဒါဟာ ကံတရားလို့ ယုံကြည်ထားသော်လည်း အစကတည်းက ဇာတ်ပျိုး မလှပတာကြောင့် တဖြည်းဖြည်းနဲ့ ဇာတ်သိမ်းလှဖို့ကိုတော့ ဖြူလေး မျှော်လင့်မိတယ်။ ပျားရည်ကို သောက်ချင်တာနဲ့ မျက်စိမှိတ်ယုံကြည်ရင်း သမုဒ္ဒယမြစ်ထဲ လက်ပစ်ကူးခဲ့တယ်။ ဒါပေမယ့် အဆုံးသတ်အထိ ဇာတ်သိမ်းမလှခဲ့တာတော့ ဖြူလေးရဲ့ ကံတရားလို့ပဲ တွေးနေမိတယ်။ တကယ်တော့ အချစ်ဆိုတဲ့အရာက ဖြူလေး အတွက် ဖျက်မရတဲ့ အဆိပ်သင့်ဒဏ်ရာတစ်ခု အဖြစ် အမြဲစွဲထင်နေတော့မှာပါ။

ဆောင်းပါး

# အားနာမိပါသည်

ဥမ္မာစိုး

သီတင်းကျွတ်တော့မည်တဲ့။

ပြက္ခဒိန်ကို လှမ်းကြည့်ရင်း သက်ပြင်းမောတစ်ခုကိုသာ ခပ်ဖွဖွ ချဖြစ်သည်။ မကြာသေးခင်ကမှ ထုတ်ထားသော လစာငွေမှာ ဆန်၊ ဆီ၊ မီတာခ နုတ်ယူပြီး ပေးစရာရှိတာလေး ပေးလိုက်ရတော့ လက်ထဲ သောင်းဂဏန်းဝန်းကျင်သာ ကျန်သည်။ ဤမျှလောက်သော ငွေနှင့် တစ်လလုံးစာ စားစရိတ်၊ ရုံးသွားလာစရိတ်၊ သတင်းထွက်လိုက်ရသည့် စရိတ်များကို ဘယ်လိုများ အချိုးကျအောင် ခွဲဝေရပါ့မလဲ။ အတွေးတွေက အတောမသတ်နိုင်။ လူဆိုတာ အပူတွေနဲ့ ချည်းပဲဆိုသော်လည်း ကိုယ့်အပူကပဲ ပိုဆိုးနေသယောင် ယောင်ထင်မိသည်။ မကြာခင်ကာလမှာ သီတင်းကျွတ်တော့မည်။ အဖေနှင့် အမေကို ကန်တော့ချင်သည်။ ကိုယ့်ကို တစ်နှစ်ပတ်လုံး ကူညီစောင့်ရှောက်ခဲ့သော ဆရာသမား၊ အထက်လူကြီးများကို ဂါရဝထားကန်တော့ချင်သည်။ လက်ထဲရှိသည့်ငွေက ကိုယ့်တစ်လစာ အသုံးစရိတ်ပင် မလောက်ငှချင်။ ရှိစေတော့ ...

''ကုမ္ပဏီတွေ၊ ဘဏ်တွေမှာ သွားလျှောက်ပါလား သမီးရယ်။ ကိုယ်က မိန်းကလေးပဲ။ ဘွဲ့ရပညာတတ်လေး။ လှလှပပ ရုံးခန်းထဲထိုင်၊ အဲယားကွန်းထဲနေပြီး လုပ်ဖို့ကို ရွေးပါလား သမီးရယ်။ နင့်ပိုက်ဆံ ငါမစားရက်ပါဘူး''

အမေ ပြောတာလည်း မှန်သည်။ ဆယ်တန်းအောင် ဘွဲ့ရပြီး ကိုယ်ရွေးချယ်လိုက်သည့်လမ်းက သတင်းထောက်၊ သတင်းသမား၊ ယနေ့ခေတ်အခေါ် ဂျာနယ်လစ် ...။ ရသည့်လစာကို ပင်ပန်းမှုနှင့် အချိုးချလျှင်ပင် နှစ်အချိုး တစ်ဖြစ်နေသော ဘဝဖြစ်သည်။ မညီမျှခြင်းပေါ့လေ။ သို့သော် မတတ်နိုင်။ ငယ်ငယ်ကတည်းက လူကြီးများက ''ကြီးလာရင် ဘာလုပ်မလဲ သမီးလေး'' ဟု မေးလျှင် စာရေးမည်ဟုသာ ဖြေသည်။ ဖြစ်သည်၊ မဖြစ်သည် အပထား။ ပြောချင်ရာ ပြောခွင့်ရသည့် ကလေးအရွယ်ဆိုသော်လည်း ''ဆရာဝန် ဖြစ်ချင်တယ်၊ အင်ဂျင်နီယာဖြစ်ချင်တယ်'' ဟု အမေ့ကို မပြောခဲ့သည်မှာ သေချာသည်။ အခုချိန် ပြန်တွေးမိတော့ အမေ့ကို အားနာရသည်။ နှုတ်ပြောလေးဖြင့်ပင် အမေ့ကို စိတ်ချမ်းသာခွင့်မပေးခဲ့သူပါလားဟု တွေးရင်း မျက်ရည်ဝဲမိသည်။

ပြည်တွင်း အငယ်တန်းသတင်းထောက်တစ်ယောက်၏ လစာငွေမှာ သိန်းဂဏန်းဟု ဆိုရုံမျှသာ ရှိသည်။ ထိုလစာဖြင့် လက်ရှိခေတ်အခြေအနေအရ ကုန်ဈေးနှုန်းမုန်တိုင်းဒဏ်ကိုတော့ မနည်းတောင့်ခံရသည်။ အိမ်ကို ရသည့်လစာပြန်အပ်ရသည်။ မအပ်၍လည်း မဖြစ်။ ဒီအသက်အရွယ်ရောက်သည်အထိ ရှာဖွေကျွေးမွေးခဲ့သော မိဘကို တစ်လှည့်မက နှစ်လှည့်သုံးလှည့်ပင် ပြန်ရှာကျွေးချိန်ဖြစ်နေပြီ။ စာမူခပေးသည့် သတင်းစာတိုက်ဖြစ်၍ ကိုယ့်အတွက် သတင်းပြန်လိုက်စရာ လမ်းစရိတ်လေးကို ကျားကုတ်ကျားခဲ ဖယ်ထားနိုင်၍ တော်သေးသည်။ လစဉ် ဒီအခြေအနေတွေကို ရင်တမမဖြတ်သန်းရသော်လည်း အမေကတော့ ပြုံးနေဆဲ ဖြစ်သည်။ ပြန်အပ်သည့် လစာနှင့် အိမ်စရိတ် မကာမိမှန်း သိနေသည့်ကိုယ့်မှာ နောက်ကျောရော ရှေ့ကျောပါ မလုံ၊ တာဝန်မကျေသလို ခံစားရသည်။ တဖွတ်ထိုး ရွေးချယ်လိုက်မိသည့် ဘဝရပ်တည်မှုကို မှားယွင်းပြီလားဟု သံသယဖြစ်သည်အထိ နောင်တရချင်လာသည်။ ဒါပေမယ့် အမေကတော့ သူများသားသမီး အလုပ်ပြန်ချိန် မပြန်ရသေးသော သမီးဖြစ်သူ သတင်းထောက်ကို ညနက်သည်အထိ ထိုင်စောင့်နေဆဲ။ မနက်လင်းလင်းချင်း သတင်းလိုက်စရာရှိသည်ဟုဆိုလျှင် အရုဏ်တက်ကတည်းက နိုးထပြီး ထမင်းစားသွားဖို့ ပြင်ဆင်ပေးနေဆဲဖြစ်သည်။ အမေပြင်ပေးသော ထမင်းကိုစားရင်း ဆို့နင့်လာသော မျက်ရည်စများကို အမေမမြင်အောင် ကမန်းကတမ်းသိမ်းရသည်မှာလည်း အလုပ်တစ်ခုဖြစ်သည်။

အမေကလည်း ဝါသနာကို တားမရဘူးဟု သိ၍သာ ကိုယ့်ရဲ့ ဆိုးမွေကို လက်ခံထားခြင်း ဖြစ်မည်ထင်သည်။ အိမ်စရိတ်ပေးမည်ဟု စတင်ကြွေးကြော်ချိန်မှစ၍ ယခုအချိန်အထိ ပေးသည်ကိုသာ ယူသည်။ လမကုန်ခင် ပိုက်ဆံပြတ်သွားလျှင် ဘာတစ်ခွန်းမှ မပြော။ ခြံထဲတွင် ပျိုး၍ စိုက်ထားသည်ဟုဆိုသော ချဉ်ပေါင်၊ကန်စွန်း စသည်တို့ကို အလှည့်ကျ ကြော်၊ ချက်လုပ်သည်။ အသားဟင်းစားရတာ ညီသည်တဲ့လေ။ အမေ့ကိုစိတ်ထဲက ကျိတ်၍ ကျေးဇူးတင်ရင်း ဒုတိယအကြိမ် မျက်ရည်ဝဲရသည်။ အမေဟာ အဲ့ဒီလို သံမဏိအမျိုးသမီးပဲ ဖြစ်သည်။ တစ်ခါတစ်ရံ ''သမီး သတင်းထောက်အဖြစ် ရပ်တည်မှုကို အမေ ဘာလို့ သဘောမကျတာလဲ'' ဟု မေးကြည့်သည်။ အမေ့အဖြေက တိုးတိုးမျှင်မျှင်လေး။ ''သမီး ဆင်းရဲမှာ စိုးလို့'' တဲ့။

အမေပြောတာ ထပ်၍ မှန်ပြန်သည်။ သတင်းထောက်တစ်ယောက်ကို ခင်ပွန်းတော်ထားသော အမေ့အတွက် ဒီအလုပ်ကရသော ဝင်ငွေကို ကောင်းကောင်းသိသည်။ ဘဝကို မည်သို့ မည်ပုံ ရုန်းကန်ဖြတ်သန်းရသည်များကို ဂဃနဏ သိသည်။ အမေမလုပ်စေချင်တာ အင်မတန်သဘာဝကျပေသည်။

''နင်တို့ တိုက် စာမူခထုတ်ပြီလား။ ငါ့ကို ထမင်းဝယ်ကျွေးစမ်းပါဟာ။ ငါ ပိုက်ဆံတစ်ပြားမှ မရှိလို့'' သတင်းစာရှင်းလင်းပွဲတစ်ခုကအပြန် တခြားသတင်းစာတိုက်တစ်ခုမှာလုပ်တဲ့ ကိုယ်နဲ့ရင်းနှီးတဲ့ သတင်းထောက်တစ်ယောက်၏ စကားသံ ... ။

ရယ်တော့ ရယ်စရာကောင်းသည်။ ထမင်းနပ်မမှန်တဲ့ ဘဝတွေအကြောင်း ရေးပြနေသည့် သတင်းထောက်က ထမင်းစားဖို့ ပိုက်ဆံမရှိ၍ ရေသောက်ဗိုက်မှောက်နေရသည် ဆိုလျှင် ယုံချင်မှ ယုံပေလိမ့်မည်။ ထိုမျှလောက် အငတ်ခံကာ သတင်းထောက်လောကကို ချစ်ခင်စုံမက်သော်လည်း ထိုဒဏ်ကို တောင့်မခံထားနိုင်၍ စွန့်ခွာထွက်သွားကြသူများမှာ ဒုနဲ့ဒေး။ အချိန်ကြာလာသည်နှင့်အမျှ မိမိ၏ ဝါသနာကြီးမားမှုအလေးချိန်မှာ မိသားစုဟူသော အလေးချိန်ကို ယှဉ်ပြိုင် ကျော်လွှားနိုင်ခြင်းမရှိကြတော့သည်က များလာသည်။ Job.com ၏ လုပ်ငန်းတူ လစာငွေနှိုင်းယှဉ်ချက်တွင် ပြည်ပသတင်းထောက်တစ်ယောက်၏ လစာငွေမှာ အနိမ့်ဆုံး မြန်မာငွေကျပ် ၁၂ သိန်းရရှိသည်ဟု ဆိုထားသည်။ ပြည်ပနှင့် မယှဉ်လိုသော်လည်း ထက်ဝက်ပင်မရှိသော မိမိတို့သတင်းထောက်များ၏ လစာငွေမှာ အင်မတန်သနားစဖွယ်ပင် ဖြစ်နေသေးတော့သည်။ ဝါသနာအရင်းမခံလျှင် လုံးဝ ခြေချမလာသင့်သော အလုပ်တစ်ခု ဖြစ်သည်။ ဒါနှင့်ပြီးသွားပြီလားဆိုလျှင် မပြီးသေးပါ။ မတော်တဆရေးသားမှု လွဲချော်ခဲ့လျှင် ဆင့်ကဲဆင့်ကဲ တာဝန်ယူရသည်။ ကံမကောင်းလျှင် အထက်လူကြီးက မှတ်ချက်ယူ၍ ပြစ်ချက်မှင်နီ အမှတ်ခံရသည်များလည်း ရှိသည်။ ထိုထက်ပို၍ ကံမကောင်းလျှင်တော့ သံတိုင်များနောက်သို့ပင် ရောက်သွားနိုင်သေးသည်။

ရှိစေတော့...။ ယခုလည်း သီတင်းကျွတ်တော့မည်။ အိမ်တွင် တစ်နိုင်တစ်ပိုင်လုပ်ငန်းငယ် လုပ်နေသော အစ်ကိုဖြစ်သူထံမှ သီတင်းကျွတ်လျှင် အဖေနှင့်အမေထံ ငွေသားနှင့် ကန်တော့ပစ္စည်းများ နှစ်စဉ် ပုံမှန်ရောက်လာတတ်သည်။ ကိုယ့်မှာတော့ လကုန်ပြီး မကြာသေးသည့် ကာလမှာ အနည်းငယ်သာကျန်တော့သည့် လစာငွေကို တစ်လှည့်ကြည့်၊ မထုတ်ရသေးသည့် စာမူခများ မည်မျှရမည်ဆိုသည်ကို အထပ်ထပ်အခါခါ ရေတွက်ရင်း အဖေ့ကိုလည်း အားနာသည်။ အမေ့ကိုလည်း အားနာသည်။ ရင်ထဲတွင်တော့ အဖေ့ကိုရော အမေ့ကိုပါ အထပ်ထပ်အခါခါ တောင်းပန်နေမိပါတော့သည်။ ။

# စာကြည့်တိုက်တွင် စာဖတ်ကြစို့

ခင်အောင်(ဆင်ဖြူကျွန်း)

ကျွန်တော်တို့လူငယ်များသည် လူ့ဘဝတစ်လျှောက် သင့်တင့်လျောက်ပတ်စွာနေထိုင်ဖို့ အသိဉာဏ်ပညာရှိကြရန် အထူးလိုအပ်၏။ ကျွန်တော်တို့ အသိဉာဏ်ပညာရှိမှသာ အရာရာကို အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုး စသည်တို့ကို ဝေဖန်သုံးသပ်စဉ်းစားနိုင်မည် ဖြစ်ပါသည်။ ကျွန်တော်တို့ အသိဉာဏ်ပညာကို နှလုံးသားနှင့် ဦးနှောက်အချိုးကျပေါင်းစပ်၍ အသုံးပြုသည့်အတွက် ဘဝအောင်မြင်မှုရရှိခဲ့သော် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး အတွက်ပေးအပ်လာသော တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ပေးကြရမည်ဖြစ်၏။

ကျွန်တော်တို့ စာဖတ်တတ်စေရန် အလို့ငှာ စာရေးစာဖတ်အခြေခံကို သင်ကြားပေးသော အခြေခံပညာစာသင်ကျောင်းများသို့ သွား၍ ငယ်စဉ်ကတည်းက သင်ယူကြရမည်ဖြစ်၏။ သို့သော် ကျွန်တော်တို့သည် အခြေအနေအမျိုးမျိုးကြောင့်သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့်သော်လည်းကောင်း ကျောင်းသင်ပညာသင်ယူခွင့် ဆုံးရှုံးနိုင်ကြ၏။ ၂၁ ရာစုတွင်ကား စာရေးသူတို့၏ တိုင်းပြည်တွင် ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများ နေရာအနှံ့အပြားတွင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ကြောင့် ကျွန်တော်တို့ကျောင်းသင်ပညာ သင်ယူခွင့်ဆုံးရှုံးခဲ့သော် ကျောင်းပြင်ပ ပညာသင်ပေးရာ နေရာများတွင် တက်ရောက်သင်ယူနိုင်ကြပေသည်။ ကျွန်တော်တို့ ပညာသင်ယူရာတွင် အသက်အရွယ်မရွေး၊ လူမျိုးဘာသာမရွေး၊ အဆင့်အတန်း မခွဲခြားဘဲ သင်ယူနိုင်ကြပေသည်။

ကျွန်တော်တို့တွင်ရှိနေသော ပညာရွှေအိုးကို အခြားသူများ လုမယူနိုင်ပေ။ ကျွန်တော်တို့လူငယ်အများစုသည် မိသားစု စားဝတ်နေရေးအခြေအနေကြောင့် အလုပ်လုပ်ကြရန် စာရေးတတ်ဖတ်တတ်စ အရွယ်ကပင် အလုပ်လုပ်ရန် ကျောင်းထွက်ကြရ၏။ စီးပွားရေးအတွက် ဝင်ငွေကို ကျွန်တော်တို့ ကျန်းမာနေလျှင် အချိန်မရွေး ရှာနိုင်သကဲ့သို့ ပညာကိုလည်း အချိန်မရွေး၊ အသက်အရွယ်မရွေး သင်ယူနိုင်ကြ၏။ ထိုသို့ ကျွန်တော်တို့အတွက် အသိဉာဏ်ပညာကို ဖြည့်ဆည်းပေးနိုင်သော တစ်ခုတည်းသောနေရာတစ်ခုမှာ စာကြည့်တိုက်ပင်ဖြစ်ပါသည်။

၂၁ ရာစုတွင်ကား ကမ္ဘာပေါ်ရှိ နိုင်ငံများစွာတို့သည် ဖွံ့ဖြိုးတိုးတက်နေကြပေသည်။ ကျွန်တော်တို့မြန်မာနိုင်ငံသည်လည်း ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ အကြောင်းမူကား ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများတွင် ခေတ်မီလှပသော စာကြည့်တိုက်များ ရှိနေ၏။ စာကြည့်တိုက်များသည် အသိဉာဏ်ပညာနှင့်ဗဟုသုတများစွာတို့ကို ဖြည့်ဆည်းပေးသည့်အတွက် တီထွင်ဆန်းသစ်သော အသိဉာဏ်ပညာအမြင်ဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးခြင်းများကြောင့် ဖွံ့ဖြိုးတိုးတက်နေကြသည်ဟု စာရေးသူ မြင်မိပါသည်။ စာရေးသူတို့နိုင်ငံသည်လည်း ဖွံ့ဖြိုးတိုးတက်ရန် လမ်းများပွင့်နေပေသည်။ ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများအပြင် စာကြည့်တိုက်လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများရှိစာကြည့်တိုက်များတွင် အရေးအသားကောင်းမွန်သော နိုင်ငံတကာမှစာရေးဆရာများ၏ စာအုပ်များရှိ၏။ ထိုသို့စာအုပ်များစွာ ရှိနေသည့်အလျောက် စာကြည့်တိုက်များတွင် စာဖတ်သူများ ပြည့်နှက်လျက်ရှိ၏။

အချို့သော နိုင်ငံများတွင် ခေတ်မီသော ကျောင်းသင်ပညာရေးစနစ်နှင့် ခေတ်မီသော စာကြည့်တိုက်များ ရှိနေသောကြောင့် ပို၍ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများသို့ ပညာတော်သင်များ စေလွှတ်ကြ၏။ ပညာတော်သင်များသည်လည်း ပညာအခြေခံပြည့်ဝ၍ ပညာရေးတွင် အခြားသော နိုင်ငံများထက် အောက်မကျပေ။ အတတ်ပညာ၊ နည်းပညာများကို အခြားသောနိုင်ငံများနှင့် ရင်ပေါင်တန်းကာ တီထွင်ဖန်တီးနိုင်ကြ၏။ စာရေးသူတို့ နိုင်ငံတွင်လည်း ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများသို့သွား၍ ပညာတော်သင်များ တက်ရောက်သင်ယူနိုင်ကြပေသည်။ ထိုသို့ ပညာတော်သင်သွားရောက်သင်ယူကြသော ကျောင်းသားများသည် ကျောင်းသင်ပညာများအပြင် စာကြည့်တိုက်သို့ သွား၍ ဗဟုသုတများစွာရရှိသော စာအုပ်စာပေများကို ဖတ်ရှုလေ့လာကြပေသည်။ စာရေးသူမြင်မိသည်မှာ ပညာတော်သင်စေလွှတ်ခံရသော ကျောင်းသားများသည် စာဖတ်ကြသူများ ဖြစ်ပေသည်။ အားလပ်သည့်အချိန်များတွင် စာကြည့်တိုက်တွင် ရှိနေကြသူများဖြစ်ပါသည်။ စာရေးသူတို့နိုင်ငံတွင်လည်း နိုင်ငံတော်၏ လမ်းညွှန်ပေးမှုဖြင့် ကျေးရွာ၊ ရပ်ကွက်၊ မြို့များတွင် စာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်ပေးနေပါသည်။ သို့သော် စာကြည့်တိုက်များတွင် စာဖတ်သူများ ရှိနေသကဲ့သို့ စာမဖတ်သူများလည်း ရှိနေပေသည်။ အချို့သော ကျွန်တော်တို့ လူငယ်များသည် ဖုန်းများဖြင့်သာ အချိန်ကုန်နေပေသည်။

စာကြည့်တိုက်သည် ကျွန်တော်တို့လိုအပ်နေသော အသိဉာဏ်ပညာဗဟုသုတများကို ကျွေးမွေးပေးနိုင်၏။ တစ်နည်းအားဖြင့် စာကြည့်တိုက်သည် ဗဟုသုတ ဟင်းလေးအိုးကြီး ဖြစ်ပါသည်။ ပညာသည် အရာရာကို ဆင်ခြင်သုံးသပ်ဝေဖန်ပေးနိုင်၏။ ထို့ကြောင့် ကျွန်တော်တို့ အသိရှိစေရန်၊ ပညာဗဟုသုတပြည့်ဝစေရန် စာဖတ်ကြရပေမည်။

ကျွန်တော်တို့ စာအုပ်စာပေများ၏ စွမ်းအားသည် ကြီးမားကျယ်ပြန့်လှ၏။ စာအုပ်စာပေများရှိရာ စာကြည့်တိုက်သည် ပညာများစွာကို သိုမှီးသိမ်းဆည်းထားသော စာပေဘဏ္ဍာတိုက်ကြီးပင်ဖြစ်ပါသည်။ သို့သော် စာကြည့်တိုက်တွင် စာအုပ်များရှိနေ၍မရပေ။ စာဖတ်သူများရှိနေရပေမည်။ သို့ဖြစ်၍ ကျွန်တော်တို့အားလုံး အလုပ်အားလပ်သည့် အချိန်များတွင် စာကြည့်တိုက်သို့သွား၍ စာဖတ်ကြရပေမည်။ မှတ်သားကြရပေမည်။ ရရှိလာသော ဗဟုသုတများကို ကျွန်တော်တို့ ဝင်ရောက်လုပ်ကိုင်နေသော အလုပ်ခွင်တွင် လက်တွေ့အသုံးချကြရပေမည်။ စာကြည့်တိုက်ဟူသည် စာဖတ်သူများရှိနေမှသာ တင့်တယ်၏။

"စာအုပ်စာပေ၊ လူ့မိတ်ဆွေ" ဟူ၍ ဆိုရိုးစကားရှိပါသည်။ ကျွန်တော်တို့ စာအုပ်စာပေများကို အမြဲပေါင်းသင်းဆက်ဆံသင့်၏။ စာအုပ်စာပေသည်သာ ကျွန်တော်တို့အတွက် ထာဝရမိတ်ဆွေပင်ဖြစ်ပါသည်။ ကျွန်တော်တို့ ဘဝ၏ အခက်အခဲများကြောင့် စိတ်ဓာတ်ကျခြင်း၊ အားငယ်လာခြင်းများ ကြုံတွေ့လာရချိန်တွင် စိတ်ဓာတ်ခွန်အားပေး၍ အားပေးနှစ်သိမ့်ပေးသောအရာမှာ စာအုပ်စာပေပင်ဖြစ်ပါသည်။ ထိုအချိန်တွင် စာအုပ်စာပေ ဖတ်ရှုလေ့လာသည့်အတွက် အခက်အခဲများကို ဖြေရှင်းရန်နည်းလမ်းများ၊ စိတ်စွမ်းအားများ စသည်တို့ ရရှိ၏။

ထို့အပြင် ကျွန်တော်တို့ စာအုပ်စာပေ ဖတ်ရှုလေ့လာရာတွင် စာအုပ်စာပေကောင်းများကို ရွေးချယ်ဖတ်ရှုရန် လိုအပ်၏။ ကျွန်တော်တို့ ဝါသနာပါရာ လက်ရှိလုပ်ကိုင်နေသော အလုပ်နှင့်သင့်တော်သည့် စာအုပ်စာပေများကို အဓိကထား၍ ဖတ်ရှုလေ့လာကြရမည်ဖြစ်ပါသည်။ ကျွန်တော်တို့ စာအုပ်စာပေ ဖတ်ရှုလေ့လာရာတွင် မှတ်သားသင့်သည့် အရာများကို မှတ်သား၍ လုပ်ငန်းခွင်လက်တွေ့နယ်ပယ်တွင် အသုံးချရမည်ဖြစ်၏။ သို့မှသာ အကျိုးရှိပေမည်။

> ''စာအုပ်စာပေဖတ်ရှုလေ့လာရာတွင် စာအုပ်စာပေကောင်းများကို ရွေးချယ်ဖတ်ရှုရန် လိုအပ်၏။ ကျွန်တော်တို့ ဝါသနာပါရာ လက်ရှိလုပ်ကိုင်နေသော အလုပ်နှင့်သင့်တော်သည့် စာအုပ်စာပေများကို အဓိကထား၍ ဖတ်ရှုလေ့လာကြရမည် ဖြစ်ပါသည်။ ကျွန်တော်တို့ စာအုပ်စာပေ ဖတ်ရှုလေ့လာရာတွင် မှတ်သားသင့်သည့် အရာများကို မှတ်သား၍ လုပ်ငန်းခွင်လက်တွေ့နယ်ပယ်တွင် အသုံးချရမည်ဖြစ်၏။ သို့မှသာ အကျိုးရှိပေမည် ''

ကျွမ်တော်တို့ စာအုပ်စာပေကောင်းများကို ရွေးချယ်ဖတ်ရှုလေ့လာခြင်းသည် စာပေအပေါ် ဂရုစိုက်မှုနှင့် စိတ်ဝင်စားမှုကို တိုးတက်စေ၏။ ကျွန်တော်တို့ လူငယ်များသည် စာပေအပေါ် ဂရုစိုက်မှုနှင့် စိတ်ဝင်စားမှု ရှိလာသောအခါ စာအုပ်စာပေကို မြတ်နိုးတန်ဖိုးထားတတ်လာ၍ စာဖတ်ခြင်းတွင် နှစ်ခြိုက်လာမည်ဖြစ်၏။ စာမဖတ်ကြသော လူငယ်အများစုသည် ယဉ်ကျေးမှု မရှိသူ၊ ရိုင်းစိုင်းသူများ ဖြစ်တတ်ကြ၏။ ထို့ကြောင့် ကျွန်တော်တို့လူငယ်များသည် လိမ္မာယဉ်ကျေးပြီ ပညာတတ်သူများဖြစ်လာစေရန် လူကြီးမိဘဆရာများ၏ သွန်သင်ဆုံးမမှုကို ခံယူကြရမည့်အပြင် စာကြည့်တိုက်သို့ သွား၍လည်း စာအုပ်စာပေဖတ်ရှုလေ့လာကာ ကြိုးစားပြုပြင်ကြရမည်ဖြစ်၏။

ကျွန်တော်တို့ စာအုပ်စာပေ ဖတ်ရှုလေ့လာခြင်းဖြင့် ကောင်းမွန်သော အသိနှင့်အကျင့်ကို ရရှိစေနိုင်ပါသည်။ သို့သော်လည်း အသိသည် အသိသာဖြစ်၍ လက်တွေ့ကျင့်သုံးခြင်းမရှိလျှင် အကျိုးမရှိပေ။ လက်တွေ့ကျင့်သုံးမှသာလျှင် ကောင်းမွန်သောအသိအဖြစ် ပြောင်းလဲကာ အကျိုးရှိမည်ဖြစ်၏။ ထို့ကြောင့်ပင် ရာဖ်ဝေါ်လယ်ဒါအီမာဆင်က "ကိုယ့်မှာပြင်စရာရှိတာ ပြင်ဖို့စာဖတ်ပါ" ဟူ၍ မိန့်ဆိုခဲ့သည်။ ထို့အပြင် "ဖတ်ပြီးနောက် စဉ်းစားပါ၊ ပြီးလျှင် ဆက်ဖတ်ပါ"ဟူ၍ အားနက်စ်ဝုဒ်စ်က ဆိုခဲ့သည်။ သို့ဖြစ်၍ ကျွန်တော်တို့ လူငယ်များ စာအုပ်စာပေဖတ်ရှုလေ့လာ၍ မှတ်သားရမည်။ ကျင့်သုံးရမည်။ လိုက်နာရမည်။

ကျွန်တော်တို့ စာအုပ်စာပေဖတ်ရှုလေ့လာခြင်းသည် ဘဝ၏ တိုးတက်ရေးကို ဖွင့်လှစ်ခြင်းပင်ဖြစ်ပါသည်။ ကျွန်တော်တို့ အသိပညာနှင့် အတတ်ပညာတို့ ပေါင်းစပ်ကာ ဘဝအောင်မြင်မှုကို တည်ဆောက်ကြရမည်ဖြစ်၏။ ထိုအောင်မြင်မှုဖြင့်ပင် ကျွန်တော်တို့နေထိုင်ရာ နိုင်ငံ၏စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ပညာရေး စသည်တို့ကို အားသွန်ခွန်စိုက် ဆောင်ရွက်ပေးကြရမည်ဖြစ်၏။ ကျွန်တော်တို့ စာပေကိုမြှင့်တင်မှ လူမျိုးမြင့်ပေမည်။ စာဖတ်သူသည် စာမဖတ်သူထက် ခေါင်းတစ်လုံးပိုမြင့်ဆဲဖြစ်၏။ စင်ကာပူနိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးခဲ့သော ဝန်ကြီးချုပ် လီကွမ်ယုသည် စာပေသမားဖြစ်၏။ ထို့အတူပင် ကျွန်တော်တို့မြန်မာနိုင်ငံ လွတ်လပ်ရေးရအောင် လုပ်ဆောင်ပေးခဲ့သော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် စာပေသမားပင် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်တော်တို့ လူငယ်များ အများအကျိုးသယ်ပိုးဆောင်ရွက်ပေးနိုင်ရန် အလို့ငှာ ယနေ့မှစ၍အားလပ်သည့် အချိန်များတွင် "စာဖတ်ကြပါစို့" ဟု အကြံပြုချင်ပါသည်။

စာကြည့်တိုက်သည် စာအုပ်စာပေထားရှိရာ နေရာဖြစ်ပါသည်။ ထို့ကြောင့် စာကြည့်တိုက်တွင် စာဖတ်သူများ ရှိမှသာလျှင် စာအုပ်စာပေထားရှိခြင်းအတွက် အကျိုးများစွာ ရရှိပေမည်။ စာကြည့်တိုက်ဟူသည် ပညာဗဟုသုတ ရှာဖွေလိုသူများ လွတ်လပ်စွာတက်ရောက်သင်ယူနိုင်သော လူထုတက္ကသိုလ်ကြီးဖြစ်ပါသည်။ "အသိပညာ ကမ္ဘာ" ဟု တင်စားပြောဆိုကြသော စာကြည့်တိုက်သည် ကျွန်တော်တို့အတွက် မရှိမဖြစ် လိုအပ်၏။ ထို့ကြောင့်ပင် နိုင်ငံတော်မှ စာသင်ကျောင်းများနှင့် မြို့၊ ရပ်ကွက်၊ ကျေးရွာများတွင် စာဖတ်ရှိန်မြှင့်တင်ပေးသည့်အနေဖြင့် စာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကျွန်တော်တို့ စာအုပ်စာပေဖတ်ရှုလေ့လာခြင်းဖြင့် လူသားတစ်ဦးစီ၏ အသိဉာဏ်ပညာ တိုးတက်လာသည်နှင့်အမျှ ကျွန်တော်တို့၏ နိုင်ငံသည်လည်း တိုးတက်လာပေမည်။ အတိတ်၊ သမိုင်းနှင့်ပညာရေး ဒဿနများကို စာကြည့်တိုက်များကသာ မျိုးဆက်တစ်ဆက်မှ တစ်ဆက်သို့ လက်ဆင့်ကမ်းပေးနိုင်၏။ သို့ဖြစ်၍ ကျွန်တော်တို့ လူငယ်များသည် အတူတကွ စာကြည့်တိုက်များ ဖန်တီး၍ စာအုပ်စာပေများထားရှိကာ စာအုပ်စာပေဖတ်ရှုလေ့လာကြပါစို့ ဟု အကြံပြုရေးသားတင်ပြလိုက်ရပါသည်။ ။